# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၈၀]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-လာအို သံတမန် နှစ်(၆၀)ပြည့် သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၁၂

၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခါ သမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

"အရေးပေါ်အခြေအနေတွင် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်လူရွယ်များအတွက် လိုအပ်ချက်များကို အထူးအလေးပေးကူညီဆောင်ရွက်ကြရန်လို"

စာမျက်နှာ ➢ ၃



## ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်ကားလမ်း မော်လမြိုင်-မလွဲတောင်အပိုင်းဆောင်ရွက်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

မော်လမြိုင် ဇူလိုင် ၁၁

မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နယ်စပ်ဒေသအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ပြည်သူများသွားလာရေးကို ရှေးရှု၍ နိုင်ငံတော်အစိုးရက လမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ ရှိပြီးလမ်းများ အဆင့်မြှင့်တင်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသောကြောင့် ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာနတစ်ခုတည်းပိုင်လမ်း မိုင်ပေါင်း ၂၅၂၁၁ မိုင် ၆ ဒသမ ၅ ဖာလုံအထိ ရှိနေပြီဟု သိရသည်။

စာမျက်နှာ ၇ ကော်လံ ၅ ◆



မလွဲတောင်ကားလမ်းကို စက်ကြီးများဖြင့် ၃၄ ပေ ချဲ့နေစဉ်။

### မြန်မာ့အလင်း မာတိကာ

ယီမင်တွင် ယာယီစစ်ပြေငြိမ်းထားသော်လည်း လက်နက်ကြီးများနှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိ

စာမျက်နှာ » ၄

အမေရိကန်၏ လုံခြုံရေးထီးရိပ်အောက်မှ ရုန်းထွက်ရန်ကြိုးပမ်းလာသည့် ဂျပန်၏ လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်း

စာမျက်နှာ » ၅

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

စာမျက်နှာ » ၇




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးအသီးအပွင့်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကြာ တိုင်းရင်းသား လက်နက်ကိုင် ပြည်တွင်းရေးပဋိပက္ခသည် ခေါင်းဆောင်အသီးသီး၏ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံရေးစေတနာမှန်ကန်မှုတို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲချုပ်ငြိမ်းကာ ထာဝရငြိမ်းချမ်းရေးဆီသို့ အရောက်လှမ်းနိုင်ရန် ဦးတည်နေပြီဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် အလုံးစုံချုပ်ငြိမ်းကာ ငြိမ်းချမ်းရေးအသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သာတူညီမျှ ခံစားနိုင်တော့မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇွန်လ ကုန်ရေဒီယိုမိန့်ခွန်းတွင် “ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ယခင်က မရခဲ့ဖူးသေးတဲ့ အောင်မြင်မှုနှစ်ခုကိုလည်း ရရှိခဲ့ပါတယ်။ ဒါတွေကတော့ လက်နက်ကိုင် ပဋိပက္ခများသည် နိုင်ငံရေး ပြဿနာဖြစ်တဲ့အတွက် နိုင်ငံရေးနည်းလမ်းနဲ့သာ အဖြေရှာ ဆွေးနွေးဖို့နဲ့ တိုင်းရင်းသားများရဲ့ တန်းတူရည်တူရှိမှုအတွက် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည် ဆောက်ရေးဆိုတဲ့ နိုင်ငံရေးအခြေခံမူနှစ်ခုပဲ ဖြစ်ပါတယ်။ အစိုးရ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များရဲ့ ကိုယ်စားလှယ်များဟာ အကြိမ်ပေါင်းများစွာ အကျေ အလည်ဆွေးနွေးပြီး ဒီသဘောတူညီချက်များကို ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အခုနောက်ဆုံးရရှိထားတဲ့ တစ်နိုင်ငံလုံး ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်(မူကြမ်း) ဟာ အထက်ပါရရှိပြီးဖြစ်တဲ့ အောင်မြင်မှုတို့ကို ခိုင်မြဲအောင် အထောက်အကူပြုမှု ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ဒီအဆင့် အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းပေးခဲ့ကြတဲ့ ခေါင်းဆောင် အသီးသီးရဲ့နိုင်ငံရေးစေတနာကို လေးစားတဲ့အတွက် ဒီ NCA စာချုပ်ကို ရွေးကောက်ပွဲမတိုင်မီ လက်မှတ်ရေးထိုးနိုင်ဖို့ ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်”ဟု ထည့်သွင်းပြောကြား ခဲ့ပါသည်။

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် ပဓာနအကျ ဆုံးဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုရှိပါမှ အစစအရာရာ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက် လာနိုင်မည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ကျယ် ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး အသီးအပွင့်များကို သာတူညီမျှခံစားနိုင်ကြမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု ရလဒ်များကြောင့် ယခုအခါ မြန်မာနိုင်ငံတွင် တစ်ချိန်က မငြိမ်းချမ်းခဲ့သော ဒေသအများအပြား တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်ပါသည်။ ထင်ရှားသော ဒေသတစ်ခုကို ပြပါဆိုလျှင် ကရင်ပြည်နယ်အတွင်းရှိ ကေအင်န်ယူ ဒေသများပင် ဖြစ်ပါသည်။ တစ်ချိန်က စစ်မြေပြင်၊ စစ်စခန်းများ ဖြစ်ခဲ့သော ဤဒေသများသည် ယခုအခါ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြများအဖြစ် ပြောင်းလဲလာနေပြီဖြစ်ပါသည်။ ဒေသခံပြည်သူ များတည်ငြိမ်အေးချမ်းစွာ အသက်မွေးဝမ်းကျောင်း ပြုနိုင်ကြ မည် ဖြစ်ပါသည်။ ဤသည်မှာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု၏ အသီးအပွင့်များပင် ဖြစ်ပါသည်။ သို့ဖြစ်၍ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ထာဝရချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ငြိမ်းချမ်းရေးအသီးအပွင့်များကို တိုင်းရင်းသား ညီအစ်ကိုများအားလုံး သာတူညီမျှ မျှဝေခံစားနိုင် တော့မည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊**
**မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

## ရခိုင်ပြည်နယ် ဝန်ကြီးချုပ် အမ်း-တောင်ကုတ်ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**တောင်ကုတ် ဇူလိုင် ၁၁**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ် အစိုးရဝန်ကြီးများနှင့်အတူ ဇူလိုင် ၈ ရက်က အမ်း-မအီကားလမ်း ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးရာ အမ်း-မအီ ကား လမ်းပိုင်းမိုင်တိုင်အမှတ်(၂၁ မိုင် ၅-၆) ရှိ ပဒေးကြောတံတားကိုလည်း ကောင်း၊ ငှက်ပျောချောင်း တံတား မိုင်တိုင်အမှတ် (၁၄ မိုင် ၅-၆) ကို လည်းကောင်း ယာဉ်များသွားလာမှု အဆင်ပြေစေရန်အတွက် တံတားများ ကြံ့ခိုင်မှုနှင့် ပြန်လည်ပြုပြင်ထားရှိမှု များကို ကြည့်ရှုစစ်ဆေးပြီး ကောင်းမွန်စွာ ပြုပြင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့သို့ ရောက်ရှိပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အထက(၁) တောင်ကုတ် ပေ (၂၁၀×၃၀) အာရ်စီ နှစ်ထပ် ကျောင်းဆောင်သစ်ကို သွားရောက် ဖွင့်လှစ်ပေးခဲ့သည်။

တောင်ကုတ်မြို့နယ် မြို့နယ် ခန်းမ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်း အနားသို့တက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ် နှင့်အဖွဲ့က ခြောက်ဘာသာ ဂုဏ်ထူး ရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ် ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံး ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူး ရှင် များအား ဆုများချီးမြှင့်ခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

## စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၁**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၅ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပ ရပ်ကွက် အမှတ် (၁၃) အခြေခံ ပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး ဦးဆောင်၍ ဥတ္တရခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစွန်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျွန်း၊ မဲဇလီ၊ ကုက္ကို၊ စိန်ပန်း၊ ခရေ စုစုပေါင်းအပင် ၃၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**






## ခွင့်ပြုငွေကျပ်သန်း ၅၀၀ ကျော်ဖြင့် ပုလဲမြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည်

**ပုလဲ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်ရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဘဝမြင့်မားလာစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၉၉ ဒသမ ၀၅ သန်း ခွင့်ပြုပေးရာ အဆိုပါရန်ပုံငွေကို လမ်းတံတားတည်ဆောက်ရေး၊ ရေရရှိရေး၊ ကျေးလက် မီးလင်းရေးနှင့် ကျန်းမာရေး စသည့်ကဏ္ဍတို့အတွက် အသုံးပြုမည် ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၄၃၃ သန်းကို ကျောက်ချောလမ်း ခင်းခြင်း တစ်ခုနှင့် ငွေကျပ် ၈၉ ဒသမ ၅၅ သန်းကို စက်ရေတွင်းတူးခြင်းလုပ်ငန်း ကိုးခု၊ ငွေကျပ် ၇၄ ဒသမ ၂ သန်းကို ကျေးလက်မီးလင်းရေး၊ ငွေကျပ် ၂ ဒသမ ၃ သန်းကို နှစ်ခန်းတွဲအိမ်သာတည်ဆောက်ရေးအတွက် အသုံးပြုမည်ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးက ပြောသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၇-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၂၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၉ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၀၉ |

ခင်ရတနာ-စုစည်းသည်။

# အရေးပေါ်အခြေအနေတွင် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်လူရွယ်များအတွက် လိုအပ်ချက်များကို အထူးအလေးပေးဆောင်ရွက်




**နေပြည်တော် ဇူလိုင် ၁၁**

လူဦးရေဆိုင်ရာလုပ်ငန်းများကို အသိပညာပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လူဦးရေသန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ်မှစတင်ပြီး ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ **"Vulnerable Populations in Emergencies" "ထိခိုက်လွယ်သူ၊ ဖေးမကူ၊ အရေးပေါ်ဟူက စောင့်ရှောက်ကြ"** ဟူ၍ ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့တွင် အဓိကပေးလိုသည့် သတင်းအချက်အလက်မှာ **"အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဂုဏ်သိက္ခာ၊ လုံခြုံမှုနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်တိုင်းရရှိရေးနှင့် အမျိုးသမီးတစ်ဦး၏ အသက်တစ်ချောင်းသည် မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို ခြွင်းချက်မရှိ တန်ဖိုးရှိနေစေရမည်"** ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဒုတိယသမ္မတက အရေးပေါ်အခြေအနေကျရောက်ချိန်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပိုမိုထိခိုက်နိုင်ပြီး ယင်းတို့၏အမှန်တကယ် လိုအပ်ချက်များကို လျစ်လျူရှုခံနေရပါကြောင်း၊ ယနေ့ကမ္ဘာ့လူဦးရေမှာ သန်း ၇၃၀၀ ကျော်ရှိပြီး လူဦးရေတိုးတက်မှုနှင့် အတူစိန်ခေါ်မှုများစွာရှိနေပါကြောင်း၊ အရေးပေါ်အခြေအနေများတွင် မျိုးဆက်ပွားကျန်းမာရေးပြဿနာများကြောင့် အမျိုးသမီးများမှာ အများဆုံးထိခိုက်ခံစားရကြောင်း၊ လေ့လာတွေ့ရှိချက်အရ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရသည့် လူဦးရေ၏ ၄ ရာခိုင်နှုန်းခန့်မှာ ကိုယ်ဝန်ရှိလာနိုင်ပြီး ၁၅ ရာခိုင်နှုန်းခန့်မှာ ရှုပ်ထွေးသည့် မျိုးဆက်ပွားကျန်းမာရေး ပြဿနာများနှင့် ကြုံတွေ့ရသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာ့နေရာ အနှံ့အပြား၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခအငြင်းပွားမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူဦးရေသန်း ၅၀ ကျော်မှာ ၎င်းတို့၏နေအိမ်မှ ထွက်ပြေးတိမ်းရှောင်နေကြရပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်သည့် လူဦးရေ၏လေးပုံသုံးပုံမှာ အမျိုးသမီးများနှင့်ကလေးများပင်ဖြစ်ပြီး လာမည့်နှစ်တွင် ၇၈ သန်းအထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားပါကြောင်း။

သို့ဖြစ်၍ အရေးပေါ်အခြေအနေတွင် အမျိုးသမီးများ၊ ကလေးများနှင့်လူငယ်လူရွယ်များအတွက် လိုအပ်ချက်များကို အထူးအလေးပေး ကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ခုနှစ်တွင် နှစ်ပေါင်း ၃၀ ကျော်ကြာ မကောက်ယူနိုင်ခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်သည့်အတွက် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကရရှိသည့် သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၉ သိန်းကျော်ရှိပြီး မွေးဖွားမှုပြဿနာကြောင့် သေဆုံးရသည့်မိခင် ၂၀၀၀ ကျော်ခန့်ရှိသည်ဟု သိရှိရပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းတွင် အရှင်မွေးကလေး ၁၀၀၀ တွင် ၆၂ ဦး သေဆုံးသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကိုယ်ဝန်ဆောင် မိခင်နှင့်ကလေး သေဆုံးနှုန်း မြင့်မားနေဆဲဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများ၊ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုအလေးထား ဆောင်ရွက်ပေးရမည် ဆိုသည်မှာ ပေါ်လွင်ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၄ ခုနှစ်တွင် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သည့် **"ထိခိုက်လွယ်သူ၊ ဖေးမကူ၊ အရေးပေါ်ဟူက စောင့်ရှောက်ကြ"** နှင့် ဆက်စပ်သည့် **ဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)** တို့မှ ဆောင်ရွက်နေသောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson က ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့မှ လူဦးရေနှင့် သန်းခေါင်စာရင်းဆိုင်ရာ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(ဝဲပုံ)**



ယနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာ-လာအို သံတမန်ဆက်သွယ်ထူထောင်မှု နှစ်(၆၀) ပြည့် အထိမ်းအမှတ် သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ထောင်လွန်း ဆီဆုလစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးသူရိန်သန့်ဇင်အား ခန့်အပ်ပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်အား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးစံလွင်အား ခန့်အပ်ပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေမည်။**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်ရှိသည်။**

# နိုင်ဂျီးရီးယား ရေနံပိုက်လိုင်းပေါက်ကွဲ အနည်းဆုံး ၁၂ ဦးသေဆုံး



**အာဘူဒါဘီ ဇူလိုင် ၁၁**

နိုင်ဂျီးရီးယားနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် အီတလီအခြေစိုက် ရေနံကုမ္ပဏီတစ်ခုက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်စဉ် ရေနံပိုက်လိုင်းပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၂ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများကပြောသည်။ အဆိုပါဖြစ်စဉ်သည် နိုင်ဂျီးရီးယားတောင်ပိုင်း ဘာရီဆာပြည်နယ် အဇူဇူမားမြို့အနီး ဘီဘိုက်ဒ့ါဘားကလောက်ချောင်းပေါ်ရှိ ရေနံပိုက်လိုင်းကို အီတလီအခြေစိုက်အီနီကုမ္ပဏီက ဇူလိုင် ၉ ရက်က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်စဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရေနံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သေဆုံးသူအလောင်းလေးလောင်းကို သောကြာနေ့က အဆိုပါမြစ်အတွင်း မျောပါလာသည်ကိုတွေ့ရကြောင်း၊ သေဆုံးသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဒေသခံများကပြောသည်။ သို့သော်လည်း အနည်းဆုံး ၁၂ ဦး သေဆုံးသည်ကို အတည်ပြုနိုင်ပြီဖြစ်ကြောင်း၊ ဒဏ်ရာရသူသုံးဦးရှိကြောင်း အဆိုပါရေနံကုမ္ပဏီက ပြောသည်။

ပျက်စီးနေသော ရေနံပိုက်လိုင်းကို ပြုပြင်မှုဆောင်ရွက်စဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ အီနီကုမ္ပဏီသည် နိုင်ဂျီးရီးယားနိုင်ငံပိုင် အမျိုးသားရေနံဓာတုကော်ပိုရေးရှင်းနှင့် ဖက်စပ်လုပ်ကိုင်နေခြင်းဖြစ်သည်။

**(ဆင်ဟွာ)**



# ယီမင်တွင် ယာယီ စစ်ပြေငြိမ်းထားသော်လည်း လက်နက်ကြီးများနှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိ

**ဆားနား ဇူလိုင် ၁၁**

ယီမင်နိုင်ငံရှိ စစ်ဒဏ်ခံမြို့ပေါင်းများစွာတွင် ဆော်ဒီဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေရသည်ဟု ဒေသခံများက စနေနေ့တွင် ပြောခဲ့သည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် သန်းခေါင်ယံမတိုင်မီ သဘောတူညီထားသော ကုလသမဂ္ဂလူ့အခွင့်အရေးအရ ယာယီစစ်ပြေငြိမ်းရေးကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ပြည်တွင်းစစ်နှင့် ဗုံးကြဲတိုက်ခိုက်မှုများကို သုံးလကြာခံစားနေရသော တိုင်းပြည်အတွင်းရှိ ၂၁ သန်းသောပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများ ကူညီထောက်ပံ့ရန်အတွက် ကုလသမဂ္ဂ ကိုယ်စားလှယ်များက စစ်ပွဲကိုခေတ္တရပ်ဆိုင်းရန် မေတ္တာရပ်ခံခဲ့သည်။

မြို့တော်ဆာနားနှင့် အခိုင်အမာတပ်စွဲထားသည့် တောင်ပိုင်းမြို့တော်များဖြစ်သည့် အေဒင်နှင့် တိုင်ရက်ရှိ ယီမင်နှင့် ဟိုသီတပ်ဖွဲ့များကြားတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ထိုနေရာများ၌ တိုက်ခိုက်ရေးသမားများနှင့် ဒေသခံစစ်သွေးကြွများကြား လက်နက်ကြီးများနှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

တိုင်းပြည်အတွင်း စစ်ဒဏ်ကို အများဆုံးခံစားရသော မြို့ဖြစ်သည့် အေဒင်မြို့တွင် ဟိုသီတပ်ဖွဲ့ဝင်များက စက်သေနတ်များ၊ ဒုံးကျည်များဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မြောက်ပိုင်းဒေသများကို အခြေပြုထားသော ရန်ဘက်တိုက်ခိုက်ရေးသမားများထံသို့ ပစ်ခတ်လျက်ရှိကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

**(ရိုက်တာ)**

# အီဘိုလာကူးစက်နိုင်ငံများ ပြန်လည်ထူထောင်ရေး အီးယူယူရို သန်း ၄၅၀ ကတိကဝတ်ပြု

**ဂျီနီဗာ ဇူလိုင် ၁၁**

ဥရောပကော်မရှင်က အီဘိုလာရောဂါ အများဆုံးကူးစက်ခံခဲ့ရသည့် ဂီနီ၊ ဆီရာလီယွန်းနှင့် လိုက်ဘေးရီးယားနိုင်ငံများ ပြန်လည်ထူထောင်ရေးတွင် ယူရိုသန်း ၄၅၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီးယူကိုယ်စားလှယ်နှင့် ဂျီနီဗာရှိ အခြားနိုင်ငံတကာအဖွဲ့အစည်းများက သောကြာနေ့တွင် ပြောသည်။

ဂျီနီဗာရောက် အီးယူကိုယ်စားလှယ်အဖွဲ့၏ ထုတ်ပြန်ချက်အရ ဆီရာလီယွန်းက ယူရို ၁၇၁ ဒသမ ၄ သန်း၊ လိုက်ဘေးရီးယားက ယူရို ၁၁၂ သန်းနှင့် ဂီနီက ယူရို ၁၄၈ ဒသမ ၉ သန်းအသီးသီး ရရှိလိမ့်မည်ဟု ဆိုသည်။

ထို့အပြင် အခြားယူရို ရှစ်သန်းစီကိုလည်း အီဘိုလာရောဂါဖြစ်ပွားသော နိုင်ငံများအားလုံးသို့ နိုင်ငံ၏စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ပေးအပ်သွားမည်ဟု ဆိုသည်။

အဆိုပါထောက်ပံ့ပေးမှုသည် ယင်းနိုင်ငံများ၏ ကာလရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေလိမ့်မည်ဟု ဆိုသည်။ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ စီးပွားရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် အထောက်အပံ့ ဖြစ်စေရန်အတွက် ဖြစ်သည်ဟု ဆိုသည်။

အီးယူကိုယ်စားလှယ်၏အဆိုအရ အဆိုပါရန်ပုံငွေသစ်သည် အီးယူက အီဘိုလာတိုက်ဖျက်ရေးအတွက် ထောက်ပံ့ပေးသော ယူရို ၈၆၉ သန်းအထိ ရှိလာလိမ့်မည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# ကျောင်းသား ၁၃၀၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

**မနီလာ ဇူလိုင် ၁၁**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းပြည်နယ်တစ်ခုတွင် ကျောင်းသား ၁၃၀၀ ကျော်တို့သည် ဒူးရင်းအရသာ သကြားလုံးများစားမိရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားပြီး ဆေးရုံတင်ပို့ခဲ့ရကြောင်း စနေနေ့က ဆင်ဟွာသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အစာအဆိပ်သင့်ကျောင်းသားများမှာ မြို့ကိုးမြို့မှ မူလတန်းအရွယ် ကျောင်းသားများဖြစ်ကြပြီး ယမန်နေ့က ပြည်တွင်းထုတ် ဒူးရင်းအရသာ သကြားလုံးများစားမိရာမှ မူးဝေ၊ အော့အန်ကာ ဆေးရုံတင်ပို့လိုက်ရခြင်းဖြစ်ကြောင်း ဒေသရဲတပ်ဖွဲ့အကြီးအကဲက ပြောသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ပြည်နယ်နှစ်ခုအတွင်းရှိ ကျောင်းများသို့ သကြားလုံးရောင်းချသူ ၁၂ ဦးကို ဖမ်းဆီးထားပြီဖြစ်သည်။

ယင်းဖြစ်စဉ်တွင် မြို့ကိုးမြို့တို့မှ ကျောင်းသားနှင့်ဆရာ အနည်းဆုံး ၁၃၅၀ တို့ အစာအဆိပ်သင့်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဓားအတွင်းဓားဖြင့် တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရ

**စင်ကျန်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျင့်တွင် စနေနေ့က ဓားကိုင်ထားသူတစ်ဦးက အမျိုးသမီးတစ်ဦးကို ဓားဖြင့်ထိုးသတ်ခဲ့ပြီး ၁၂ ဦး ကို ဒဏ်ရာရရှိစေခဲ့ကြောင်းနှင့် ယခုကဲ့သို့ ဆက်တိုက်ဆိုသလို ဓားဖြင့်တိုက်ခိုက်မှုများကြောင့် နိုင်ငံ၏လုံခြုံရေးအပေါ် အယုံအကြည်ကင်းမဲ့စေကြောင်း ဆင်ဟွာသတင်းဌာနက ပြောခဲ့သည်။

ဆေးရုံပေါ်ရှိ ဒဏ်ရာရသူအားလုံးမှာ စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း ရဲများကပြောသည်။ ဓားဖြင့်တိုက်ခိုက်သူ အမျိုးသားမှာ အသက် ၃၂ နှစ်အရွယ်ရှိပြီး အိမ်ထောင်ရေးပဋိပက္ခများကြောင့် ဒေါသထွက်ကာ အဆိုပါတိုက်ခိုက်မှုကို ကျူးလွန်ခဲ့ပုံရသည်ဟု ဆိုသည်။

ကူမင်းမြို့အနောက်တောင်ပိုင်းတွင် ၂၀၁၄ ခုနှစ်က ဘူတာရုံ၌ အစုလိုက်အပြုံလိုက် ဓားဖြင့်တိုက်ခိုက်ခံရပြီးနောက် ၃၀ သေဆုံးခဲ့သည်။

အဆိုပါဖြစ်ရပ်များအပါအဝင် တရုတ်နိုင်ငံ၌ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများကြောင့် တိုက်ခိုက်မှုများမြင့်တက်လာခဲ့သည်။

အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဆိုးရွားသည့်ရာဇဝတ်မှုများ ဖြစ်ပွားခြင်းသည် တရုတ်နိုင်ငံတွင် အလွန်ပင်ရှားပါးလှသည်။ သို့သော် မကြာသေးမီနှစ်များကစ၍ ဓား၊ ပုဆိန်အစရှိသည်တို့ကို အသုံးပြု၍ တိုက်ခိုက်မှုများမှာ ဆက်တိုက်နီးပါးမြင့်တက်လာခဲ့သည်။

**(ရိုက်တာ)**



# တရုတ်အရှေ့ပိုင်းသို့ ချန်ဟွန်းမုန်တိုင်းဝင်ရောက်

**ပေကျင်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံအရှေ့ပိုင်း စင်ကျန်းပြည်နယ်သို့ စနေနေ့မွန်းလွဲပိုင်းက ချန်ဟွန်းတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်လိမ့်မည်ဟု ခန့်မှန်းရကြောင်း တရုတ်မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါမုန်တိုင်းသည် နံနက် ၅ နာရီခန့်က နင်ဘိုဒေသ ရှန်ဟန်းမြို့မှ ၁၈၅ ကီလိုမီတာအကွာတွင် ဗဟိုပြုနေပြီး လေတိုက်နှုန်းတစ်စက္ကန့် ၅၂ မီတာနှုန်းဖြင့် စင်ကျန်းအလယ်ပိုင်းသို့ ဦးတည်တိုက်ခတ်နေသည်ဟု ဆိုသည်။

ယင်းတိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီ ကီလိုမီတာ ၂၀ နှုန်းဖြင့် အနောက်မြောက်ဘက်သို့ရွေ့လျားနေရာ စင်ကျန်း၊ ရှန်ဟိုင်း၊ ကျင်စု၊ အန်ဟွေး၊ ဖူကျန်းနှင့် တရုတ်(တိုင်ပေ)တို့၌ မိုးသက်လေပြင်းများကျရောက်ကာ မိုးကြီးနိုင်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းကြောင့် စင်ကျန်းပြည်နယ်အတွင်း သောကြာနေ့က လူပေါင်း ၈၆၅၀၀၀ ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ထားသည်။ သောကြာနေ့ည ၁၀ နာရီက သင်္ဘောအစင်း ၂၉၀၀၀ ကို ဆိပ်ကမ်းများသို့ ပြန်လည်ခေါ်ယူထားသည်။

အဆိုပါ မုန်တိုင်းမဝင်ရောက်မီ ကြာသပတေးနေ့က လင်ဖာတိုင်ဖွန်းမုန်တိုင်းသည် ကွမ်တုံပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း အပျက်အစီးများမရှိကြောင်း သတင်းများက ဖော်ပြသည်။

**(ဆင်ဟွာ)**



# အမေရိကန်၏လုံခြုံရေးထီးရိပ်အောက်မှ ရုန်းထွက်ရန် ကြိုးပမ်းလာသည့် ဂျပန်၏ လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်း

— ထွန်းတောက် —

ဂျပန်ပါလီမန်လွှတ်တော်တွင် ယခုအချိန်၌ ဆွေးနွေးငြင်းခုံနေကြသည့် လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်းသည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ထင်ရှားသည့် ဥပဒေပညာရှင်နှစ်ဦး ဝေဖန်ကန့်ကွက်ခဲ့ကြပြီး ပြည်သူအချို့က ဇွန် ၁၄ ရက်တွင် လွှတ်တော်အဆောက်အအုံရှေ့၌ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ဝန်ကြီးအဖွဲ့မှလွှတ်တော်သို့ အတည်ပြုရန် တင်သွင်းထားသည့် လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်းသည် မဟာမိတ်နိုင်ငံများမှ တပ်ဖွဲ့များနှင့် ဂျပန်တပ်မတော်တို့ ပူးတွဲတိုက်ခိုက်ခွင့်ရရှိရန်အတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းအတည်ပြုနိုင်ရန် ဖြစ်သည်။

လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်းသည် ဂျပန်နိုင်ငံ၏ စစ်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးမူဝါဒကို ဖော်ဆောင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသောကြောင့် ၎င်းဥပဒေကြမ်းကို ရုပ်သိမ်းရမည်ဟု ဥပဒေပညာရှင်များက တောင်းဆိုလျက်ရှိသည်။

ဝါဆေဒါတက္ကသိုလ်မှ ဥပဒေပါမောက္ခ ယာဆူအိုဟာဆာဘီက လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်းသည် မဟာမိတ်တပ်များနှင့် ဂျပန်တပ်မတော်ကို ပူးတွဲတိုက်ခိုက်ခွင့်ပြုရန် ပြဋ္ဌာန်းထားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ပါဟု ပြောဆိုသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျပန်ကာကွယ်ရေးတပ်မတော်ကို ကာကွယ်ရေးသက်သက်၌သာ ကန့်သတ်ထိန်းချုပ်ထားမှုကို လျှော့ချပစ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက်တွင် အမေရိကန်ပြည်ထောင်စုက ရေးဆွဲပေးခဲ့သည့် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် လူထုထောက်ခံမှုကို စုစည်းရရှိရန် မဖြစ်နိုင်သောကြောင့် ဝန်ကြီးချုပ်အာဘေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များကို အဓိပ္ပာယ်ပြန်လည်ဖွင့်ဆိုရန် ကြိုးပမ်းနေပြီး ဂျပန်တပ်ဖွဲ့၏ လုပ်ပိုင်ခွင့်ကို ချဲ့ထွင်ခွင့်ပြုမည့် ဥပဒေများကို ပြဋ္ဌာန်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အနှစ် ၇၀ ကျော်ကြာမျှ ဂျပန်နိုင်ငံ၏ လုံခြုံရေးကို ထီးရိပ်မိုးကာကွယ်ပေးထားသည့် အမေရိကန်ပြည်ထောင်စုက ယင်းသို့ ဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံနေသည်။

သို့သော် စစ်အတွေ့အကြုံကို ခါးသီးနေကြသည့် ဂျပန်ပြည်သူများနှင့် ဥပဒေပညာရှင်များက လုံခြုံရေးဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုများကို မနှစ်သက်ကြပေ။ ကဲအိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဆဲဆုကိုဘာယာရှီက ဖွဲ့စည်းပုံဥပဒေကို ချိုးဖောက်သည့် လုံခြုံရေးဆိုင်ရာဥပဒေပြင်ဆင်မှုများကို ပြဋ္ဌာန်းခြင်းသည် ကျားမြီးဆွဲသကဲ့သို့ အလွန်အန္တရာယ်ကြီးမားကြောင်း၊ မစ္စတာအာဘေး၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မည်ဆိုပါက ဂျပန်တပ်မတော်သည် ဒုတိယတန်းစား အမေရိကန်တပ်ဖွဲ့မျိုး ဖြစ်လာပြီး ဂျပန်နိုင်ငံပင် နစ်နာမည်ဟု ၎င်းက ဝေဖန်ပြောဆိုသည်။

ဥပဒေပါမောက္ခများဖြစ်သည့် ယာဆူအိုဟာဆာဘီနှင့် ဆဲဆုကိုဘာယာရှီတို့နှစ်ဦးသည် လွန်ခဲ့သည့် သီတင်းပတ်က ဂျပန်ပါလီမန်၌ သွားရောက် ရှင်းလင်းထွက်ဆိုခဲ့ကာ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းသည် အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း အလေးထားပြောဆိုခဲ့ကြသည်။

လုံခြုံရေးနှင့် ဆက်နွှယ်သော ဥပဒေ ၁၀ ခုကို အလုံးစုံပြုပြင်ပြောင်းလဲပြီး ပြဋ္ဌာန်းမည့် ဥပဒေသစ်တွင် ဂျပန်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နိုင်သော အခြေအနေ၌ ဂျပန်တပ်မတော်သည် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ဝေးကွာသော အရပ်ဒေသများတွင် ထောက်ပံ့ပို့ဆောင်မှုနှင့် ပူးပေါင်းကာကွယ်တိုက်ခိုက်ခွင့်များကို ရရှိလာနိုင်မည်ဖြစ်သည်။

ထို့ပြင် မဟာမိတ်နိုင်ငံတိုက်ခိုက်ခံရပါကလည်း ဂျပန်တပ်မတော်သည် ထိုမဟာမိတ်နိုင်ငံကို ကာကွယ်မှုပေးရမည်ဖြစ်သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်းကို ဂျပန်ပြည်သူတစ်ရပ်လုံး၏ သုံးပုံတစ်ပုံကို ဆန့်ကျင် ကန့်ကွက်နေကြကြောင်း နိပွန်ရုပ်သံမီဒီယာ၏ မကြာမီက ကောက်ယူခဲ့သည့်စစ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

**စစ်ဆန့်ကျင်ရေးမူဝါဒ**

ဒုတိယကမ္ဘာစစ်ပွဲ၌ အရှုံးကြီးရှုံးနိမ့်ခဲ့ရသည့် ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုက ရေးဆွဲပေးခဲ့သည့် စစ်ဆန့်ကျင်ရေးမူဝါဒကို အခြေခံထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နှစ် ၇၀ ကြာမျှ ကျင့်သုံးနေထိုင်လာရသည်။ ဂျပန်တပ်မတော်သည် မိမိနိုင်ငံကိုကာကွယ်သည့် ကာကွယ်ရေး တပ်မတော်အဆင့်သာရှိခဲ့ပြီး နိုင်ငံရပ်ခြားသို့ သွားရောက်တိုက်ခိုက်နိုင်ခွင့်မရှိပေ။ ဂျပန်၏ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ (၉)အရ ဂျပန်ပြည်သူတို့သည် အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံတစ်ရပ်၏ အခွင့်အရေးဖြစ်သော စစ်ပွဲဆင်နွှဲခွင့်ကို ထာဝရစွန့်လွှတ်ထားရသည်။

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အငြင်းပွားမှုများတွင် အင်အားဖြင့် ခြိမ်းခြောက်အနိုင်ကျင့်ခံရမှုကိုလည်း ဂျပန်တို့အနေနှင့် ကိုယ်ပိုင်အင်အားဖြင့် တုံ့ပြန်ဖြေရှင်းခွင့်မရရှိဘဲ ထိုကဲ့သို့သော အခြေအနေမျိုးတွင် မဟာမိတ် အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံကို ထီးရိပ်မိုးကာကွယ်ပေးရမည်ဖြစ်သည်။

လွန်ခဲ့သည့်လများမှ စတင်ကာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ (၉) ကို အဓိပ္ပာယ်ပြန်လည်ဖွင့်ဆို၍ ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေရသည်။ ထိုသို့ အဓိပ္ပာယ်ပြန်လည်ဖွင့်ဆို ပြုပြင်ပြောင်းလဲမှုပြုလုပ်ပြီးနောက်တွင် လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်းကို အတည်ပြုပေးနိုင်ရန် လွှတ်တော်သို့ တင်ပြထားခြင်း ဖြစ်သည်။

လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုနိုင်ပါက ဂျပန်နိုင်ငံ ခြိမ်းခြောက် တိုက်ခိုက်ခံရမှု သို့မဟုတ် မဟာမိတ်နိုင်ငံ ခြိမ်းခြောက်တိုက်ခိုက်ခံရမှု ဖြစ်ပေါ်ခဲ့ပါက ဂျပန်နှင့် မဟာမိတ်နိုင်ငံများသည် ပူးတွဲ၍ စုပေါင်းကာကွယ်တိုက်ခိုက်ခွင့် (Collective Self-Defence) ရမည်ဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံသည် စစ်လက်နက်ပစ္စည်းများကို ထုတ်လုပ်၍ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချခွင့်ရရှိလာမည် ဖြစ်သည်။ ဂျပန်ကာကွယ်ရေးတပ်မတော်သည် ကန့်သတ်ချက်များအတွင်းမှ လွတ်မြောက်ကာ လွတ်လပ်စွာလှုပ်ရှားလာနိုင်မည်ဖြစ်သည်။

**ဝေဖန်သုံးသပ်မှုများ**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဒုတိယကမ္ဘာစစ်မတိုင်မီက အခြေအနေအတိုင်း ဂျပန်တပ်ဖွဲ့ကို ကမ္ဘာအနှံ့စေလွှတ်၍ ပျော်ပျော်ပါးပါး လူသတ်ပွဲဆင်နွှဲခိုင်းရန် လုပ်ဆောင်နေပြီလားဟု တရုတ်နိုင်ငံခြားရေးဌာနက မေးခွန်းထုတ်၍ ဝေဖန်ပြောဆိုခဲ့သည်။

တရုတ်အွန်လိုင်းဝက်ဘ်ဆိုက်များတွင် ဒုတိယကမ္ဘာစစ်အတွင်း၌ ဟီရိုရှီးမားနှင့် နဂါစကီမြို့ကြီးများ အဏုမြူဗုံးဖြင့် တိုက်ခိုက်ခံခဲ့ရသည့် သွေးပျက်ဖွယ်ဓာတ်ပုံများကို ဖော်ပြ၍ ခြိမ်းခြောက်ခဲ့သဖြင့် ဂျပန်အာဏာပိုင်များက ကန့်ကွက်ရှုတ်ချခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်တပ်မတော်သည် မဟာမိတ်တပ်ဖွဲ့များဖြင့် စုပေါင်းကာကွယ်တိုက်ခိုက်ခွင့်ရရှိခဲ့လျှင် ဒေသတွင်း တည်ငြိမ်မှု၊ လုံခြုံဖွံ့ဖြိုးမှုများကို အရေးထားဖော်ဆောင်ပြီး အငြင်းပွားမှုများကိုလည်း သံတမန်ရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာဆောင်ရွက်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံကိုမှ ကျူးကျော်ရမ်းကားနယ်ချဲ့တိုက်ခိုက်မည်မဟုတ်ကြောင်း အလေးထားပြောဆိုသည်။ ။

> ဂျပန်တပ်မတော်သည် မဟာမိတ်တပ်ဖွဲ့များဖြင့် စုပေါင်းကာကွယ်တိုက်ခိုက်ခွင့် ရရှိခဲ့လျှင် ဒေသတွင်း တည်ငြိမ်မှု၊ လုံခြုံဖွံ့ဖြိုးမှုများကို အရေးထားဖော်ဆောင်ပြီး အငြင်းပွားမှုများကိုလည်း သံတမန်ရေး နည်းလမ်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာ ဆောင်ရွက်မည်. . .

## ကိုင်ရိုင်မြို့ရှိ အီတလီကောင်စစ်ဝန်ရုံးရှေ့တွင် ဗုံးပေါက်ကွဲ

**ကိုင်ရို ဇူလိုင် ၁၁**

ကိုင်ရိုမြို့လယ်ရှိ အီတလီကောင်စစ်ဝန်ရုံးရှေ့တွင် ပြင်းထန်သည့်ပေါက်ကွဲမှုတစ်ခု စနေနေ့ကဖြစ်ပွားခဲ့ပြီး ရဲနှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာနဖြစ်သည့် အမ်အီးအင်န်အေက ပြောသည်။ ပေါက်ကွဲမှုပြင်းထန်သောကြောင့် အခြေအနေကို ရှင်းရှင်းလင်းလင်း မသိနိုင်သေးသော်လည်း လုံခြုံရေးအရာရှိ တစ်ဦး၏ပြောကြား ချက်အရ ကားဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း သိရသည်။

အစောပိုင်းစုံစမ်းစစ်ဆေးမှုများအရ တိုက်ခိုက်သူများသည် ကောင်စစ်ဝန်ရုံးအနီးရှိ ရပ်ထားသောကား၏ အောက်ခြေတွင် ဗုံးကိုတပ်ဆင်ထားခဲ့ပြီး အဝေးမှဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ထိပ်တန်းလုံခြုံရေးအရင်းအမြစ်မှ သိရသည်။ လုံခြုံရေးအရာရှိများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ်တွင် ပစ်မှတ်ထား၍ အစ္စလာမ့်စစ်သွေးကြွများသည် လမ်းဘေးဗုံးထောင်ခြင်းများ၊ အသေခံဗုံးဖောက်ခွဲခြင်းများ လုပ်ဆောင်ခဲ့ကြသည်။

အာဏာရှင် ဟိုစနီမူဘာရက်ကို ဖြုတ်ချသည့် ၂၀၁၁ ခုနှစ် အုံကြွမှုကြောင့် နိုင်ငံရေးအရှုပ်အထွေးများ၊ အကြမ်းဖက်မှုများဖြစ်ပေါ်လာခဲ့ပြီး အီဂျစ်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ခရီးသွားလုပ်ငန်းကို ထိခိုက်စေခဲ့သည်။

(ရိုက်တာ)



# လူပြောများသော အမှားများ

ကေကေ (မဟာဝိဇ္ဇာ)

**အခြေခံမဲဆန္ဒရှင်စာရင်းတွင် အမှားတွေအများကြီးရှိသည်ဟု ဂျာနယ်နှင့်ပုဂ္ဂလိက သတင်းစာများက ရေးသားကြသည်။ အမှားရာခိုင်နှုန်းကို ၈၀ အထိ ပြောကြသည်။**

ဧရာဝတီဂျာနယ်က ၉၀ ရာခိုင်နှုန်းအထိ ဆိုသည်။ ဤသို့ အပတ်စဉ် ရေးဖန်များသောအခါ အခြေခံမဲဆန္ဒရှင်စာရင်းအပေါ် မဲဆန္ဒရှင်တို့က သံသယဝင်လာရုံသာမက အစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်ထိပ်ပိုင်းကိုပင် သတင်းတွေက ကိုင်လှုပ်နိုင်စွမ်းရှိလာသည်။ **ငါ့စကောတပ်ကြီးချီလာပြီ**ဆိုသော အနေအထားရောက်အောင် ဖန်တီးပြီးသောအခါတွင် အမှားတွေများလွန်းသော မဲစာရင်းဖြင့် ပြုလုပ်မည့်၂၀၁၅ ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲမဖြစ်နိုင်ဟူသော လမ်းကြောင်းပေါ်သို့ လိမ္မာပါးနပ်စွာ ဆွဲခေါ်ယူသွားသည်။

မျှော်လင့်ချက်မရှိသော ရွေးကောက်ပွဲကို မဖြစ်စေချင်တာလား၊ ဖြစ်သည့်တိုင် တရားမျှတမှုမရှိကြောင်း ကြိုတင်ကာထားချင်တာလား အမျိုးမျိုးတွေးမိသည်။ အပြုသဘောပူးပေါင်းဆောင်ရွက်ပါက အမှားတွေ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု အော်နေရုံနှင့် မပြီးဘဲ၊ ၎င်းအမှားအားလုံးကို ပြင်ဆင်ပေးမည့် ကော်မရှင်အဖွဲ့ခွဲတွေ လက်ထဲအချိန်မီရောက်အောင် ထည့်ပေးသင့်သည်။

တကယ်အလုပ်လုပ်နေသော အလယ်အလတ်ကော်မရှင်အဖွဲ့ခွဲများထံ အဆင့်တူချင်းလာရောက်၍ အခြေခံမဲဆန္ဒရှင်စာရင်း၏ သဘောသဘာဝ၊ ရည်ရွယ်ချက်၊ ပြုစုပုံပြုစုနည်း အစရှိသည်တို့ကို မိမိတို့လုပ်ငန်းမစတင်မီ မေးမြန်းဆွေးနွေးညှိနှိုင်းသင့်သည်။ သဘောသဘာဝမတူသော အဖွဲ့နှစ်ခုပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် တစ်ဖွဲ့အကြောင်း တစ်ဖွဲ့သိရမည်။ တစ်ဖွဲ့၏အားနည်းချက်ကို တစ်ဖွဲ့၏ အားသာချက်ဖြင့် ဖြည့်ဆည်းပေးရမည်ဟု ဖတ်မှတ်ဖူးသည်။

**ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းသည် မှားတတ်သော သဘောရှိပေသည်။ မိမိနိုင်ငံထက် ရွေးကောက်ပွဲအတွေ့အကြုံရှိသော နိုင်ငံများမှာပင် ဤအမှားမကင်းနိုင်ချေ။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် မဲဆန္ဒရှင်များအား မဲစာရင်းသွားရောက်ကြည့်ရှုရန်၊ မိမိနာမည်မပါလျှင် ပုံစံ-၃ ဖြင့် မဲစာရင်းထည့်ပေးဖို့ တောင်းဆိုရန်၊ အချက်အလက်များ မှားနေလျှင် ပြင်ဆင်ပေးဖို့ ပုံစံ-၄ (ဂ)ဖြင့် တောင်းဆိုရန်၊ မပါသင့်သူပါနေလျှင် ပုံစံ-၄ ဖြင့်ကန့်ကွက်ရန် ပြဋ္ဌာန်းထားခြင်းသည် မှားတတ်သော သဘောရှိသောကြောင့်ဖြစ်သည်။**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြသကြေညာသောအခါ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင် စာရင်းများဖြစ်ပါသည်ဟု မပြောခဲ့ချေ။ မှားတတ်သည်၊ မှားမည်ကို သိသောကြောင့် ဥပဒေပါအတိုင်း လာကြည့်ရန်၊ လိုအပ်ပါက ပုံစံသုံးမျိုးကို အသုံးချ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ခိုင်းရန် သတင်းထုတ်ပြန်ချက်ထုတ်ပြန်ခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏တက်ကြွသောအကူအညီဖြင့် မဲဆန္ဒရှင်များအား နှိုးဆော်အသိပေးခြင်းတို့ကိုသာ ဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ပြသကြေညာထားသည့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုသော မဲဆန္ဒရှင်အရေအတွက်၊ ပုံစံသုံးမျိုး အသီးသီးတင်သွင်းသော အရေအတွက်တို့ကို မှတ်သားထားသည်။ စာရင်းမပိတ်နိုင်သေးသဖြင့် တိုင်းဒေသကြီးချုပ် ရလဒ်မပေါ်သေးသော်လည်း ပြီးစီးသမျှစာရင်းအရ ၁၅ ရာခိုင်နှုန်းခန့်ရှိနိုင်သည်။ အားလုံးပြီးစီးလျှင် ၂၀/၂၅ ရာခိုင်နှုန်းထက် ပိုမည်မထင်ပေ။ သို့ဖြစ်လျှင် အဘယ်ကြောင့် ရာခိုင်နှုန်း ၈၀/၉၀ ဖြစ်နေရပါသနည်း။

**ဖြစ်နိုင်ခြေများထဲတွင် အဓိကအကျဆုံးမှာ တိုင်းတာသောပေတံ မှားယွင်းသောကြောင့်ဟု တွေးမိသည်။ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုသောလုပ်ငန်းကို အခြေခံမဲဆန္ဒရှင်စာရင်းပေတံဖြင့်တိုင်းမှ မှန်ကန်သော အမှားကို ရပါမည်။ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုသောလုပ်ငန်းကို အပြီးသတ်မဲဆန္ဒရှင်စာရင်း ပေတံဖြင့် တိုင်းတာလျှင် အမှားများ ဖောင်းပွနေပေလိမ့်မည်။ ရှင်းပါမည်။ အခြေခံမဲဆန္ဒရှင်စာရင်း (Basic Voters' List)သည် ၂၀၁၅ ရွေးကောက်ပွဲတွင် အသုံးပြုရန် မဟုတ်ဘဲ၊ ရွေးကောက်ပွဲရက် ကြေညာပြီးသည့်နောက် စတင်ပြုစုရမည့် အပြီးသတ်မဲစာရင်း ( Final Voters' List ) ပြည့်စုံမှန်ကန်ရေးအတွက် အချိန်ယူ ကြိုတင်ပြုစုထားသောစာရင်းဖြစ်သည်။**

အခြေခံမဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒနယ်အတွင်း အခြေချနေထိုင်သည်ဟု မှတ်ယူရမည်ဖြစ်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် စာရင်းပေါက်သည့် အိမ်ထောင်စုစာရင်း ( ပုံစံ ၆၆/၆ )ပါသူများကိုသာ ထည့်သွင်းပါသည်။ အိမ်ထောင်စုစာရင်းမရှိသူများ၊ ဧည့်စာရင်းဖြင့်နေထိုင်သူများ၊ မကြာခဏ ပြောင်းရွှေ့ရတတ်သော တပ်မတော်သားများနှင့် မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို မထည့်သွင်းသေးပါ။ အပြီးသတ်မဲဆန္ဒရှင်စာရင်းပြုစုသောအခါတွင်မှ ၎င်းတို့အားလုံး ပါသင့်ပါထိုက်သူအားလုံးကို ထည့်သွင်းမည်ဖြစ်သည်။

ဧည့်စာရင်းဖြင့် နေထိုင်သူများသည် အခြေခံမဲဆန္ဒရှင်စာရင်းတွင် အကျုံးမဝင်သေးကြောင်း၊ အိမ်ထောင်စုစာရင်းမရှိသူများသည် ၎င်းတို့ နောက်ဆုံးနေခဲ့သည့် မဲဆန္ဒနယ်တွင်သာ မဲစာရင်းပါမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဲဆန္ဒရှင် ပညာပေး အစီအစဉ်များတွင် ဖော်ပြခဲ့သည်။

သို့ဖြစ်ရာ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းကို အပြီးသတ် မဲဆန္ဒရှင်စာရင်းပြုစုပုံစံပေတံနှင့် တိုင်းခဲ့ပါလျှင် ကျန်ရစ်သူများ (အမှားတွေ) အလွန်များနေပေလိမ့်မည်။ အခြေခံမဲဆန္ဒရှင်စာရင်းတွင် မထည့်သေးသော သောင်းနှင့်ချီသည့် အင်အားများသည် အမှားများဖြစ်သွားနိုင်သည်။

မဲဆန္ဒရှင်အမည်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ လက်မှတ်အမှတ်၊ နေရပ်လိပ်စာတို့တွင် စာလုံးပေါင်းမှားခြင်း၊ အမည်လွဲခြင်း၊ ဂဏန်းမှားခြင်း၊ ကျန်ရစ်ခြင်း အစရှိသည်တို့မှာ အချက်အလက်မှား



ခြင်းဖြစ်သည်။ မဲဆန္ဒရှင်က အချက်အလက် မှားယွင်းမှုကို ပုံစံ- ၄(ဂ)ဖြင့် မတင်သွင်းသော်လည်း သိသာထင်ရှားသော သတ်ပုံသတ်ညွှန်းအမှား၊ အရေးအကူးချွတ်ယွင်းသောအမှား၊ မတော်တဆအမှားများကို မဲဆန္ဒရှင်စာရင်းပြုစုစဉ်နှင့် စစ်ဆေးစဉ်တွေ့ရှိက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က နည်းဥပဒေ ၁၃ (က) နှင့် (ခ)တို့အရ ပြင်ဆင်ပေးမည်ဖြစ်သည်။

တစ်ဖန် မဲပေးစဉ်တွင် အမည် သို့မဟုတ် နေရပ်လိပ်စာနှင့် စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုဖော်ပြချက်နှင့် သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံတင်ပြနိုင်သူရှိလျှင် မဲရုံမှူးက မှတ်တမ်းတင်ပြီး ပြင်ဆင်ပေးနိုင်ကြောင်း မဲရုံမှူးလုပ်ငန်းလမ်းညွှန် အပုဒ် ၅ (ဂ)၊ (၁၆)တွင် ဖော်ပြထားသည်။

အသေးအဖွဲအမှားတိုင်းကို အမှားတစ်ခုအဖြစ် ရေတွက်ပါလျှင် မဲဆန္ဒရှင် သိန်းနှင့်ချီသော မြို့နယ်တစ်ခုတွင်၊ မဲဆန္ဒရှင်စာရင်းပြုစုသူနှင့် အချက်အလက်ထည့်သွင်းသူတို့၏ ညောင်းညာသောအခါ ဖြစ်တတ်သော လူ့သဘာဝအမှား ( human error ) နှင့် မှီငြမ်းပြုစုသောစာရင်း၏ မထင်ရှားမှုတို့အရ အမှားဒီဂရီသည် ပြဒါးတိုင်ထိပ်သို့ တက်ပေတော့မည်။ ဤသေးဖွဲသော အမှားကလေးများသည် မဲပေးခြင်းကို မထိခိုက်စေနိုင်သောကြောင့် ဇာချဲ့ရန် မလိုအပ်ပေ။

မွေးရက်မွေးလထပ်ခြင်းမှာ အမှားမဟုတ်ဘဲ မွေးရက်မွေးလ မပြောနိုင်သော မဲဆန္ဒရှင်များကို မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်အောင် ရပ်ရွာဓလေ့မှတ်ထုံးနှင့် ဆော့ဖ်ဝဲနည်းပညာတို့အပ်စပ်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ထပ်မံရှင်းလင်းပြရန် လိုမည်မထင်ပေ။ မဲဆန္ဒရှင်အချို့တွင် နိုင်ငံသားစိစစ်ရေးနံပါတ်မပါခြင်းမှာ ၎င်းတို့တွင် ယင်းကတ်ပြားမရှိသောကြောင့်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်လက်မှတ်) မရှိသူသည် မဲစာရင်းတွင် မပါရ၊ မဲမပေးရဟု ပြဋ္ဌာန်းချက်မရှိပါ။ သတ်မှတ်ရက်စွဲတွင် အသက် ၁၈ နှစ်ပြည့်သူသည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ နှင့် ကိုက်ညီလျှင်၊ ပုဒ်မ ၇ နှင့် မငြိစွန်းလျှင်၊ အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့် အချက်အလက်ထည့်သွင်းခြင်း လက်စွဲစာစောင်နှင့်ညီညွတ်လျှင် မှတ်ပုံတင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်း၏အခွင့်အရေးမဆုံးရှုံးအောင် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်ပေးရပါသည်။

**ထို့ကြောင့် မဲဆန္ဒရှင်၏ မှတ်ပုံတင်စာတိုင်း၌ ကွက်လပ်ဖြစ်နေခြင်းသည်လည်း အမှားမဟုတ်ချေ။ ဒါတွေကို အမှားဟုရေတွက်လျှင် အမှားများ ဖောင်းပွနိုင်ပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနသည် အခြေခံမဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်မပါသူများကို မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးနေကြောင်း သိရှိရသည်။**

လွှတ်တော်ရွေးကောက်ပွဲဥပဒေ ၇ တွင် ဖော်ပြထားသူများသည် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါဝင်နေခြင်း၊ မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းနှစ်နေရာတွင်ပါနေခြင်း၊ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူကို မပယ်ဖျက်မိဘဲ ကျန်နေခြင်း အစရှိသဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းတွင် မပါသင့်သူများပါနေလျှင် ပုံစံ-၄ ဖြင့် ကန့်ကွက်ရသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်

**ပျဉ်းမနား ဇူလိုင် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဟောင်း ကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီက အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်သည်။

အဆိုပါဖွင့်ပွဲ၌ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံဦးဖုန်းဇော်ဟန်က အမှာစကားပြောကြားကာ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြို့နယ်လက်ထောက်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **မျိုးဇေယျာ**

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ**

**ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို “ **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ”ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀ တွင်ပါရှိသော “ **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ** ” ဆိုသည့် စကားရပ်ကို “ **ပြည်ထောင်စုလွှတ်တော်** ”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

❍ *ကျောဖုံးမှ*

နိုင်ငံခြားသားသုံးဦးကို အမာခံထား ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ကမ္ဘောဇအသင်း ခြေသာခဲ့သော်လည်း ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ တိုက်စစ်မှူးများဖြစ်သည့် ပိုလန်နှင့် ဂျော်ဂျီတို့ အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်းအစတွင် ကမ္ဘောဇအသင်း ဖိကစားလာနိုင်ပြီး ၅၃ မိနစ်တွင် စိုးမင်းဦးက ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ ကမ္ဘောဇအသင်း ဂိုးစရခဲ့သော်လည်း ပွဲကိုဦးဆောင်နိုင်ခြင်းမရှိဘဲ ၆၄ မိနစ်တွင် အောင်အောင်ဦးက ဟံသာဝတီအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ကမ္ဘောဇအသင်း ပြန်ဖိရန် ကြိုးပမ်းသော်လည်း ဂိုးရသွားသည့်အသင်းမှာ ဟံသာဝတီအသင်းဖြစ်ခဲ့သည်။ ဟံသာဝတီအတွက်အနိုင်ဂိုးများကို ကမ္ဘောဇ ဂိုးသမား မျိုးမင်းလတ် အမှားမှ ၆၈ မိနစ်တွင် ဘမ်ဘား နှင့် ၈၂ မိနစ်တွင် အောင်မျိုးသူရတို့က သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)
ရတနာပုံ-ကိုးဂိုး
(မာတူနာ-သုံးဂိုး၊
မက်ဆီမင်နှင့် ယွန်ဂျီဆောင်-
နှစ်ဂိုးစီ၊
မိုကာလူနှင့်ရှိုင်းသူရ-တစ်ဂိုးစီ)
Horizon-ဂိုးမရှိ

**ယနေ့ပွဲ**

(အောင်ဆန်းကွင်း)ရန်ကုန်-GFA
(သုဝဏ္ဏကွင်း)
မကွေး-(ချင်းယူနိုက်တက်)




**ကမ္ဘောဇအသင်းဘက်သို့ ဟံသာဝတီအသင်း ဂိုးသွင်းယူနေစဉ်။** ဓာတ်ပုံ-ဖိုးသော်ဇင်

---

◆ *ရှေ့ဖုံးမှ*

ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် အဝေးပြေး ကားလမ်းမကြီးမှ မော်လမြိုင်-မလွဲတောင် အပိုင်းကို ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်လျက်ရှိသည့် နေရာမှာ နှစ်အလိုက် နိုင်ငံတော်ကချပေးသည့် ဘဏ္ဍာငွေများကို သုံးစွဲပြီး ကျယ်ရမည် ဖြောင့်ရမည် ဆိုသည့် လမ်းတစ်လမ်း၏ ရှိရမည့် အင်္ဂါရပ်များနှင့် အကိုက်ညီဆုံးဖြစ်အောင် ကျဉ်းနေသည့်နေရာများကို ချဲ့ခြင်း၊ အကွေ့အကောက်များကို နည်းနိုင်သမျှနည်းအောင် စက်ယန္တရားကြီးများ အသုံးပြုပြီး တောင်ကွယ်မျက်ကွယ်များကို ဖြိုခြင်း၊ မတ်စောက်၍ ကားတက်ရန်ခက်ခဲသောနေရာများကို မြေဖို့ခြင်း စသည်တို့ကိုဆောင်ရွက်၍ အဝေးပြေး လမ်းမကြီးကောင်း တစ်လမ်းဖြစ်အောင် ဆောင်ရွက်နေကြောင်း တာဝန်ရှိ အင်ဂျင်နီယာမှူးတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံသည် ၁၉၈၉ ခုနှစ် အာရှလမ်းမကြီးများအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး နိုင်ငံပေါင်း ၃၂ နိုင်ငံ ပါဝင်ပတ်သက်လျက်ရှိသော အာရှနှင့် အာဆီယံလမ်းမကြီးများ ကွန်ရက်ဆိုင်ရာ နိုင်ငံတကာအစိုးရချင်း သဘောတူညီချက်အရ ၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်၌ ရှမ်ဟိုင်းမြို့တွင် ကျင်းပသည့် ကော်မရှင်၏အကြိမ် (၆၀) မြောက် ဝန်ကြီးများအဆင့်အစည်းအဝေးတွင် အာရှလမ်းမကြီးများဖောက်လုပ်ရန် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အာရှလမ်းမကြီး လေးခု၊ အာဆီယံ(၁၀) နိုင်ငံနှင့် ဆက်သွယ်ရန်ဖောက်လုပ်ထားသော လမ်းမကြီး ခြောက်ခု ပေါင်း ၁၀ ခုရှိပြီး မော်လမြိုင်ခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မော်လမြိုင်-မလွဲတောင်လမ်းသည် အာဆီယံအဝေးပြေးလမ်းမကြီးအမှတ် (၆) သထုံမှ ကော့သောင်းအထိ ကီလိုမီတာ ၁၁၄၅ ရှိ လမ်းမကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။

သို့ဖြစ်၍ မော်လမြိုင်-ရေး-မလွဲတောင်အပိုင်း (၁၁၅ မိုင် ၄ဖာလုံ) ကို ခရိုင်လမ်းဦးစီးက တာဝန်ယူဆောင်ရွက်ရာ မူလ ၁၈ ပေလမ်းပိုင်းတွင် ၂၄ပေ ကတ္တရာခင်းခြင်း၊ မူလ ၂၄ ပေရှိသည့်နေရာတွင် ၃၆ ပေကတ္တရာခင်းခြင်း၊ လမ်းတစ်လျှောက်ရှိသည့် မြို့တွင်းလမ်းများကို ၆၆ ပေအထိ ချဲ့ခြင်း၊ ကတ္တရာခင်းခြင်း ဆောင်ရွက်လျက်ရှိပြီး မိုင်တိုင်အမှတ် ၁၁၁မှ မိုင်တိုင်အမှတ် (၁၁၅ မိုင်၄ ဖာလုံ) အထိအရှည် (၄မိုင်နှင့် ၄ဖာလုံ)ကို ပထမလမ်း ၁၂ပေ အကျယ်မှ ၃၄ ပေအထိချဲ့၍ လမ်းသားပြိုကျသောနေရာများကို ကျောက်စီနံရံများ တည်ဆောက်ပေးထားသောကြောင့် ယခုအခါ ကားလေးများသာမက ဘဲ ကုန်တင်ယာဉ် ၁၀ ဘီးကားကြီးများနှင့် ခရီးသည်တင်ယာဉ်ကြီးများပါ မောင်းနှင်သွားလာလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

---

## ပညာသင်ဆုပေးအပ်ပွဲကျင်းပ

**ပန်းတနော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် အမျိုးသားအထက်တန်းကျောင်းအုပ်ဆရာကြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နှင့်ဇနီး ဒေါ်သိန်းတင်တို့၏ ပညာသင်ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီက ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဆရာကြီး ဦးသိန်းရွှေက ပညာသင်ဆုပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ပညာသင်ဆုရရှိသည့် အဋ္ဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်းများမှ ဆုရရှိသူများအား ဆုကြေးငွေနှင့်ဗလာစာအုပ်၊ ဦးသန့်တီရှပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဇော်မြင့်**

---

## ကွန်ကာကပ်ဖ် ရွှေဖလား အမေရိကန်က ဟေတီကိုအနိုင်ရ

ကွန်ကာကပ်ဖ် ရွှေဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၁၁ ရက် နံနက်က အမေရိကန်နှင့် ဟေတီတို့ယှဉ်ပြိုင်ကစားရာ အမေရိကန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အမေရိကန်အတွက်ဂိုးကို ဒမ်ဆေးက သွင်းယူပေးသည်။ ဒမ်ဆေးအနေဖြင့် နှစ်ပွဲဆက်တိုက် ဂိုးသွင်းနိုင်ခဲ့သည်။

အုပ်စု(က) အခြားပွဲစဉ်ဖြစ်သည့် ဟွန်ဒူးရပ်စ်နှင့် ပနားမားတို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ အုပ်စု(က) အသင်းများ နှစ်ပွဲစီကစားအပြီးတွင် အမေရိကန်က ခြောက်မှတ်၊ ပနားမားက နှစ်မှတ်၊ ဟွန်ဒူးရပ်စ်နှင့် ဟေတီတို့က တစ်မှတ်စီရရှိထားပြီး အမေရိကန်တို့အနေဖြင့် အုပ်စုမှတက်ရန် သေချာသွားပြီဖြစ်သည်။ **သီဟ**

---

## ဟင်းခွတ်အိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်

**သာစည် ဇူလိုင် ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟင်းခွတ်အိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်မှ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးလှကြိုင်၊ ဟင်းခွတ်အိုင်ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးရဲလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀ ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခင်က ဟင်းခွတ်အိုင်ကျေးရွာ အလယ်တန်း ပညာအောင်မြင်သည့် ကျောင်းသားများသည် ပျော်ဘွယ်မြို့နယ်သို့ အခြေခံပညာအထက်တန်းအဆင့်ကို သွားရောက်သင်ယူရပြီး ယခုအခါကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ဖွင့်လှစ်ခွင့်ရရှိပြီဖြစ်၍ပညာသင်ယူရေးအတွက် ပိုမိုအဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း**



---

**နိုင်ငံတကာသတင်း**

## အီဂျစ်နိုင်ငံဆိုင်ရာ အီတလီကောင်စစ်ဝန်ရုံးပေါက်ကွဲမှု တစ်ဦးသေ လေးဦးဒဏ်ရာရ

ဘာသာပြန်-ဂျေတီ

**ကိုင်ရို ဇူလိုင် ၁၁**

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုမြို့လယ်ကောင်ရှိ အီဂျစ်နိုင်ငံဆိုင်ရာ အီတလီကောင်စစ်ဝန်ရုံးရှေ့တွင် ဇူလိုင် ၁၁ ရက်က အင်အားပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး လေးဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် MENA သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

မျက်မြင်သက်သေများ၏ အဆိုအရ အဆိုပါပေါက်ကွဲမှုဒဏ်ကြောင့် အီတလီကောင်စစ်ဝန်ရုံးမှာ ဆိုးရွားစွာ ပျက်စီးစေခဲ့ပြီး အနီးတစ်ဝိုက်ရှိ အဆောက်အအုံများကိုလည်း ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုမှာ အီတလီကောင်စစ်ဝန်ရုံးအနီးရှိ ကားပါကင်တစ်ခု၌ ရပ်နားထားသော ကားတစ်စီးအောက်တွင် ထောင်ထားသည့် ဗုံးတစ်လုံးမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ကနဦးစုံစမ်းစစ်ဆေးချက်အရ သိသည်။ သို့သော် ယင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သူမည်ဝါ၏လက်ချက်ဖြစ်သည်ကို ယခုထက်ထိ မသိရသေးပေ။

အီဂျစ်နိုင်ငံသည် အစ္စလာမ္မစ် သမ္မတဟောင်း မိုဟာမက်မော်စီကို တပ်မတော်က ၂၀၁၃ခုနှစ် ဇူလိုင်လတွင် ရာထူးတာဝန်မှ ဖြုတ်ချခဲ့ပြီးနောက် အစွန်းရောက်ဝါဒီများမှပြုလုပ်သည့် မကြာခဏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။

အီဂျစ်နိုင်ငံအတွင်းရှိ အကြမ်းဖက်တိုက်ခိုက်မှုအများစုမှာ အိုင်အက်စ်အုပ်စုအား သစ္စာခံထားသည့် ဆိုင်းနိုင်းအခြေစိုက် အန်ဆာဘေ့သ် အယ်လ်မက်ကာဒစ်ဟု ခေါ်ဆိုသည့် စစ်သွေးကြွအုပ်စု၏ လက်ချက်ပင်ဖြစ်ကြောင်း အဆိုပါစစ်သွေးကြွများ၏ အဆိုအရသိရသည်။ **(ဆင်ဟွာ)**

# မှော်ဝန်းဒေသနေပြည်သူများ လူမှုစီးပွားဘဝ ပွင့်လန်းထွန်းသစ်စေမည့် မှော်ဝန်းတံတား



ရောင်စုံမီးများဖြင့် ခံ့ညားတင့်တယ်နေသည့် မှော်ဝန်းတံတားကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

**တွေ့ဆုံမေးမြန်း – ဝင်းဝင်းမော်၊ နေလင်း**
**ဓာတ်ပုံ – ဇော်မင်းလတ်၊ ရဲထွင်**

မှော်ဝန်းချောင်းနှင့် မှော်ဝန်းတံတားတို့က ညနေနေဝင်ဆည်းဆာအချိန်တွင် ပန်းရလျက်ရှိသည်။ ဟိုးအဝေးမိုးကုတ်စက်ဝန်းထက်မှ သက်တံရောင်စဉ်တို့ကလည်းဝေဖြာလျက်။ အဆိုပါတံတားအနီးရှိ ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူတို့ကလည်း တံတားပေါ်တွင် ခြေကျင်တစ်မျိုး၊ ဆိုင်ကယ်၊ စက်ဘီးနှင့်တစ်ဖုံ၊ မော်တော်ယာဉ်တို့နှင့်တစ်မျိုး လူးလာခေါက်တုံ့သွားလာလျက်ရှိကြသည်။ မှော်ဝန်းတံတားကို ဇူလိုင်လ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် တရားဝင်ဖွင့်လှစ်မည်ဖြစ်သော်လည်း ဒေသခံပြည်သူများ အသုံးပြုခွင့်ရ၍ ထိုသို့သွားလာနိုင်ခြင်းဖြစ်သည်။ သို့ဖြင့် အဆိုပါတံတားဖွင့်လှစ်နိုင်မှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ သဘောထားအမြင်များကို သတင်းအဖွဲ့က ကောက်နုတ်တင်ပြလိုက်ရပါသည်။

**ဦးဘချစ် အသက်(၇၀ နှစ်)**
**ဝဲကြီးကျေးရွာ**

၁၉၈၆ ခုနှစ်မှာ အဘက ဝဲကြီးကျေးရွာမှာ ကောင်စီအတွင်းရေးမှူးဆောင်ရွက်ခဲ့တယ်။ အဲ့ဒီအချိန်တုန်းက မြေစာရင်းဌာနက ဒီလမ်းကိုစတင်မယ်ဆိုပြီး မြေပုံတွေနဲ့ ပြသခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှသာ ကျေးရွာမြေသားလမ်းကို ကိုယ့်အားကိုယ်ကိုးနဲ့လုပ်ခဲ့တယ်။


ဦးဘချစ်


ဦးတင်အောင်သန်း


ဦးသိန်းမြင့်မွန်

အရင်က ပန်းချောင်းကျေးရွာကနေ ကျောက်တန်းကို သွားချင်ရင် ဝဲကြီးကျေးရွာကို ကူးတို့ဖြင့် ကူးရတယ်။ အခုတံတားကြီးဆောက်ပြီးသွားတဲ့အခါကျတော့ ၂၀၊ ၂၅ မိနစ်နဲ့ ကျောက်တန်းကို တိုက်ရိုက်သွားလာနိုင်တယ်။ အရင်ကဆိုရင် ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို နီးလျက်ဝေးနေတယ်။ တရားပွဲရှိရင်တောင် အဘတို့အနေနဲ့ မသွားလာနိုင်ဘူး။ အခုတံတားကြီးဆောက်ပြီးတဲ့အခါကျတော့ ဘာသာရေးသာသနာရေးပွင့်လင်းလာပြီး သွားလာမှုလွယ်ကူလာတယ်။ ကျေးရွာသူ၊ ကျေးရွာသားတို့အတွက် ဖွံ့ဖြိုးမှုတိုးတက်လာတယ်။ ဒါကြောင့် ဝမ်းသာပါတယ်။

**ဦးတင်အောင်သန်း**
**မြို့နယ်ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး)**
**ကျောက်တန်းမြို့နယ်**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ဒီတံတားဖြစ်ပေါ်လာပုံကတော့ မြေသားလမ်းတာကြီးက ကျောက်တန်းကနေ ဝဲကြီးအထိ၊ တစ်ဖက်ကမ်းတောင်ဘက်အခြမ်းဖြစ်တဲ့ ပန်းချောင်းကနေ ဆင်မကော်တံတားမြို့ထိဆက်ထားတဲ့ မြေသားလမ်းက ၁၉၉၃ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့တာဖြစ်တယ်။ တာကြီးတည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ လမ်းကိုအဆင့်မြှင့်တင်ဖို့နဲ့ တံတားတည်ဆောက်ဖို့ကို အဆင့်ဆင့်နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ပေမယ့် မပေါ်ပေါက်နိုင်ခဲ့ဘဲနဲ့ အခုနိုင်ငံတော်အစိုးရသစ်တက်ပြီးနောက်ပိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ကခွင့်ပြုတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြည်ထောင်စု ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၄၄၀၀ ခွင့်ပြုခဲ့ပါတယ်။

ပေ ၉၀၀ တံတားချဉ်းကပ်လမ်းနှစ်ဖက်က ပေ ၁၈၈၀ ရှိပြီး ချဉ်းကပ်ဆက်စပ်တဲ့ ကွန်ကရစ်လမ်းက ပိလခက်နဲ့ ဝဲကြီးကျေးရွာက ၆ မိုင် ၄ ဖာလုံ၊ ဟိုဘက်ကမ်းဖြစ်တဲ့ ပန်းချောင်းကျေး-ဆင်မကော်-တံတားမြို့ဆိုရင် ၄ မိုင် ၅ ဖာလုံ ဆက်စပ်တဲ့လမ်းတွေကို အကောင်အထည်ဖော်နိုင်ခဲ့တယ်။ တံတားကြီးနဲ့ပတ်သက်ပြီး ဒေသခံတွေအနေနဲ့ အိပ်မက်မက်ခဲ့တာကြာပါပြီ။ ဒီနေရာမှာ တံတားကြီးပေါ်ပေါက်ခဲ့ရင် ကျောက်တန်းမြို့နယ်မှာရှိတဲ့ ဒေသတွင်းကျေးရွာ တောင်ပိုင်း၊ မြောက်ပိုင်းကွဲပြားနေတာတွေက တစ်ဆက်တည်းဖြစ်သွားမယ်။ ဒေသခံတွေ အိပ်မက်မက်ခဲ့တဲ့ တံတားကြီးက မမျှော်မှန်းခဲ့တဲ့ အချိန်ကာလတစ်ခုမှာ သိသိသာသာ ပေါ်ထွန်းလာတာကြောင့် သူတို့အင်မတန်ဝမ်းသာနေကြတာပါ။

ကျောက်တန်းမြို့နယ် မြို့ပေါ်မှာဆိုရင် ကိုးရပ်ကွက်၊ တံတားမြို့မှာ လေးရပ်ကွက်၊ ကျေးရွာအုပ်စု အားလုံးပေါင်း ၄၄ အုပ်စု၊ ကျေးရွာပေါင်း ၇၈ ရွာ တည်ရှိမှုအနေအထားမှာ ကျောက်တန်းမြို့နယ်မှာရှိတဲ့ မှော်ဝန်းချောင်းက အရှေ့နဲ့အနောက် ဖြတ်သန်းစီးဆင်းနေတာကြောင့် တောင်ခြမ်းနဲ့ မြောက်ခြမ်းကို နှစ်ပိုင်း ပိုင်းထားသလိုဖြစ်နေတယ်။ အခု မှော်ဝန်းတံတားပေါ်ပေါက်လာတယ်၊ ဆက်စပ်တဲ့လမ်းတွေကောင်းမွန်လာတာကြောင့် ကျောက်တန်းမြို့နယ်တောင်ခြမ်းမှာရှိတဲ့ မုတ္တမပင်လယ်ကွေ့ဒေသတွင်းရှိ ကျေးရွာအုပ်စု ၃၂ စု၊ ကျေးရွာပေါင်း ၄၅ ရွာ၊ မြောက်ခြမ်းမှာရှိတဲ့ ကျေးရွာအုပ်စု ၁၂ စု၊ ကျေးရွာပေါင်း ၂၆ ရွာက တစ်သားတည်း တစ်ဆက်စပ်တည်း လျင်မြန်လွယ်ကူစွာ သွားလာနိုင်မယ်။

ဒီတံတားကြောင့် တောင်ဘက်ခြမ်းမှာရှိတဲ့ဒေသတွေ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုစီးပွားဘဝတွေ ပိုမိုကောင်းမွန်လာမယ်၊ ဒေသခံတွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမီလာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။


ဦးလှရွှေ


ဦးမြင့်ဦး


ဒေါ်ထွေးရီ

အရင်က ကျောက်တန်းမြို့နယ်ကနေ နယ်တွေ၊ ရွာတွေ သွားမယ်ဆိုရင် တံတားမြို့ကိုသွားရမယ်။ ကျောက်တန်းကို သွားချင်ရင် ပန်းချောင်းကနေတစ်ဆင့် မော်တော်နဲ့ကူးရတယ်။ ရေလမ်းခရီးနဲ့သွားရတယ်။ တံတားမြို့ကတစ်ဆင့် သုံးခွ၊ သုံးခွကနေ သန်လျင်၊ သန်လျင်ကနေ ကျောက်တန်းကို ကုန်းလမ်းခရီးနဲ့ အဆင့်ဆင့်လာရတယ်။ ကျောက်တန်းနဲ့ တံတားမြို့ရဲ့ ကုန်းလမ်းခရီးအကွာအဝေးက အားလုံးပေါင်း ကတ္တရာလမ်း ၃၇ မိုင်ရှိတယ်။ အခု မှော်ဝန်းတံတားကြီး ဖြတ်သန်းထိုးပေးထားလို့ ကျောက်တန်းမြို့နဲ့ တံတားမြို့ဟာ မိုင်အားဖြင့် ၁၅ မိုင်နဲ့ ၂ ဖာလုံသာ ကွာဝေးတာကြောင့် အချိန်ကာလတိုတောင်းစွာ သွားလာနိုင်တယ်၊ ၂၂ မိုင်ကျော် သက်သာသွားမှာဖြစ်တယ်။ ခေတ်ကာလအခြေအနေရ ဒေသထွက်ကုန်တွေထွက်ပေမယ့် ပင်လယ်ဒီရေအတက်အကျကြောင့် စီးပွားရေးလုပ်ငန်းတွေက ရေလမ်းမှကုန်းလမ်းအဆင့်ဆင့် ပြောင်းလဲပြီးသွားလာနေရတာကြောင့် ဈေးကွက်ကို အချိန်မီမရောက်ခြင်း၊ ပို့ဆောင်ဆက်သွယ်မှု ကုန်ကျစရိတ်များပြားခြင်းစတဲ့ အခက်အခဲတွေကြုံတွေ့ရတယ်။ အခုဆိုရင် အချိန်တိုအတွင်း ထွက်ကုန်ကို လွယ်လင့်တကူ ရောင်းဝယ်ပို့ဆောင်နိုင်တော့မှာဖြစ်တယ်၊ မှော်ဝန်းတံတားကြီးက ခွင့်ပြုခဲ့တဲ့ ရန်ပုံငွေအတိုင်းအတာနဲ့ တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။

**ဦးသိန်းမြင့်မွန်**
**ညွှန်ကြားရေးမှူး(မြို့ပြ)တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဒီတံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနကို တံတားဆောက်ဖို့အတွက် လုပ်ငန်းအပ်နှံခဲ့တယ်။ နိုဝင်ဘာလမှာကြိုတင်ပြီး မြေပြင်အနေအထားကို လေ့လာခဲ့တယ်။ ၂၀၁၄ ဒီဇင်ဘာလအတွင်းမှာ အကြိုအင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ မူလလမ်းအူကြောင်းထက် ပေ ၁၀၀ လောက်ရွှေ့လိုက်ရတယ်။ တံတားဆောက်မယ့်နေရာနဲ့ ချဉ်းကပ်လမ်းက ထောင့်မှန်မကျတာနဲ့ တံတားဆောက်တဲ့နေရာမှာ ရေကြောင်းအနေအထားအရ တံတားတိုင်များအနည်းငယ်ရေကြောင်းနဲ့မတည့်လို့ မြစ်ကြောင်းရဲ့ ထောင့်မှန်ကျမယ့်နေရာကို ရွေးချယ်လိုက်တဲ့အတွက် မူလအကျယ်ပေ ၁၀၀၀ အစား ပေ ၉၀၀ နဲ့ပဲ တည်ဆောက်လိုက်ရတယ်။ တံတားအကျယ်ပေ ၁၀၀ လျှော့ချလိုက်ရတယ်။ ချဉ်းကပ်လမ်း ပိုပြီးတည်ငြိမ်တဲ့အတွက် လက်ရှိနေရာကို ချဉ်းကပ်လမ်း တည်ဆောက်ပါတယ်။ တံတားအောက်ထည်က လွန်တူးဘိုးပိုင်အုတ်မြစ်နဲ့တည်ဆောက်ထားပြီး တံတားအပေါ်ထည်က သံကူကွန်ကရစ်နဲ့ တည်ဆောက်ထားတာဖြစ်တယ်။ တစ်တိုင်နဲ့တစ်တိုင် ပေါင်းကူးတဲ့နေရာမှာ သံကူရက်မကို အသုံးပြုပြီး အခင်းက သံကူကွန်ကရစ်အမျိုးအစားဖြစ်တယ်။

**ဦးလှရွှေ အသက် (၇၀ နှစ်)**
**ရွာသစ်ကြီးကျေးရွာ**
**လယ်သူရင်းငှား**

အရင်က ကျောက်တန်းကို ကျန်းမာရေးကိစ္စအတွက် သွားမယ်ဆိုရင် မော်တော်နဲ့သွားရတယ်။ လမ်းကဖောက်ထားတယ်ဆိုပေမယ့် မြေသားလမ်းဖြစ်တာကြောင့် မိုးတွင်းဆိုရင်သွားမရဘူး။ ရေလမ်းကပဲသွားရတယ်။ အခုတော့ တံတားပြီးစီးသွားတော့ နေ့ညအချိန်မရွေး သွားလာလို့ရတယ်။ အဘမသေခင် ဒီဒေသဖွံ့ဖြိုးတိုးတက်တာ မြင်တွေ့ရတော့ ဝမ်းသာပါတယ်။ တံတားမဆောက်ခင်က ဟိုဘက်ကမ်းကို လှေနဲ့သွားရတယ်။ အခုတော့ အညောင်းပြေ အညာပြေ လမ်းလျှောက်ကြည့်လို့ ရသွားပြီ။

**ဦးမြင့်ဦး**
**ဝဲကြီးကျေးရွာအုပ်စု(အုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ ကျေးရွာအုပ်စုအနေနဲ့ ရွာသုံးရွာရှိတယ်။ အိမ်ခြေ ၃၂၀၊ လူဦးရေ ၁၃၀၀ ကျော်ရှိပြီး လယ်ယာလုပ်ငန်းနဲ့ ရေလုပ်ငန်းကို အဓိကစီးပွားရေးအနေနဲ့ လုပ်ကိုင်ကြတယ်။ အခု တံတားကြီး တည်ဆောက်ပြီးတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူသွားတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအစစအရာရာ အရင်ကထက် ပိုမိုကောင်းမွန်လာမှာပါ။ ဒီတံတားဆောက်ပေးလိုက်တဲ့ အကျိုးကျေးဇူးကြောင့်ပါ။ အရင်တုန်းက အရှေ့ဘက်ရွာ ၃၀ ကျော်က ရေလမ်းခရီးနဲ့ သုံးနာရီကျော် သွားရတယ်။ တံတားကြီးထိုးပြီးတာကြောင့် အဝေးဆုံးရွာတောင် ၄၅ မိနစ်လောက်နဲ့ ရောက်တဲ့အတွက် လူမှုရေး၊ ကျန်းမာရေး၊ ကုန်စည်ဆက်သွယ်ရေးကအစ အားလုံးအဆင်ပြေသွားတယ်။ တံတားကြီးက မှော်ဝန်းချောင်းကို ဆက်သွယ်ဖြတ်သန်း တည်ဆောက်ပေးထားတာကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူပြီး အချိန်မရွေး သွားလာလို့ရတယ်။

**ဒေါ်ထွေးရီ**
**ပန်းချောင်းကျေးရွာ၊ လယ်ယာလုပ်ငန်း**

ဟိုးတုန်းကဆိုရင် လှေနဲ့ကူးရတယ်၊ အလွန်ခက်ခဲတယ်။ ကျန်းမာရေးမကောင်းရင် မော်တော်နဲ့သွားရတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ် အဘွားယောကျ်ားပိုးထိလို့ မော်တော်နဲ့သွားရတာ ရန်ကုန်လည်းရောက်ရော အသက်ဆုံးရှုံးခဲ့ရတယ်။ ဒီလိုတံတားတွေ၊ လမ်းတွေသာရှိလို့ ရန်ကုန်ဆေးရုံကြီးကို အချိန်မီပို့နိုင်မယ်ဆိုရင် အသက်ဆုံးရှုံးရမှာ မဟုတ်ဘူး။

# မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး UNESCO က ကူညီဆောင်ရွက်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇူလိုင် ၁၁

**မြန်မာမီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေး United Nations Educational Scientific and Cultural Organization (UNESCO) က ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း ကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း UNESCO မှ မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးရေး အထူးပြုတာဝန်ယူထားသည့် Mr. MiKel Aguirre Idiaquez က ပြောသည်။**



အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းဌာနမှ ကျောင်းသား ကျောင်းသူများ လေ့လာဆည်းပူးသင်ယူနေစဉ်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သတင်းဌာနတွင် ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ (UNESCO) က ပြုလုပ်သည် Training for Trainers on Investigative Journalism သင်တန်းဆင်းပွဲတွင် Mr. MiKel Aguirre Idiaquez က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ Training for Trainers on Investigative Journalism သင်တန်းသို့ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် သတင်းဌာနမှ ဆရာမခုနစ်ဦး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နှစ်ဦးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်သုံးဦး စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့သည်။

၎င်းသင်တန်းကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် UNESCO က စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်း Workshop ခေါင်းစဉ်ကို (Introduction to Investigative Journalism) (စုံစမ်းထောက်လှမ်းသတင်းစာပညာ မိတ်ဆက်)ဟူ၍ ပေးထားပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ သုံးရက်တိုင်တိုင် သင်ကြားပေးသည်။

“အခုသင်တန်းကတော့ ဒီဂျာနယ်လစ်ဇင်ကျောင်းမှာရှိတဲ့ ဆရာမတွေကို သင်တန်းပို့ချမှုဆွေးနွေးပွဲ လုပ်ပေးတဲ့သင်တန်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အရင်ကတည်းကလည်း ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော် လုပ်ဆောင်ပေးနေတာလေးတွေ ရှိပါတယ်။ ခုဟာကတော့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး မြန်မာမီဒီယာလောကဖွံ့ဖြိုးဖို့ကို အဓိကထား စတင်အကောင်အထည်ဖော် လုပ်ဆောင်နေတာပါ”ဟု UNESCO မှ မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးရေးအထူးပြုတာဝန်ယူထားသည့် Mr. MiKel Aguirre Idiaquez က အဆိုပါသင်တန်းနှင့်ပတ်သက်၍ ရှင်းပြသည်။

“ဒီသင်တန်းက ကောင်းပါတယ်။ တကယ်ပဲ နက်နက်နဲနဲနဲ့ ထိုးထွင်းမြင်တတ်အောင် သင်ပေးတာပါ။ ဒါပေမယ့် ကျွန်မက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဆိုပေမယ့် ရေဒီယိုအသံလွှင့်ဘက်က ဖြစ်နေတယ်။ အထူးသဖြင့် စွန့်လွှတ်၊ စွန့်စား သတင်းထောက်တွေအတွက် ဒီလိုသင်တန်းမျိုးက ပိုပြီးသင့်လျော်မယ်လို့ထင်တယ်”ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ယဉ်ယဉ်ရွှေ (ဦးစီးအရာရှိ)က ဆိုသည်။



UNESCO မှ မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးရေး အထူးပြုတာဝန်ယူထားသည့် Mr. MiKel Aguirre Idiaquez



ဒေါ်ယဉ်ယဉ်ရွှေ (ဦးစီးအရာရှိ) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

UNESCO မှ ဆက်လက်ပြီး မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးရေး ဒုတိယသင်တန်းကို ယခုလာမည့် ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ တတိယသင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ Central Hotel ၌ အခမဲ့ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ယင်းသင်တန်းများသည် မြန်မာနိုင်ငံတစ်ဝန်းမှ စာနယ်ဇင်းလောကသားများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်ကစတင်ကာ ဖွင့်လှစ်ပေးခဲ့သော ပညာရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် သတင်းဌာနမှ မွေးထုတ်ပေးလျက်ရှိသော မြန်မာစာနယ်ဇင်း မျိုးဆက်သစ် ၁၅၀ ဝန်းကျင် ရှိပြီဖြစ်ပြီး နိုင်ငံတစ်ဝန်း မီဒီယာပေါင်းစုံတွင် ဝင်ရောက်တာဝန်ယူ ထမ်းဆောင်နေပြီဖြစ်သည်။ နှစ်စဉ်သင်တန်းသားကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀ သာ လက်ခံသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

သို့အတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့များက အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အကောက်စခန်းများအား ဆက်လက်ဖွင့်လှစ်ခဲ့သည်။

ထို့အပြင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြဝတီမြို့ရှိ ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ ဌာပနာသွင်းအခမ်းအနား တက်ရောက်ရန်အတွက် မေ ၂၆ ရက်တွင် အာရှလမ်းသစ်မှ သွားရောက်ကြရာ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့က အကြောင်းမဲ့ မင်းမဲ့စရိုက်ဆန်ဆန် ရပ်တန့်တားဆီးခဲ့သည်။ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းများ မပျက်စီးစေရေးနှင့် မလိုလားအပ်သော လက်နက်ကိုင်ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် မည်သည့်တုံ့ပြန်မှုမှ မဆောင်ရွက်ဘဲ နောင်အလားတူ မပြုလုပ်ရေးကိုသာ သတိပေးပြောကြားခဲ့သည်။

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒေသလုံခြုံရေးစစ်ဆေးရန် အာရှလမ်းသစ်မှ သွားရောက်ရန်အတွက် ကြိုတင်အသိပေးအကြောင်းကြားပြီး တပ်မတော်စစ်ကြောင်းများ က လမ်းကြောင်းလုံခြုံရေးဆောင်ရွက်စဉ် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့က အကြောင်းမဲ့စတင်ပစ်ခတ်ခဲ့ခြင်းမှစ၍ ဇူလိုင် ၂ ရက်တွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။

ယင်းနေ့မှစ၍ မြဝတီ-သက်န်းညီနောင်-ကော့ကရိတ် အာရှလမ်းသစ်နှင့် လမ်းဟောင်းတို့အား ကျော်သက်နှင့် စောဆန်းအောင် ဦးစီးလက်နက်ကိုင်အဖွဲ့မှ စတင် ပိတ်ဆို့ထားခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင် အဖွဲ့အနေဖြင့် တပ်မတော်စစ်ကြောင်းအား စတင်ပစ်ခတ်ခဲ့သည့်အပြင် စစ်ရေးနှင့် မသက်ဆိုင်သော ချောင်းတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား လက်နက်ကြီးနှင့် ပစ်ခတ်ခြင်း၊ အစိုးရပိုင်ပစ္စည်းဖြစ်သော လှိုင်ကွယ်ကျေးရွာအနီး ရော်ဘာခြံအတွင်းရှိ အဆောက်အအုံနှစ်လုံးအား မီးရှို့ဖျက်ဆီးခြင်းနှင့် ဒေသခံ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ကော့ကရိတ်မြို့ လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီး များနှင့် ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

မြဝတီ-သက်န်းညီနောင်-ကော့ကရိတ်လမ်းဟောင်းနှင့် အာရှလမ်းသစ်တို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု လမ်းဟောင်းပေါ်၌ ၁၉ ကြိမ်နှင့် အာရှလမ်းသစ်ပေါ်၌ အကြိမ် ၂၀ ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ ထိခိုက်ဒဏ်အချို့ ရရှိခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ထံမှ အရှင်ဖမ်းမိ သုံးဦး၊ အလောင်းလေးလောင်း၊ လက်နက်မျိုးစုံ ခြောက်လက်၊ ခဲယမ်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

တပ်မတော်အနေဖြင့် အများပြည်သူ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် နယ်ခြားစောင့်တပ်များနှင့် ပူးပေါင်း၍ လမ်းသစ်လမ်းဟောင်း နှစ်ခုစလုံးအားရှင်းလင်းခဲ့ရာ ဇူလိုင် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြဝတီ-သက်န်းညီနောင်-ကော့ကရိတ် လမ်းဟောင်းအားလည်းကောင်း၊ ဇူလိုင် ၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လမ်းသစ်အား လည်းကောင်း ထိန်းချုပ်နိုင်ခဲ့ကာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုနှင့် အများပြည်သူ ပုံမှန်အတိုင်း သွားလာလျက်ရှိပြီး ဆုတ်ခွာထွက်ပြေးသွားသော ကျော်သက်နှင့် စောဆန်းအောင် အကြွင်းအကျန်အဖွဲ့အား ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မုဒုံမြို့နယ်တွင် လယ်ယာမြေများ မိုးစပါးပြင်ဆင်စိုက်ပျိုး

**မုဒုံ ဇူလိုင် ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဇွန်လကုန်ပိုင်းမှစ၍ လယ်ယာမြေများကို ပြုပြင်ပြီး ဇူလိုင်လ ဒုတိယပတ်မှစ၍ တောင်သူလယ်သမားများသည် မိုးစပါးကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

မုဒုံမြို့နယ်တွင် မိုးရာသီ မိုးစပါးစိုက်ပျိုးရန် လျာထားချက်မှာ ၇၇၇၄၂ ဧကဖြစ်ပြီး စိုက်ပျိုးစရိတ်များကိုလည်း ထုတ်ချေးပေးနေပြီဖြစ်သည်။

မုဒုံမြို့နယ်တွင် ကျေးရွာအုပ်စု ၃၈ အုပ်စုရှိပြီး မြို့ပေါ်လေးရပ်ကွက်ရှိကာ ကမာဝက်မြို့တွင် ရပ်ကွက်ငါးခုရှိ၍ ဒေသခံအများစုမှာ တောင်သူလယ်သမား အများဆုံးဖြစ်သည်။

လယ်သမားအများစုသည် မိုးစပါးစိုက်ပျိုးရန်အတွက် ကြိုတင်ပြင်ဆင်နေကြပြီး ရေကိုထိန်းသိမ်းကာ အမြန်ဆုံးစိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ တောင်သူများအနေဖြင့် ဈေးကောင်းရသော ပေါ်ဆန်းရင်မျိုးစပါးများကို မြန်မာ့စိုက်ပျိုးရေးနည်းပညာဖြင့် စိုက်ပျိုးနေကြကြောင်း စပါးစိုက်ပျိုးနေသူ တောင်သူတစ်ဦးက ပြောသည်။

**(၁၀၈)**

## ယခုနှစ်အတွင်း ရန်ကုန်မြို့တွင် ခုံးကျော်တံတားခြောက်ခု တည်ဆောက်မည်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ယခုနှစ်အတွင်း ရန်ကုန်မြို့တွင်း ခုံးကျော်တံတားခြောက်ခု တည်ဆောက်ရန် လုပ်ဆောင်နေကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

တည်ဆောက်မည့် ခုံးကျော်တံတားခြောက်ခုအနက် ရန်ကုန်မြို့လယ်ကောင်တွင် နှစ်ခု၊ ပြည်လမ်းပေါ်တွင်သုံးခုနှင့် ဗဟန်းမြို့နယ်တွင် တစ်ခုတို့ဖြစ်ကြောင်း၊ ယင်းတည်ဆောက်ရေးစီမံကိန်းအတွက် အကြံပြုအင်ဂျင်နီယာလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကလည်းကောင်း၊ ခုံးကျော်တံတားများတွင် စက်လှေကားတပ်ဆင်မှုအပါအဝင် ဖြစ်နိုင်ခြေလေ့လာတိုင်းတာမှု (Feasibility Study) ကို သက်ဆိုင်ရာတာဝန်ရှိသူများကလည်းကောင်း လုပ်ဆောင်နေပြီဖြစ်သည်။

မြို့တွင်း သွားလာသူများမှာ အရှိန်လျှော့မောင်းရမည့် လူကူးမျဉ်းကျား၌ အချို့သောကားများ အရှိန်လျှော့ မမောင်းခြင်းကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း၊ ခုံးကျော်တံတားများ တည်ဆောက်ပြီးပါက တံတားပေါ်လမ်းဘေးဈေးသည်များ ဈေးရောင်းချခွင့်ပေးမည်မဟုတ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြီးခဲ့သော ဘဏ္ဍာရေးနှစ်က ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ်းနားလမ်းနှင့်ရန်ကုန်မြို့လယ်တို့တွင် ခုံးကျော်တံတားလေးခု ဆောက်လုပ်ခဲ့သည်ဟု သိရသည်။ **ဝရဇိန်**

## မြန်မာနိုင်ငံဆရာဝန် ညီလာခံဖြစ်မြောက်ရေးကော်မတီ ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇူလိုင် ၁၁**

(၆၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖြစ်မြောက်ရေး ကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇူလိုင် ၁၅ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါသဖြင့် ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားကြောင်း သိရသည်။

**မောင်မောင်**

## မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမှု ရေဦး၌ကျင်းပ

**ရေဦး ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက္ကုဒါနကျောင်းတိုက် ဆရာတော် ဦးဝိလာသ အမှူးပြုသော မျက်စိအထူးကုဆရာဝန် ဒေါက်တာအောင်ကျော်ထူးနှင့် ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ကူညီမှုဖြင့် ရေဦးမြို့ ရွှေသိမ်တော်ကျောင်းတိုက်၌ ဇူလိုင် ၁၁ ရက် နံနက် ၇နာရီမှစတင်ကာ ဒေသခံ မျက်စိဝေဒနာရှင် ၄၀၀ ခန့်အား မျက်မှန်၊ မျက်စဉ်း၊ စားဆေးနှင့် ခွဲစိတ်မှုများကို အခမဲ့ဆောင်ရွက်ပေးကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များစုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၁**

(၆၈) ကြိမ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၉နာရီခွဲက လသာမြို့နယ် အမျိုးသားသွေးလှူဌာန၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အလှူဒါနများတွင် သွေးလှူဒါန်းမှုသည် အမွန်မြတ်ဆုံးသော လှူဒါန်းမှုတစ်ခုဖြစ်ကြောင်း သွေးလှူဒါန်းသည့် အလှူရှင်များကို သွေးလိုအပ်သည့် လူနာများကိုယ်စား အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သွေးအလှူရှင်များက စုပေါင်းသွေးလှူဒါန်းနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

# စားအုန်းဆီပြည်တွင်းရောင်းဈေးသည် ဆိပ်ကမ်းရောက်အရင်းဈေးနှုန်းထက် ပိုမိုမြင့်တက်ကွာဟနေ

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်ဆီ ဈေးကွက်တွင် စားအုန်းဆီရောင်းဈေးသည် ပြည်ပမှ တင်သွင်းရာတွင် ကျသင့်သော ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းနှင့် ကွာခြားမှုနည်းနေရာမှ ဇူလိုင်လတွင် ကွာခြားမှု များလာသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ စားသုံးဆီရောင်းဝယ်သူများက ပြောသည်။

ဇူလိုင် ၉ ရက် ပြည်ပစားအုန်းဆီ FoB တစ်တန်ဈေးနှုန်းမှာ ၆၃၀ ဒေါ်လာနှုန်း ဗဟိုဘဏ်ငွေလဲ ရည်ညွှန်းနှုန်းထား ၁၁၂၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေးမှာငွေကျပ် ၁၃၄၀ သာရှိသည်။ ရန်ကုန်ဆီဈေးကွက်တွင် ဆီသိုလှောင်ကန်များမှ ဆီထုတ်ယူခွင့်စာရွက် D.O တစ်ပိဿာရောင်းဈေးမှာ ၁၄၃၅ ကျပ်ဖြစ်သည်ဟု ဆီအသင်း၏ နေ့စဉ်ဈေးနှုန်းသတင်းမှသိရသည်။

ဇူလိုင် ၉ ရက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အလှယ်ရောင်းချဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၄၄၅ ကျပ်နှုန်း၊ မြေပဲဆီလက်ကား တစ်ပိဿာဈေးနှုန်း ငွေကျပ် ၅၂၀၀ ရှိသည်ဟု စိန်ပန်းလမ်းအတွင်းရှိ စားသုံးဆီအရောင်းဆိုင်တာဝန်ခံ ဦးမျိုးက ပြောသည်။

၂၀၁၅ ဖေဖော်ဝါရီ ၆ ရက်တွင် ဆိပ်ကမ်းရောက် အရင်းဈေး တစ်ပိဿာ ၁၃၃၆ ကျပ်ရှိစဉ် ရန်ကုန်အလှယ်ရောင်းဈေး ၁၃၄၃ ကျပ်သာရှိသည်။ ဧပြီ ၃၀ ရက်တွင် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ၁၃၂၁ ကျပ်ရှိချိန် ရန်ကုန်အလှယ်တစ်ပိဿာရောင်းဈေး ၁၃၂၅ ကျပ်သာရှိသည်။ ဇွန် ၅ ရက်တွင် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ငွေကျပ် ၁၄၉၀ နှုန်းရှိပြီး အလှယ်ရောင်းဈေး ငွေကျပ် ၁၅၁၀ သာရှိသည်။ ဇွန် ၁၉ ရက်တွင် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၄၄၃ ကျပ်ရှိချိန် အလှယ်ရောင်းဈေးမှာ တစ်ပိဿာ ၁၄၅၅ ကျပ်ရှိခဲ့သည်။

သို့သော် ဇူလိုင် ၃ ရက် ဆိပ်ကမ်းရောက် အရင်းဈေး တစ်ပိဿာ ငွေကျပ် ၁၄၀၀ ရှိချိန် အလှယ်ရောင်းဈေးမှာ တစ်ပိဿာ ၁၄၄၅ ကျပ်ရှိပြီး ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် ဆိပ်ကမ်းရောက်အရင်း တစ်ပိဿာဈေး ငွေကျပ် ၁၃၄၀ ရှိချိန် ရန်ကုန် ဈေးကွက်အလှယ်ရောင်းဈေး ၁၄၄၅ ကျပ် CD.O စာရွက် တစ်ပိဿာ ရောင်းဈေး ၁၄၃၅ ကျပ်နှုန်း ရှိသည်ဟု နေ့စဉ်ဆီဈေးနှုန်းဟောင်းများ နှိုင်းယှဉ်ချက်မှ သိရသည်ဟု စားအုန်းဆီ ဝယ်ယူနေသော အဝယ်တော် ဦးနေလင်းက ပြောသည်။

ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းထားအတိုင်း ဘဏ်များကတစ်ဆင့် နိုင်ငံခြားငွေ ဝယ်ယူခွင့်ရရှိနေသော ပြည်ပမှ စားအုန်းဆီတင်သွင်းမှုတွင် ပြည်တွင်း ရောင်းဈေးများသည် ယခုလအတွင်း ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းများထက် များစွာ မြင့်တက်နေခြင်းများ ဖြစ်နေရာ နိုင်ငံတော်အနေဖြင့် ပြည်ပမှစားအုန်းဆီတင်သွင်းသူများ အဆင်ပြေရန် ဆောင်ရွက်မှု ပေးနေခြင်းအပေါ် စားသုံးသူများ ခံစားရခြင်းမရှိသကဲ့သို့ ဖြစ်နေသည်ဟု စားအုန်းဆီပြည်တွင်းတွင် နေ့စဉ်အလှယ်ဝယ်ယူသူများက ပြောသည်။ **ခင်ဆိုင်**

# ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

**ဝိုင်းမော် ဇူလိုင် ၁၁**

၂၀၁၅ ခုနှစ် ပထမအကြိမ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ဝိုင်းမော်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အားကစားကွင်း၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြအောင်နှင့်တာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုကြပြီး မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၆ သင်း၊ ဘော်လီဘောပြိုင်ပွဲတွင် အသင်း ၁၂ သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၆၂)**

# သံဓာတ်ဆေးပြားနှင့် ဆီးဆေးမှားတိုက်မိ၍ ကျောင်းသူများ မူးဝေခဲ့ရ

**ဗန်းမော် ဇူလိုင် ၁၁**

ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီခန့်က ကျောင်းသူလေးများကို သံဓာတ်ဆေးပြားတိုက်ကျွေးရာ Fe Plus (သံဓာတ်ဆေး)အစား Fusid 40 (ဆီးဆေး)နှင့်မှား၍ တိုက်ခဲ့ရာမှ ကျောင်းသူ ၁၃၀ ကျော် ဗန်းမော်ပြည်သူ့ဆေးရုံပြင်ပလူနာဌာနတွင် ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အေးနိုင်ဦးတို့သည်ဆေးရုံတက်ကုသမှုခံယူသူ ကျောင်းသူများထံသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး သွားလာရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးကြသည်။

“နံနက် ၁၀ နာရီခန့်က ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသူတွေကို Fusid 40 ဆေးတိုက်ခဲ့တယ်။ တနင်္လာနေ့ မတိုက်ဖြစ်လို့ သောကြာနေ့မှာ တိုက်ခဲ့တယ်။ ကျောင်းသူ ၇၁၃ ဦး၊ ဆရာမ ၁၃ ဦး စုစုပေါင်း ၇၂၆ ဦးတိုက်ခဲ့တယ်။ နံနက် ၁၁ နာရီကျော်မှာ ဆေးသောက်သူကျောင်းသူတွေ ခေါင်းမူးဝေပြီး ဆီးခဏခဏ သွားကြတယ်။ ကျောင်းသူအများအပြားဖြစ်လာတဲ့အခါ ဆေးရုံကို သွားပြသခဲ့ကြပါတယ်”ဟု ဆရာမတစ်ဦးက ပြောသည်။

“ဆေးသောက်ပြီး တစ်နာရီကျော်ကြာမှာ ကျောင်းမှာဆီးနှစ်ခါသွားတယ်၊ ခေါင်းမူးဝေပြီး အော့အန်တယ်၊ အိမ်ရောက်တော့ ဆီးခဏခဏသွားတယ်”ဟု ဆေးရုံရောက်ရှိသူ ကျောင်းသူတစ်ဦးက ပြောသည်။

“ညနေ ၆ နာရီထိ ဆေးရုံကို လာရောက်ပြသကုသသူ ၁၃၀ ကျော်ရှိတယ်၊ ကုသပြီး ပြန်သွားကြတယ်၊ စိုးရိမ်စရာ မရှိပါဘူး”ဟု ကျောင်းသူမိဘတစ်ဦးက ပြောသည်။ **ဝါဝါ(ဗန်းမော်)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ကာကွယ်ဆေးဖျန်းခြင်း၊ အမှိုက်များနှင့် ချုံနွယ်များ ရှင်းလင်းခြင်းကို ရေတံခွန်ဘုန်းတော်ကြီး ကျောင်းအတွင်းနှင့်မြို့ပေါ် ခြောက်ရပ်ကွက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**



**ရခိုင်ပြည်နယ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများတွင် ရေအိုး၊ ရေအိုင်၊ ရေတိုင်ကီများအတွင်း ခြင်ကျားမပေါက်ပွားစေရန် ဇူလိုင် ၁၀ ရက်က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းထွန်းနှင့်အဖွဲ့ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ညသူ

# ငွေကျပ် ၂၃ သိန်းကျော် ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**မြစ်ကြီးနား ဇူလိုင် ၁၁**

မြစ်ကြီးနားမြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝဏ္ဏဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီခွဲခန့်တွင် နယ်မြေသတင်းစုံစမ်းနေစဉ် နောင်နန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ လူတစ်ဦးကို အထုပ်တစ်ထုပ်နှင့်အတူ တွေ့ရှိထိန်းသိမ်းထားကြောင်း သိရသဖြင့် သွားရောက်စစ်ဆေးရာ သိန်းနိုင်ဦး ဆိုသူအား GAO YUAN HDNG စာတန်းပါ အနီရောင်ပန်းသီးဂျပ်ဖာတစ်ဖာနှင့်အတူ တွေ့ရသည်။

အဆိုပါ ဂျပ်ဖာကို ဖွင့်ဖောက်ရှာဖွေ ရာ ဘိန်းဖြူမှုန့် အလေးချိန် စုစုပေါင်း ၂၉၅ ဒသမ ၁ ဂရမ်ခန့် (ဒေသ တန်ဖိုးငွေကျပ် ၂၃၆၀၈၀၀၀) ကို တွေ့ရှိသိမ်းဆည်းရမိသည်။ သိန်းနိုင်ဦး အရှေ့သာဂရ ကျေးရွာ ကျောက်ဆည်မြို့နယ်နေ သူအား မြစ်ကြီးနားမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဆက်စပ်ပတ်သက်နေသူများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆၂)**

# ပြည်သူလူထုက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေသည့် ပြစ်မှုကျူးလွန်သောစစ်သည်အား ထောင်ဒဏ် ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၁၁

**မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ၊ ဗန်းမော်မြို့နယ်ရှိ တပ်ရင်းတစ်ရင်းမှ စစ်သည်တစ်ဦးသည် ဧပြီ ၁၃ ရက် ညပိုင်းတွင် တပ်ရင်းဌာနချုပ်အနီးရှိ ကျေးရွာမှ အသက် ၇၃ နှစ်အရွယ် အဘွားအို တစ်ဦးတည်းနေထိုင်သော နေအိမ်သို့ သွားရောက်ခဲ့ရာ ရွာသူရွာသားများက ဝိုင်းဝန်းဖမ်းဆီးပြီး နေအိမ်ကျူးကျော် ဝင်ရောက်မှု၊ သားမယားပြုကျင့်ရန် ကြံစည်မှုနှင့်သတ်ဖြတ်ရန်ကြိုးစားမှုတို့ဖြင့် စွပ်စွဲခံရသည်။**

သို့ဖြစ်၍ တပ်မတော်က ၎င်းစစ်သည်အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် စွပ်စွဲသည့်အတိုင်း ပြစ်မှုကျူးလွန်ခြင်း ရှိ၊ မရှိ စစ်ဆေးနေစဉ် ဗန်းမော်မြို့တွင် ကချင်နှစ်ခြင်းခရစ်ယာန် အသင်း (KBC)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ် စီတန်းလှည့်လည်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်အား စစ်ဆေးခဲ့ရာ ၎င်းစစ်သည်မှာ ယခင်ကတည်းက ခင်မင်ရင်းနှီးစွဲ ရှိခဲ့သည့်နေအိမ်သို့ သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သားမယားပြုကျင့်ခဲ့ခြင်း ရှိ/မရှိအား ကာယကံရှင်နှင့်စစ်သည်တို့ကို ဆေးစစ်ဆေးခဲ့ရာတွင် (ဆေးမှတ်ချက် အပါအဝင်)သားမယားပြုကျင့်ခဲ့ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့သော်လည်း ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေနိုင်ပြီး အကြည်ညိုပျက်စေနိုင်သဖြင့် တပ်မတော် အက်ဥပဒေနှင့်အညီ စစ်တရားရုံးဖြင့်စစ်ဆေးခဲ့ပြီး ဇွန် ၂၂ ရက်တွင် ၎င်းစစ်သည်ကို ပြစ်မှု၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော နယ်ဘက်အကျဉ်းထောင်တွင် ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခဲ့သည်။

အဆိုပါ စစ်သည်အား စစ်တရားရုံးဖြင့် စတင် စစ်ဆေးချိန်မှစ၍ ပြစ်ဒဏ်ချမှတ်ခဲ့သည့်နေ့အထိ နယ်ဘက်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကျေးရွာမှ ရပ်မိရပ်ဖများ၊ တရားလိုဘက်ဆွေမျိုးများ၊ ကချင်နှစ်ခြင်းခရစ်ယာန် အသင်း(KBC) နှင့် လူမှုရေးအသင်းအဖွဲ့များကို ဖိတ်ကြား တက်ရောက်စေပြီး ပွင့်လင်းမြင်သာစွာ စစ်ဆေးခဲ့သည်။

ထိုကဲ့သို့ တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေနိုင်သော၊ ပြည်သူနှင့် တပ်မတော်အကြား ယုံကြည်မှုပျက်ပြားစေနိုင်သော၊ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်စေနိုင်သော ကိစ္စရပ်များကို ကျူးလွန်ပါက တပ်မတော်အနေဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**စစ်သည်အား တပ်ရင်းရုံး၌ ပြစ်ဒဏ်ထုတ်ပြန် ကြေညာနေစဉ်။**

# ယခုလအတွင်း ရာထူးဝန်အဖွဲ့မှတစ်ဆင့် လျှောက်လွှာခေါ်ယူထားသည့် ဆရာဝန်များကို လူတွေ့နှုတ်ဖြေဖြေဆိုခြင်းဖြင့်သာ ရွေးချယ်ခန့်ထားမည်

**နေပြည်တော် ဇူလိုင် ၁၁**

ယခုနှစ်တွင် ရာထူးဝန်အဖွဲ့မှတစ်ဆင့် လျှောက်လွှာခေါ်ယူထားသည့် ဆရာဝန်များကို လူတွေ့နှုတ်ဖြေ ဖြေဆိုခြင်းဖြင့်သာ ရွေးချယ်ခန့်ထားမည်ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနမှ သိရသည်။

"ဒီလအတွင်း သတင်းစာမှာခေါ်ယူထားတဲ့ ဆရာဝန်ဦးရေ ၄၀၀ ကို မကြာခင်မှာ အင်တာဗျူးလုပ်ပြီး ခန့်ထားမှာဖြစ်ပါတယ်။ ဆရာဝန်လိုအပ်ချက်မြင့်မားနေတဲ့အတွက် PSC ကခေါ်တဲ့အခါမှာ အင်တာဗျူးနဲ့ပဲခေါ်ပါမယ်။ ရေးဖြေ ဖြေဆိုခြင်းမရှိဘဲနဲ့ ခေါ်ယူမှာဖြစ်ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြောသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ် ဆရာဝန်ဦးရေ ၁၂၀၀ ကျော် မွေးထုတ်လျက်ရှိပြီး ယခုနှစ်တွင် ပိုမိုရွေးချယ်ခေါ်ယူရန် လျာထားသည်။ ထို့ပြင် လျှောက်လွှာခေါ်ယူပြီး အရေအတွက် ၄၀၀ အပြင် ဦးရေ ၈၀၀ ထပ်မံခေါ်ယူရန် လျာထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ကျန်းမာရေးဝန်ထမ်းများတွင် အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ အဖွဲ့အစည်းများတွင် လုပ်ငန်းခွင် ဝင်ရောက်နေသူများ ရှိနေပြီး အစိုးရဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် သတ်မှတ်ကာလအတိုင်း တာဝန်ထမ်းဆောင်ခြင်းမရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းများ မတက်ရောက်မီက ချုပ်ဆိုထားသည့် စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းအတိုင်း လျော်ကြေးငွေပေးဆောင်ရမှု ရှိနေသေးကြောင်း သိရသည်။

ထိုသို့ပေးဆောင်ရခြင်းနှင့် ပတ်သက်၍ အမြဲတမ်းအတွင်းဝန်က "ပုံမှန်ဆိုရင် ဘွဲ့လွန်တက်တယ်ဆိုရင် Bond ထိုးရတယ်။ နောက်ပိုင်းမှာ Bond ထိုးထားသော်လည်း ဖြေလျှော့ပေးလိုက်တာတွေ ရှိပါတယ်။ တချို့ကျတော့လည်း အလုပ်ကနေ ထွက်သွားတယ်။ Dismiss ဖြစ်သွားတယ်ဆိုရင် အရင်တုန်းက လျော်ကြေးတောင်းတာရှိတယ်။ ဒါတွေလည်း ဖြေလျှော့ပေးပါတယ်။ တော်တော်များများကတော့ ပြန်လျော်ရတာ နည်းပါတယ်" ဟုပြောသည်။

သူနာပြုဆရာမများအနေဖြင့် သူနာပြုဒီပလိုမာသင်တန်း တက်ရောက်စဉ်တွင် ပညာသင်ထောက်ပံ့ငွေ ယခင်က တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ခံစားခွင့်ပေးထားပြီး ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ တစ်လလျှင် ငွေကျပ်သုံးသောင်းသို့ တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိကာ သင်တန်းပြီးဆုံးပါက နိုင်ငံတော်ကပေးအပ်သော တာဝန်များကို အနည်းဆုံးသုံးနှစ်တာ တာဝန်ထမ်းဆောင်ရန် သတ်မှတ်ထားသည်။

"ပညာသင်ထောက်ပံ့ကြေး ပံ့ပိုးပေးထားတဲ့ ဒီပလိုမာရရှိတဲ့ သူနာပြုဆရာမတွေအနေနဲ့ နိုင်ငံတော်တာဝန်ကို သုံးနှစ် ထမ်းဆောင်ရမှာဖြစ်ပြီး သုံးနှစ်ပြည့်မြောက်ပြီးရင် နုတ်ထွက်လိုက ထွက်နိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်က စိုက်ထုတ်ပြီး မွေးထုတ်ခဲ့တဲ့ ဆရာမတွေဖြစ်တယ်။ နိုင်ငံတော်ကလည်း လိုအပ်နေတယ်။ တာဝန်လုံးဝထမ်းဆောင်ခြင်းမရှိဘဲ အပြင်ရောက်နေတာက များနေတဲ့အတွက် ငွေကြေးအနေနဲ့ ပေးလျော်ဖို့သတ်မှတ်ထားတာပါ။ မွေးထုတ်ထားတဲ့ သူနာပြုဦးရေ မနည်းဘဲ လက်ရှိ Work Force ကနည်းနေတာနဲ့ ပညာသင်ထောက်ပံ့ကြေးကြောင့် လျော်ကြေးသတ်မှတ်ထားတာဖြစ်ပါတယ်။ နိုင်ငံတော်က အခုဖြေလျှော့ပေးတဲ့အနေအထားတွေ အများကြီးရှိပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်နွဲ့နွဲ့ခင်က ပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လူဦးရေနှင့် ကျန်းမာရေးဝန်ထမ်းအချိုးအစားကွာဟချက်ရှိနေပြီး ပုဂ္ဂလိကကဏ္ဍမပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုတွင် လူဦးရေ ၂၆၉၂ ဦးတွင် ဆရာဝန်တစ်ဦးနှုန်းရှိကာ ခန့်အပ်ထားရမည့် ဆရာဝန်ဦးရေ သုံးသောင်းခန့်တွင် ၁၅၀၀၀ ခန့် ခန့်ထားပြီးဖြစ်သည်။

ထို့ပြင် ၁၉၈၈ မှ ၂၀၁၄ ခုနှစ်အတွင်း သူနာပြုသိပ္ပံဘွဲ့ရ ဆရာမအရေအတွက် ၅၇၇၁ ဦးနှင့် ဒီပလိုမာရရှိသည့် သူနာပြုဆရာမများ အရေအတွက် ၂၃၁၂၄ ဦးရှိပြီး သားဖွားဆရာမဦးရေ သုံးသောင်းကျော်ရှိကာ စုစုပေါင်း ခြောက်သောင်းနီးပါး မွေးထုတ်နိုင်ခဲ့သည်။ လက်ရှိတွင် သူနာပြုဆရာမဦးရေ ၁၆၀၀၀ ကျော်နှင့် သားဖွားဆရာမ ၁၀၀၀၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ **စံကားဝါ**

# ညောင်တုန်းတွင်တည်မည့် ဗိုလ်ချုပ်ကြေးရုပ် ပွင့်လင်းရာသီရောက်မှ သယ်ယူရန် ကော်မတီကဆုံးဖြတ်

**ညောင်တုန်း ဇူလိုင် ၁၁**

ညောင်တုန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ကျင်းပရေးနှင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီမှ အမရပူရမြို့ "တောင်ကြီး ဦးဝင်းမောင်ကြေးသွန်းလုပ်ငန်း"တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သွန်းလုပ်ရန် အပ်နှံထားသော လုပ်ငန်းမှာပြီးစီးနေပြီဖြစ်သဖြင့် သယ်ယူရေးလုပ်ငန်းအစည်းအဝေးကို မြို့နယ်စည်ပင်သာယာရေးရုံး၌ ဇူလိုင် ၉ ရက်ကကျင်းပသည်။

အစည်းအဝေးတွင် ကြေးရုပ်ပြီးစီးမှုအခြေအနေ၊ ကြေးရုပ်ထားရှိမည့် နေရာပြင်ဆင်ထားရှိမှုအခြေအနေ၊ ရန်ပုံငွေအခြေအနေ၊ ကြိုဆိုရေး၊ နေရာချထားရေး တက်ရောက်လာသော ကော်မတီဝင်များက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သယ်ယူရေးနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရေးတို့ကို ပွင့်လင်းရာသီ၌ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



လားရှိုးမြို့၌ တည်ဆောက်လျက်ရှိသည့် ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းရှိ အထပ်မြင့်အိမ်ရာများ တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။ (သတင်း-ဖော်ပြပြီး)(ဓာတ်ပုံ-ပြန်/ဆက်)

# မိုးရာသီကာလ ချင်းတောင်တက်ကားများ သတိထားမောင်းနှင်ရန်လို

**ကလေး ဇူလိုင် ၁၁**

ယခုနှစ်အတွင်း ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းပိုင်းနေရာများတွင် တောင်များ ဖြိုချကာ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကြောင့် လမ်းမများပေါ်တွင်မြေစာများကျပြီး မိုးရွာပါက လမ်းချော်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် ချင်းတောင်တက်ကားများအနေဖြင့် သတိထားမောင်းနှင်ရန် လိုအပ်နေကြောင်း ချင်းတောင်တက် ကားအသင်းများထံမှ သိရသည် ။

"ကလေး-တီးတိန်-ရိခေါ်ဒါလမ်းပိုင်းနဲ့ သိုင်းငင်း-ဖလမ်း-ဟားခါးလမ်းပိုင်းတွေမှာလမ်းတွေပြင်နေပါတယ်။ ဒါပေမယ့် မိုးရာသီဆိုတော့ လမ်းချဲ့လိုက်တဲ့ မြေစာတွေက လမ်းပေါ်ကျနေတော့ မိုးရွာရင် လမ်းချော်ပါတယ်။ အဓိကဖြစ်တဲ့နေရာတွေကတော့ သိုင်းငင်းအောက်ဘက်နားနဲ့ ကလေး-တီးတိန်လမ်းပိုင်းကနေ ဒီတောင်ခြေရင်းမှာ လမ်းချော်မှုတွေက ပိုဆိုးပါတယ်" ဟု ရှမ်းတောင်တန်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ချင်းတောင်ပေါ်ရှိလမ်းများသည် ယခင်က မြေသားလမ်းအဆင့်နှင့် ကတ္တရာလမ်းဖြစ်သည်။ ယခုနောက်ပိုင်းတွင် နိုင်ငံတော်အစိုးရက လမ်း၊ တံတားများအား ဦးစားပေးလုပ်ကိုင်ဆောင်ရွက်လာခဲ့သော်လည်း မိုးတွင်းကာလတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် လမ်းမြေသားများမှာ နိမ့်ဆင်းခြင်း၊ တောင်ပြိုခြင်းများ မကြာခဏဖြစ်ပွားနေသည်။ "ချင်းတောင် လမ်းတွေက ဘယ်လောက်ပဲ မီးထိုးမောင်းမောင်း ရှေ့ပေ ၁၀၀ ဆိုရင်ဘာမှ မမြင်ရဘူး။ ကားကောင်းမယ်၊ ကားဆရာကျွမ်းကျင်မယ်ဆိုရင် ယာဉ်အန္တရာယ် ကင်းရှင်းပါမယ်"ဟု ချင်းတောင်တက်ယာဉ်မောင်းတစ်ဦးက ပြောသည်။ **သျှင်နေမင်း**

# စက်မှုအသက်မွေးပညာ ရွေ့လျားသင်ကြားရေးယာဉ် အောက်မြန်မာပြည်သို့ သွားရောက်သင်ကြားရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၁**

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသိပညာအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၄ ခုနှစ်မှစတင်၍ သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းများကို မြို့ပေါ်သို့ သွားရောက်သင်ကြားရန်အခက်အခဲရှိသည့် ကျေးလက်ဒေသမှ လူငယ်များအတွက် သင်တန်းဆရာများပါဝင်သော သင်ကြားရေးယာဉ်ဖြင့် ကျေးလက်များအထိ သွားရောက်ကာ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းကို အဆိုပါသင်ကြားရေးယာဉ်ဖြင့် အထက်မြန်မာပြည် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သွားလာရေး ခက်ခဲသည့် နေရာများသို့ သွားရောက်သင်ကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယအစီအစဉ်အဖြစ် အောက်မြန်မာပြည်ရှိ သွားလာရန် ခက်ခဲသောအရပ်ဒေသများသို့ စက်မှုနှင့် အသက်မွေးပညာရပ်များ ဖြန့်ဖြူးအကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"အခုပြင်ဆင်ထားတဲ့ သင်ကြားရေးယာဉ်က အောက်မြန်မာပြည်အတွက် ရည်ရွယ်ပြီး ထုတ်တာပါ။ သင်ကြားရေးယာဉ်မှာ သင်ထောက်ကူပစ္စည်းအပြည့်အစုံနဲ့ လျှပ်စစ်မီးမရှိတဲ့ နေရာမှာလည်း သင်လို့ရအောင် မီးစက်အင်ဂျင်တွေတပ်ဆင်ပေးထားပါတယ်။ ကွန်တိန်နာပုံးကို သင်ကြားရေးခန်းအဖြစ် အသုံးပြုလို့ရအောင် လုပ်ထားတယ်။ အဲကွန်းတွေ၊ ပန်ကာတွေ၊ ပရိုဂျက်တာတွေ တပ်ဆင်ထားပါတယ်။ မကြာမီ မော်လမြိုင်ဘက်မှာ သွားရောက်သင်ကြားပေးဖို့ စီစဉ်နေပါတယ်" ဟု စက်ရုံမှူး ဦးမျိုးချိုက ပြောသည်။

လျှပ်စစ်မီးခက်ခဲပြီး ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများသို့ စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းများ သွားရောက်သင်ကြားပို့ချနိုင်ရန် သင်ကြားရေးယာဉ်ကို ရန်ကုန်မြို့ အမှတ်(၁၁) အကြီးစားစက်ရုံမှ Truck ယာဉ်အား ဒီဇိုင်းပြန်လည် ပြင်ဆင်ရေးဆွဲပြီး ထုတ်လုပ်ခြင်းဖြစ်ကာ ယခုထုတ်လုပ်လိုက်သည့် ယာဉ်သည် ဒုတိယမြောက်ယာဉ်ဖြစ်ကြောင်း သိရသည်။ **မင်းသစ်**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ

# ဓာတ်တိုင်ပေါ်သို့တက် မိန်းတင်ရာ ဓာတ်လိုက်၍ ပြုတ်ကျသေဆုံး

**ရေစကြို ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဇူလိုင် ၁၀ ရက် ညနေ ၆ နာရီ ခွဲခန့်က လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

သေဆုံးသူမှာ မြို့နယ်လျှပ်စစ် လိုင်းမင်းအကူဖြစ်သူ ရေစကြိုမြို့နယ် ဖုလုံရွာနေ ကြည်လွင်(၄၆နှစ်)ဖြစ်ပြီး လျှပ်စစ်ဝန်ထမ်း ဦးသက်ထွေးနှင့်အတူ မီးပျက်၍ လျှပ်စစ်လိုင်းများကို လိုက်လံစစ်ဆေးစဉ် ပခုက္ကူ-မုံရွာကားလမ်း ရေစကြိုမြို့အဝင်ရှိ အမြင့်ပေ ၂၀ ရှိသော 11 KV ဓာတ်အားလိုင်းတွင် အမြင့် ၂၄ ပေခန့်၌ တပ်ဆင်ထားသည့် မိန်းခလုတ်ကို ကြည်လွင်က ဓာတ်တိုင်ပေါ်သို့တက်၍ မိန်းတင်ရာ ဓာတ်လိုက်ကာ ဓာတ်တိုင်ပေါ်မှ အောက်သို့ ပြုတ်ကျသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# မိုးစပါး စိုက်ပျိုးရာသီအကြို တောင်သူပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ဆက်တိုက်ဆောင်ရွက်နေ



**ရေစကြို ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးသီးနှံတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရာသီအကြို တောင်သူပညာပေးဟောပြောပွဲများကို ကျေးရွာများသို့ ဖြန့်ကြက်သွားရောက်ကြပြီး ဆက်တိုက် ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုဟာ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ တင်ပို့နေပါတယ်။ နိုင်ငံတော်ကလည်း အရှေ့တောင်အာရှမှာ တစ်ချိန်က ဆန်စပါးတင်ပို့မှုထိပ်ဆုံးနိုင်ငံအဆင့်ကိုပြန်လည်ရယူနိုင်ဖို့ဆိုတဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပြည့်မီအောင် အခြေခံကျတဲ့ မြို့နယ်တွေက ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ရေစကြိုမြို့နယ်အနေနဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ ၃၀၇၇၆ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့နေရာမှာ အထွက်တိုးစပါးကို စိုက်ပျိုးခြင်းဖြင့် တောင်သူတွေ အကျိုးများသလို နိုင်ငံတော်ရဲ့ ဆန်စပါး ရိက္ခာတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့် အထွက်လည်းတိုး အကျိုးများစေတဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေး ပညာပေးဟောပြောပွဲတွေကို ကျွန်တော်အပါအဝင် ဒုတိယဦးစီးမှူးများဖြစ်တဲ့ ဦးတင်ထွန်း၊ ဦးအေးလွင်ဝင်း၊ ဒေါ်ကေသွယ်မြင့်တို့က ဦးဆောင်ကာ လက်ထောက်ဦးစီးမှူးများ၊ ဒု-လက်ထောက်ဦးစီးမှူးများ အားလုံး ကျေးရွာများ အရောက်သွား၍ ဟောပြော ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဦးစီးအရာရှိ ဦးစိန်မောင်က ရှင်းလင်းပြသည်။

ဇူလိုင် ၁၀ ရက်နံနက်က ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ချေးငွေများ ထုတ်ယူရန် လာရောက်ကြသော တောင်သူများနှင့် တွေ့ဆုံ၍ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လက်ထောက်ဦးစီးမှူးများ ဖြစ်ကြသော ဦးမိုးတင်၊ ဒေါ်ရည်မွန်ကျော်၊ ဦးအောင်ဟိန်းတို့က သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် စိုက်ပျိုးရေးဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စနစ်တကျ အချိုးကျရောစပ်အသုံးပြုရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ ပိုးမွှား ရောဂါ ကြိုတင်ကာကွယ်ရေး၊ မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ ဒေသရေမြေသဘာဝ၊ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဈေးကွက်လည်းဝင်၊ ဈေးကောင်းလည်းရသည့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးကို စနစ်တကျထိရောက်စွာ အသုံးပြုစိုက်ပျိုးရေးများနှင့်ပတ်သက်၍ ဟောပြောကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကျေးရွာများတွင် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် လေ့ကျင့်တိုင်းတာ

**စစ်တွေ ဇူလိုင် ၁၁**

ကျေးလက်နေပြည်သူများ ပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာနေထိုင်ရခြင်းကို ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်းဖြင့် ကျေးလက်နေပြည်သူများ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်၏ မြို့နယ်တစ်မြို့နယ်လျှင် မြေယာမှုခင်း အရှုပ်အရှင်းမရှိသော ကျေးရွာတစ်ရွာစီကို ရွေးချယ်၍ မြေငှားဂရန်ထုတ်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် စစ်တွေမြို့နယ်အတွင်း ရှေ့ပြေးစမ်းသပ်မှုအနေဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်ရေးဆောင်ရွက်ရာ စစ်တွေမြို့နယ် ကျေးတေးကျေးရွာအုပ်စု ပြည်တော်သာကျေးရွာ၌ မြေကြီးမြေပုံမှန်ကန်စေရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရန် လေ့ကျင့်တိုင်းတာမှုများ ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။



မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ရှေ့ပြေးစမ်းသပ်မှုအနေဖြင့် ပြည်နယ်အတွင်း မြို့နယ်တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာစီရွေးချယ်ပြီး ကျေးရွာ ၁၇ ရွာတွင် နေထိုင်ကြသည့် အိမ်ခြေပေါင်း ၅၆၃၄ အိမ်မှ အိမ်ထောင်စု ၆၀၄၅ စု၊ မြေဧရိယာ ၈၁၂ ဒသမ ၆၈ ဧကကို အသေးစိတ်တိုင်းတာပုံထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဖြူးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

**ဖြူး ဇူလိုင် ၁၁**

ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူများအား မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို ဇွန် ၁ ရက်မှစတင်၍ တစ်ဧကငွေကျပ်တစ်သိန်းနှုန်းဖြင့် အချိန်မီ ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ ထုတ်ချေးရာတွင် ဇူလိုင် ၈ ရက်အထိ ကျေးရွာအုပ်စု ၃၅ အုပ်စုတို့မှ တောင်သူများအား မိုးစပါးချေးငွေ ငွေကျပ်သိန်းပေါင်း ၁၉၄၀၇ သိန်းအထိ ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသောတောင်သူများအတွက် လယ်ယာလုပ်ငန်းခွင်အမီ ဇူလိုင်လနောက်ဆုံးပတ်တွင် ရာခိုင်နှုန်းပြည့်အပြီး ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ စုံစမ်းသိရှိရသည်။

**ဖြူး-မြင့်ဦး**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ ဇွန်လမိုးရွာသွန်းမှုကြောင့် မိုးစပါးများ စတင်စိုက်ပျိုးနေမှုကို တွေ့ရစဉ်။** (ဇီးကုန်းမြို့နယ်တွင် ဇူလိုင်လကုန်အထိ မိုးစပါး ၄၈၀၇၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။)

**သိန်းတိုး(ဇီးကုန်း)**


### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
### ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများကို ၁၃-၇-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး(ရွှေမြင်တင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၂-၇-၂၀၁၅ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါသွင်းမည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ ဖုန်းအမှတ် ၀၉-၇၉၉၇၉၈၇၄၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါခေါ်ယူခြင်း

(၁) ရန်ကုန်မြို့၏လူဦးရေနှင့် လူမှုစီးပွားအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုကြောင့် မြို့တိုးချဲ့တည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ မြို့သစ်တိုးချဲ့မှုကို လက်ရှိ ရန်ကုန်မြို့၏အနောက်ဘက်၊ ပန်းလှိုင်မြစ်နှင့်တွံတေးတူးမြောင်းအကြား၊ လှိုင်မြစ်နှင့်လှိုင်သာယာ-တွံတေးကားလမ်းအကြား မြေနေရာများကို လျာထားပါသည်။

(၂) အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်းအတွက် နိုင်ငံသား Developer ကို ရွေးချယ်ရန် အောက်ပါအခြေခံအချက်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆိုပြု တင်ပြသွားရန်ဖြစ်ပါသည်-

(က) ကုမ္ပဏီဆိုင်ရာအချက်အလက်များ။
(ခ) ရင်းနှီးမြှုပ်နှံမည့် ငွေကြေးအစီအစဉ်။
(ဂ) နည်းပညာအကူအညီရယူဆောင်ရွက်မည့်အစီအစဉ်။
(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အစီအစဉ်(လုပ်ငန်း/ကာလ)။
(င) ပြည်သူလူထုအတွက် လူမှုစီးပွားဆိုင်ရာဆောင်ရွက်ပေးမည့်အစီအစဉ်။
(စ) အထူးဖော်ပြလိုသည့်အချက်များ။

(၃) အဆိုပြုတင်ဒါလျှောက်လွှာတစ်စုံလျှင် ကျပ်၅၀၀၀၀ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၄) တင်ဒါအာမခံစပေါ်ငွေ ကျပ်ငါးဘီလီယံပေးသွင်းထားသည့် ချလန်မူရင်းကို အဆိုပြုတင်ဒါလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(၅) အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ခြင်းကို ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပြုတင်ဒါလျှောက်လွှာများကို ချိပ်ပိတ်စာအိတ်ဖြင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီရှေ့မှောက်တွင် တင်သွင်း၍ မှတ်ပုံတင်သွားရန်ဖြစ်ပါသည်။

(၆) အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း)လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မိုင်းခတ် အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးလောလန် ဖြစ်ပါသည်။

**ဦးလောလန်**

### မိခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မိုင်းခတ် အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မနှင်းဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်ရှော်ခို ဖြစ်ပါသည်။

**ဒေါ်ရှော်ခို**

### မိခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မိုင်းခတ် အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမီးခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်အယ်ပွဲ ဖြစ်ပါသည်။

**ဒေါ်အယ်ပွဲ**

### မိဘအမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မိုင်းခတ် အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုးသီ၏ မိဘအမည်မှန်မှာ ဦးလောဝါ-ဒေါ်ဆိုင်ဆွေ ဖြစ်ပါသည်။

**ဦးလောဝါ-ဒေါ်ဆိုင်ဆွေ**

### ပျောက်ဆုံးကြောင်း

ကျွန်မ မယုယုလွင် ၁၂/ပဇတ(နိုင်)၀၀၂၁၂၈၏ နိုင်ငံကူးလက်မှတ် (MA-၃၇၅၀၈၆)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၃၄၇၁၃၈**

### အများသိစေရန်

ကချင်ပြည်နယ်၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် ၂၄၊ ဦးပိုင်အမှတ် ၁၆၅၊ ဧရိယာ ၀ဒသမ၀၅၇ဧကရှိ ဦးဇော်ရှိန်အမည်ပေါက်မြေကို ကျွန်မ ဒေါ်အေးအေးထွန်း ၁/ ကမန(နိုင်)၀၁၈၃၃၄က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ယခုအခါ ယင်းမြေကွက်ကို လက်လွှဲရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးထွန်း**
**၁/ကမန(နိုင်)၀၁၈၃၃၄**
**အလ/၇၁၊ အလင်းကောင်ရပ်ကွက်၊**
**မိုးမောက်မြို့**

### သွေးသည် အသက်



အမှတ် (၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(နေပြည်တော်) ကွပ်ကဲမှုလက်အောက်ရှိ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုဗ္ဗသီရိ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးညွန့်ထွန်း ဦးစီး၍ ပုဗ္ဗသီရိမြို့နယ်ရှိ အေးမေတ္တာစံ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၌ ကျောင်းသားကျောင်းသူ ၂၅၀ ခန့်ကို ဇူလိုင် ၈ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောစဉ်။

မင်းမင်းလတ် (ရုပ်ဗေဒ)

# ၂၀၁၅ ခုနှစ် ဇွန်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုစာရင်း

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၅ ခုနှစ် ဇွန်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၄၁ မှု အလေးချိန် ၃၈ ဒသမ ၂၈၄၇ ကီလို၊ ဘိန်းဖြူ ၂၁၇ မှု အလေးချိန် ၄ ဒသမ ၉၈၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအမှု၂၆၀၊ ၁၀၂၇၁၁၄ ဒသမ ၅ပြား၊ ဆေးခြောက် ၁၈ မှု အလေးချိန် ၈ ဒသမ ၄၈၄၄ ကီလို၊ ဘိန်းဆီခဲ ၁၁ မှု အလေးချိန် ၃ ဒသမ ၇၆၁၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၁ မှု အလေးချိန် ၅ ဒသမ ၄၀၇၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ငါးမှု အလေးချိန် ၆၂ ဒသမ ၅၄၇၈ ကီလို၊ ဗျူပရီနော်ဖင်း-မှု ၊ အပြား ၂၀၊ အိုက်စ်တစ်မှု အလေးချိန် ၉၆ ဒသမ ၆၇၆၃ ကီလို၊ ကဖင်း -မှု၊ အလေးချိန် ၀ ဒသမ ၂၅ ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ၄၄ ဒသမ ၁ ကီလို၊ ဘိန်းဆီရည်-မှု၊ သုံးလစ်တာ ၊ ဆူဒိုအက်ဖီဒရင်းဆေးပြား တစ်မှု၊ အပြား ၁၈၀၀၀၀၊ ဒိုင်ယာစီပမ်ထိုးဆေး-မှု ငါးပုလင်း၊ ဒိုင်ယာစီပမ်ဆေးပြား တစ်မှု ၁၂၃ ပြား၊ ထရာမဒေါက် တစ်မှု၊ ၉၈၆ တောင့်၊ဘိန်းရည်သုံးမှု ၈ ဒသမ ၂၃၆၅ လစ်တာ၊ ဘိန်းညိုမှုန့်-မှု အလေးချိန် ၀ ဒသမ ၃၁၆၃ ကီလို၊ ဆေးပြားအရောင်တင်မှုန့် တစ်မှု ၀ ဒသမ ၅ ကီလို၊ ကိုဒင်းတစ်မှု ၀ ဒသမ ၁ လစ်တာ၊ အခြားမှုသုံးမှု၊ မှတ်ပုံတင်ပျက်ရှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၈၃ မှု ဖမ်းဆီးခဲ့ရာတွင် ပြစ်မှုကျူးလွန်သူ အမျိုးသား ၇၃၃ဦး၊ အမျိုးသမီး ၉၅ ဦး စုစုပေါင်း ပြစ်မှုကျူးလွန်သူ ၈၂၈ တို့အား ဥပဒေအရ အရေးယူခဲ့သည်။

**(သတင်းစဉ်)**

# အရှိန်ပြင်းစွာဖြင့် မဆင်မခြင်မောင်းသော ခရီးသည်တင်ယာဉ်ငယ် ဘီးချော်တိမ်းမှောက်ပြီး ခရီးသည်များဒဏ်ရာရ

**သထုံ ဇူလိုင် ၁၁**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ ဈေးတန်းအနီး လမ်းကွေ့တွင် ရန်ကုန်-ဘားအံ ခရီးသည်တင် ဟိုင်းလပ်ယာဉ်ငယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ဘီးချော်တိမ်းမှောက်ခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမှ သထုံဘက်သို့ ယာဉ်မောင်း ကိုအောင်နိုင်ဆွေ မောင်းနှင်လာသည့် ၇ခ/---- ဟိုင်းလပ်အမျိုးအစား ခရီးသည်တင်ယာဉ်ငယ်သည် ဒူးရင်းဆိပ်ကျေးရွာ ဈေးတန်းအနီးလမ်းကွေ့ သထုံ-ဘားအံကားလမ်း မိုင်တိုင်အမှတ် (၇/၇)နှင့် (၇/၈) အကြားတွင် အရှိန်မထိန်းနိုင်ဘဲ ယာဘက်ဘီးချော်ကာ ကားလမ်း၏ ယာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်ပေါ်ပါခရီးသည် ၁၁ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သုံးဦးမှာ (အတွင်းလူနာ)အဖြစ် ကုသပေးထားကာ ကျန်ခရီးသည်များ စိုးရိမ်ရသည့်အခြေအနေမရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဒူးရင်းဆိပ်ကျေးရွာ နာရေးကူညီမှုယာဉ်ဖြင့် သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်းကိုအောင်နိုင်ဆွေအား သထုံမြို့သစ်သုဓမ္မဝတီရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ကမ်းပါးပြို၍ မူလွန်ကျောင်းနေရာရွှေ့ပြောင်း

**မကွေး ဇူလိုင် ၁၁**

ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် မြစ်ကမ်းပါးနှင့် ပေ ၂၀ ခန့်အကွာ မကွေးမြို့နယ် မြေနုကျွန်းကျေးရွာ မူလွန်ကျောင်းရှိ စာသင်ဆောင်နှစ်ဆောင်ကို လက်ထောက်ပညာရေးမှူး ဦးဆောင်သော ရွာသူရွာသား ၅၀ ခန့်တို့သည် အဆိုပါကျောင်းဆောင်ကိုဖျက်ကာ ဘုန်းတော်ကြီးကျောင်းဝင်းထဲသို့ ပြောင်းရွှေ့ခဲ့ရသည်ဟု သိရသည်။

အဆိုပါ မူလွန်ကျောင်းအတွင်း ကျန်ရှိနေသည့် အခြားကျောင်းဆောင်နှစ်ဆောင်လည်းရှိရာ ယင်းအဆောင်သည်မြစ်ကမ်းမှ ပေ ၁၀၀ ကျော် ဝေးကွာသဖြင့် စိုးရိမ်ဖွယ်မရှိဘဲ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# သရက်ခရိုင်/မြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သရက် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ထုံးတောင်အုပ်စု မီးသွေးဖုတ်တောင်ရွာရှိ တောင်တောရ ကုသိနာရုံ သာသနာ့နယ်မြေတွင် ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကျွန်း၊ ယူကလစ်၊ ယင်းမာ၊ ခရေအပင်ပေါင်း ၃၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

# လူသတ်လုယက်ပြီး ထွက်ပြေးလာသူများအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်က ဒလမြို့နယ် ဒလ-တွံတေးကားလမ်းရှိ မြို့ဝင်၊ မြို့ထွက်ဂိတ်၌ လှိုင်သာယာမြို့နယ်ဘက်မှ ဒလမြို့နယ်ဘက်သို့ လှိုင်သာယာမြို့နယ်နေ ကောင်းထက်သော်(၂၁နှစ်)နှင့် ဖြိုးသူ(၂၂ နှစ်)တို့ စီးနင်းလာသည့် ဟွန်ဒါဝေ့ဗ်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ၎င်းတို့နှစ်ဦးသည် ယင်းနေ့ ည ၉ နာရီခန့်က လှိုင်သာယာမြို့နယ်အတွင်း ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားတစ်ဦးအား ဓားဖြင့်ထိုးပြီး ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ Power Bank တစ်ခုတို့ကို လုယက်ထွက်ပြေးလာခြင်းဖြစ်ကြောင်း စစ်ဆေးသိရသည်။

သိရှိချက်အရ လှိုင်သာယာမြို့မ ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြား စုံစမ်းဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)ရှိ ဦးရွှေဘင်လမ်းပေါ်၌ လှိုင်သာယာမြို့နယ်နေ ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုဇင်မင်းသူ (၂၅ နှစ်)သည် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဒလမြို့မရဲစခန်းမှ ဖမ်းဆီးရမိသော ကောင်းထက်သော်နှင့် ဖြိုးသူတို့နှစ်ဦးကို စစ်ဆေးချက်များအရ ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုဇင်မင်းသူအား ဓားဖြင့်ထိုးပြီး ဆိုင်ကယ်နှင့် ဖုန်းတို့ကို လုယက်ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ သိမ်းဆည်းကာ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားသား တရားမဝင် ဝင်ရောက်မှုကို ပြစ်ဒဏ်ချမှတ်

**ကျောက်ကြီး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တရားရုံးက မြန်မာနိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ ဩစတြေးလျနိုင်ငံသား Mr. David George (၂၄နှစ်)အား ဇူလိုင် ၁၀ ရက်တွင် ပြစ်ဒဏ်များချမှတ်လိုက်သည်ဟု သိရသည်။

အမှုမှာ ဇွန် ၁၈ ရက်က ကျောက်ကြီးမြို့အဝင် ဆိပ်ကြီးကျေးရွာတံတားအနီး၌ မသင်္ကာဖွယ်ရာ နိုင်ငံခြားသားတစ်ဦးရောက်ရှိနေသည်ဆိုသော သတင်းအရ ကျောက်ကြီးမြို့မစခန်းမှ ဒုရဲအုပ်ကျော်ဇော‌နှင့် မအူပင်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်စိုးတို့က မြို့မရဲစခန်းသို့ ခေါ်ဆောင်ခဲ့ပြီး အမှုစစ်ရဲအုပ် မျိုးသူလတ်က ကျောက်ကြီးမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ခြင်းဖြစ်သည်။

**(ဝ၄၅)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (နေပြည်တော်)တွင် အလုပ်လျှောက်ထားလာသော Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(နေပြည်တော်)တွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော B.E (Civil). BE(IT), B.C.Sc, B.C.Tech, B.Com, B.Tech(EP) ဘွဲ့ရများအား အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | အင်္ဂလိပ်စာ ဘာသာရပ် | ၂၅-၇-၂၀၁၅ (စနေနေ့) | နံနက် ၀၉း၀၀နာရီ မှ ၁၂း၀၀ နာရီအထိ | အထက်မြန်မာပြည်တွင် မန္တလေးနည်းပညာတက္ကသိုလ်နှင့် နေပြည်တော် အောက်မြန်မာပြည်တွင် ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၂၆-၇-၂၀၁၅ (တနင်္ဂနွေနေ့) | နံနက်၀၉း၀၀နာရီ မှ ၁၂း၀၀ နာရီအထိ | |
| (ဂ) | လူတွေ့စစ်ဆေးခြင်း | | | ရေးဖြေစာမေးပွဲဖြေဆို အောင်မြင်ပြီးလူတွေ့စစ်ဆေးခံရမည့်သူများ စာရင်းအား သက်ဆိုင်ရာ စာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။ |

၂။ စာမေးပွဲဖြေဆိုမည့်သူများသည် ၂၂-၇-၂၀၁၅ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁ နှင့် ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ ပဒါန်း-ငဖဲ-စေတုတ္တရာ-သီကုန်း-လောင်းရှည်-ဆောလမ်းပေါ်ရှိ ဖူး၀-လောင်းရှည်အပိုင်းရှိ တံတားများ ဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ(ထိုင်းနိုင်ငံထုတ် ဆင်တံဆိပ်)အား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့် တင်ဒါလျှောက်လွှာများကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တို့တွင် ၁၄-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၇-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီတိတိ

(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၁-၇-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီတိတိ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ ဖုန်း-၀၆၂-၅၀၀၂၈၊ ၀၁-၈၅၀၀၇၅၈၊ တောင်ဥက္ကလာပ (မြင်သာ)


ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိဖို့မလို
လစာ(၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်
ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်
E . P . S (TOPIK)
အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီ။
၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း၊ Skill Tesk အပါအဝင်
ထူးချွန်ကျောင်းသား ထောင်ကျော်မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း၊
"တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည်"
ညနေ ၆း ၀၀- ၇း၃၀ ရုံးချိန်ပြင်ပသင်တန်းများစပြီ
ကိုထွေး- ကိုရီယားဘာသာ သင်တန်းကျောင်း
အမှတ်(၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်။
PH : 01 38 97 40, 09 4500 20 337, 09 420 243 587, 09 788 988 937


### ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက(ကန်ပြား)တက္ကသိုလ်ဝင်တန်း(C)မှ မဇင်မို့မို့အေးနှင့် ဆဋ္ဌမတန်း(A)မှ မောင်ပြည့်စုံခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးချင်းဖြစ်ပါသည်။

**ဦးချင်း ၈/မကန(နိုင်)၂၇၈၇၃၆**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့ အထက တက္ကသိုလ်ဝင်တန်း(A-1)မှ မောင်မြင့်ဌေး ၏ ဖခင်အမည်မှန်မှာ ဦးအောင်ပန် ၅/ဖပန(နိုင်)၀၀၉၁၁၁ဖြစ်ပါကြောင်း။

**ဦးအောင်ပန် ၅/ဖပန(နိုင်)၀၀၉၁၁၁**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၁)၊ နဝမတန်း(အောင်)မှ မနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသာလှ ၅/တမန (နိုင်)၀၀၂၁၀၀ဖြစ်ပါကြောင်း။

**ဦးသာလှ ၅/တမန(နိုင်)၀၀၂၁၀၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၆၀၆၂၉ Apache 160 ယာဉ်လက်ဝယ်ရှိသူ ဦးငွန်နယ်ကျဲအို ၅/ကလထ(နိုင်)၀၉၁၆၀၁(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၄၂၄၀၂ TRSTA ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်မေ ၁/ဗမန(နိုင်)၀၃၅၂၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးအောင် ၁၀/မလမ(နိုင်)၁၄၉၈၅၄ ၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၂၁၀၅၇**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးမောင် ၁၀/ခဆန(နိုင်)၀၇၂၈၁၉ ၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၂၁၀၅၇**

# တက္ကသိုလ်သုံးခုမှ ကျောင်းသား ကျောင်းသူ ၁၀ ဦးအား ပညာသင်ဆုချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသားကျောင်းသူများအား စကောလားရှစ်ပေးအပ်ရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးအဆင့်အဖြစ် ကျောင်းသား ကျောင်းသူ ၁၀ ဦးကို ရွေးချယ်ပေးမည်ဖြစ်ကြောင်း ပြည်တွင်း၌ ဘဏ်ရုံးခွဲဖွင့်လှစ်ခွင့်ရရှိထားသည့် Sumitomo Mitsui Banking Corporation (SMBC) ဘဏ်မှ သိရသည်။

ကျောင်းသား ကျောင်းသူများ အနက်မှ ၂၅ ဦးကို ပဏာမရွေးချယ်ထားပြီး နောက်ဆုံးအဆင့် ၁၀ ဦးကို သက်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်များ၏ ခွင့်ပြုညွှန်ကြားချက်နှင့်အညီ ပေးအပ်သွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်၏ အကြီးအကဲ မစ္စတာ တေကီရှီကူနီဘီက ပြောကြားသည်။

ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက အဆိုပါ စကောလားရှစ်ပေးအပ်ခြင်း အခမ်းအနားကို စီးပွားရေးတက္ကသိုလ် ရန်ကုန်၏ နီလာရတုခန်းမ၌ ကျင်းပခဲ့ပြီး အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာလွင်လွင်စိုးတို့ တက်ရောက်ခဲ့ကြပြီး SMBC မှ အကြီးအကဲ မစ္စတာ Takeshi Kunibe ၊ မန်နေးဂျင်းဒါရိုက်တာ မစ္စတာ Yasuyuki နှင့် မစ္စတာ Shoshke Mori နှင့် ရန်ကုန်ရုံးခွဲမှ အထွေထွေမန်နေဂျာမစ္စတာ Akagi တို့နှင့်အတူ စကောလားရှစ်ရွေးချယ်ခြင်း ပဏာမစာရင်းဝင် ကျောင်းသားကျောင်းသူများနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်တက်ရောက်ကြသည်။

"ဧပြီလမှာ ရုံးခွဲဖွင့်ခွင့်ရရှိကတည်းက တက္ကသိုလ်သုံးခုက ကျောင်းသူကျောင်းသား ၁၀ ဦး ရွေးချယ်ပြီး တစ်ဦးကို တစ်နှစ်ပညာသင်စရိတ် အမေရိကန်ဒေါ်လာ တစ်ထောင်နဲ့ ဂျပန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ လေ့လာမှုတွေကို သွားရောက်လေ့လာရေးအစီအစဉ်ပါဝင်မှာ ဖြစ်ပါတယ်။ ထူးချွန်ကျောင်းသားတွေကို နောက်နှစ်မှာလည်း ပညာသင်ဆု ဆက်လက်ပေးအပ်သွားမှာဖြစ်ပါတယ်" ဟု မစ္စတာ တေကီရှီကူနီဘီက ပြောသည်။

တက္ကသိုလ်သုံးခုရှိ ကျောင်းသားကျောင်းသူများထဲမှ တတိယနှစ် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ထားခြင်းဖြစ်ပြီး ယင်းတို့ကို ယခုလကုန်တွင် အပြီးသတ် ၁၀ ဦး ရွေးချယ်မည်ဖြစ်သည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




## သတင်းတိုများ

### တူရကီလူမှုအဖွဲ့အစည်းမှ လူမှုဝန်ထမ်းသင်တန်းကျောင်းများသို့ ထောက်ပံ့လှူဒါန်း

တူရကီနိုင်ငံ Kimse Yokmu လူမှုရေးအဖွဲ့အစည်းမှ (၁၀)ကြိမ်မြောက် လှူဒါန်းမှုအဖြစ် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ လူငယ်သင်တန်းကျောင်းငါးကျောင်းနှင့် ဝါးနက်ချောင်းလူမှုစောင့်ရှောက်ရေးစခန်းများသို့ ငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ အစားအသောက်နှင့် အသုံးအဆောင်များ ဇူလိုင် ၆ ရက်က လှူဒါန်းခြင်းအခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးသင်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ကျောင်းအုပ်ကြီးများက လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားသည်။ ထိုအဖွဲ့အစည်းသည် အာဖရိကနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံ ၁၃၅ နိုင်ငံတို့တွင် နှစ်စဉ်လူမှုရေးအကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

### ပုဂံသွေး ပရဟိတအဖွဲ့မှ စုပေါင်းသွေးလှူမည်

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသားများက စုစည်းဖွဲ့တည်ထားသော ပုဂံသွေး ပရဟိတနှင့် လူမှုကူညီရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် ဒါနဉပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပရန်ရှိကြောင်း သိရသည်။ ထို့ကြောင့် စုပေါင်းသွေးလှူဒါန်းလိုသူများ၊ ပုဂံညောင်ဦး အသင်းသားများအားလုံးနှင့် အသက် ၁၈နှစ်မှ ၅၅နှစ်အတွင်း၊ ကိုယ်အလေးချိန် ပေါင်တစ်ရာနှင့်အထက်၊ ကူးစက်ရောဂါကင်းရှင်းသူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ ကြိုတင်စာရင်းပေးသွင်းလိုပါက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ပုဂံသွေး ပရဟိတနှင့် သွေးလှူရှင်များအသင်း ဖုန်း- ၀၉-၃၁၂၈၅၅၃၇၉နှင့် ၀၉-၇၃၁၂၃၅၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သွန်းဝသန်**

# ပြည်တွင်းမိုဘိုင်းအင်တာနက်ကို အော်ပရာမီနီဖြင့် သုံးစွဲသူများအကြား စမတ်ဖုန်းအသုံးပြုသူ အများဆုံးဖြစ်ပြီး ဟွာဝေးသုံးစွဲမှု ၃၈ ရာခိုင်နှုန်းနှင့် ဆမ်ဆောင်းသုံးစွဲမှု ၂၀ ရာခိုင်နှုန်းတို့ဖြင့် အမြင့်ဆုံးအသုံးပြုနေကြ

**ရန်ကုန် ဇူလိုင် ၁၁**

အော်ပရာမီနီအသုံးပြုကာ အင်တာနက်အသုံးပြုသူများအား သုတေသနပြုလုပ်ကာ မိုဘိုင်းကွန်ရက် အခြေအနေများကို လေ့လာကြည့်ရာ အော်ပရာမီနီအသုံးပြုသူ မိုဘိုင်းကွန်ရက်အားလုံး၏ ၈၇ ရာခိုင်နှုန်းမှာ စမတ်ဖုန်းအသုံးပြုသူများဖြစ်ကြောင်း၊ ထိုအထဲတွင် ၈၅ရာခိုင်နှုန်းမှာ အန်းဒရွိုက်အသုံးပြုသူများဖြစ်ပြီး အခြားအရှေ့တောင်အာရှနိုင်ငံများတွင် စမတ်ဖုန်းအသုံးပြုမှု အများဆုံးနိုင်ငံများစာရင်းဝင်နေကြောင်း သိရသည်။

ထို့ပြင် အော်ပရာမီနီ အသုံးပြုကာ စာမျက်နှာကြည့်ရှုမှုများတွင် ဖေ့စ်ဘွတ်အသုံးပြုမှု ၆၀ ရာခိုင်နှုန်းဖြစ်ပြီး တွစ်တာမှာ ဒုတိယဖြစ်ကြောင်း သိရသည်။ ထို့အတူ မြန်မာမိုဘိုင်းအင်တာနက်အသုံးပြုမှုအများဆုံး ဝက်ဘ်ဆိုက်များတွင် သတင်းဝက်ဘ်ဆိုက်များနှင့် ဂူးဂဲလ်၊ ယူကျု့တို့လည်း ပါဝင်ကြောင်း အော်ပရာမီနီမှ ဇူလိုင် ၁၀ ရက်က သတင်းထုတ်ပြန်သည်။

ထို့အတူ အော်ပရာမီနီသုံးသည့် မိုဘိုင်းအင်တာနက်အသုံးအများဆုံးဟန်းဆက် ၁၀၀ ကို လေ့လာတွေ့ရှိရပြီး ဟွာဝေး၊ ဆမ်ဆောင်းနှင့် အိုင်ဖုန်းအသုံးပြုသူ အများဆုံးဖြစ်ကြောင်း သိရသည်။

အော်ပရာမီနီအသုံးပြုကာ ဖုန်းဖြင့်အင်တာနက်သုံးစွဲသူအများဆုံးအသုံးပြုသည့် ဝက်ဘ်ဆိုက်များမှာ ဖေ့စ်ဘွတ်၊ ဂူးဂဲလ်၊ ယူကျု့၊ ဝီကီပီဒီးယား၊ အီလဲဗင်းမြန်မာ၊ ဂိုး၊ တွစ်တာ၊ မီဒီယာဖိုင်းယား၊ ဧရာဝတီနှင့် ဖန်နီဒေ့ါကွမ်းတို့ဖြစ်ကြောင်းသိရပြီး အသုံးအများဆုံး ဖုန်းအမျိုးအစားမှာ ဟွာဝေး၏ ဂျီ ၆၁၀ အက်စ်ဖြစ်ကြောင်း သိရသည်။ အိုင်ဖုန်းအမျိုးအစားများတွင် အိုင်ဖုန်းဖိုး အသုံးပြုသူပိုများပြီး ဆမ်ဆောင်းတွင် အီး ၃၃၀၀ အမျိုးအစားနှင့် ဂလက်ဇီဂရန်းတူး အမျိုးအစားကို ကိုင်ဆောင်မှု အများဆုံးဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အင်တာနက်သုံးစွဲမှုက ကြီးလာပါတယ်။ ပြီးခဲ့တဲ့နှစ်မှာပဲ ကျွန်တော်တို့လေ့လာချက်အရ အော်ပရာမီနီသုံးစွဲသူ ၃၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာတယ်။ ဒီကြီးထွားမှုနဲ့အတူ သင့်တင့်တဲ့ စမတ်ဖုန်းတွေကိုသုံးစွဲမှု မြင့်တက်မယ်လို့ ယုံကြည်တယ်"ဟု အော်ပရာဆော့ဖ်ဝဲမှ အရှေ့တောင်အာရှအကြီးအကဲ မစ္စတာ ဆန်နီကမတ်သ်က ပြောကြားသည်။

အော်ပရာဆော့ဖ်ဝဲသည် ကမ္ဘာပေါ်ရှိ လူဦးရေ သန်း ၃၅၀ကျော်ကို အင်တာနက်ချိတ်ဆက်မှုများအတွက် အကူအညီပေးအပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း သုံးစွဲသူများ မြင့်တက်လာကာ ဆယ်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သော တယ်လီနောနှင့်ပူးပေါင်းကာ မြန်မာမိုဘိုင်းအင်တာနက်သုံးသူများအား ဝန်ဆောင်မှုပေးနိုင်ခြင်းကြောင့် ပြည်တွင်းသုံးစွဲသူများပြားရခြင်းဖြစ်သည်။ **သွန်းဝသန်**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲရုံးဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရှမ်းပြည်နယ် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ရှမ်းပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တောင်ကြီး-ဟုံပုံးလမ်းမကြီး၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့တွင် ၁၃-၇-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် ၂၈-၇-၂၀၁၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရှမ်းပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တောင်ကြီး ဖုန်း-၀၈၁-၂၁၂၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် ၂ မြောက်ရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ အမှတ် ၁၂၃၄ နေ မတင်ဇာဇာလင်း ၁၂/ဒပန(နိုင်)၀၃၉၀၄၁သည် အဖေ၊ ညီအစ်မများ ခွင့်မလွှတ်နိုင်သည့် ကိစ္စကို ပြုမူခဲ့ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်မောင် ၁၂/ဒပန(နိုင်)၀၃၁၃၁၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများ၏ မြေကြီးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
 ၁။ သန်လျင်မြို့နယ် မောင်းမကလေးရိုးပြန်လည်တူးဖော်ခြင်း။
 ၂။ သန်လျင်မြို့နယ် ဝင်းခနီးချောင်း ပြန်လည်တူးဖော်ခြင်း။
၂။ အိတ်ဖွင့်တင်ဒါပုံစံကို ရန်ကုန်တိုင်းဒေသကြီး၊ ဆည်းမြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၌ ၁၃-၇-၂၀၁၅ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး ၂၂-၇-၂၀၁၅ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၅၆၆၄၀၂၊ ၀၁-၅၇၇၅၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၂)၊ မုံရွာမြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်မည့်ယင်းမာပင်ခရိုင် ချောင်းမ- ကနီးလမ်းရေဝါချောင်းတံတားအတွက် လိုအပ်သော တောသစ်၊ ကျောက်စရစ်၊ သဲ၊ ဘင်တိုနိုက်၊ သံပြားစသည့်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား/အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များ တံတားဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၂)မုံရွာမြို့ ဖုန်း-၀၉-၈၅၂၂၃၂၅၊ ၀၉-၅၄၀၇၃၇၁၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ ဦးစီးအရာရှိရုံး၊ ကနီမြို့နယ် ဖုန်း-၀၉-၂၆၃၀၇၀၂၁၂တို့တွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့ (၂)မုံရွာမြို့တွင် ၁၀-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၁၉-၇-၂၀၁၅ရက်၊ မွန်းတည့် ၁၂:၀၀နာရီအထိ |
| (ခ) **တင်ဒါဖွင့်မည့်ရက်** | - | ၂၀-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁:၀၀နာရီ |
| (ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | ရေဝါချောင်းတံတားစီမံကိန်း၊ ကနီမြို့ တံတားဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၉-၅၄၀၇၃၇၁ |

**သမဝါယမဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီးသမဝါယမဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်အောက်ရှိ သမဝါယမသင်တန်းကျောင်းတွင် သုံးခန်းတွဲဝန်ထမ်းနေအိမ် RC(၂)ထပ်ဆောင် (၅၂'×၃၀'×၃၀')ဆောက်လုပ်ရန်ရှိသည့်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - | ၁၄-၇-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၅-၈-၂၀၁၅ရက်၊ ၁၆:၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန**
**ကမ်းနားလမ်း၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၃၂၆၊ ၀၄၂-၂၄၃၂၇၊ ၀၄၂-၂၄၃၂၈**

## ဘတ်စ်ကားဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီအတွက်လိုအပ်သည့်ဘတ်စ်ကားအသစ်များကို တင်ဒါစနစ်ဖြင့် ဝယ်ယူမည် ဖြစ်ပါသည်။
၂။ သတ်မှတ်တင်ဒါပုံစံများကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၇-၇-၂၀၁၅ ရက် နောက်ဆုံးထားပြီး (ရုံးချိန်အတွင်း)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါအဆိုပြုလွှာများအားအများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထား သောနည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။
၄။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

# ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရန် လျာထား



**ရန်ကုန် ဇူလိုင် ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းကို လာမည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ပြီးစီးရန် လျာထားလျက်ရှိကြောင်း သိရသည်။

ဧရာဝဏ်ဘက်ခြမ်းနှင့် ရတနာလမ်းမကြီးဘက်ခြမ်းရှိ အထပ်မြင့် အိမ်ရာစီမံကိန်းများဖြစ်သော အထပ် ၁၈ ထပ်ပါဝင်သည့် အဆောက်အအုံ ၄၉ လုံးအတွက် ပထမအဆင့်အနေဖြင့် အဆောက်အအုံ ၁၅ လုံးကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ကာလအတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ပြီး ထိုအထဲမှ လက်ရှိအဆောက်အအုံ ၁၃ လုံးမှာ လေးထပ်နှင့် ခြောက်ထပ်ကြားဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ကျန်အဆောက်အအုံနှစ်လုံးမှာလည်း မြေညီထပ်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ဒုတိယအဆင့် အနေဖြင့် အဆောက်အအုံ ၁၆ လုံးမှာလည်း ဘိုးပိုင်လုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး Pile Cap လုပ်ငန်းအချို့မှာလည်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆောက်အအုံ တစ်လုံးလျှင် အခန်း ၄၀၀ ဝန်းကျင်ပါဝင်ပြီး ဧရာဝဏ်ဘက်ခြမ်းရှိ စီမံကိန်း အကျယ်အဝန်းမှာ ဧက ၁၂၀ ခန့်နှင့် ရတနာဘက်ခြမ်းရှိ စီမံကိန်း အကျယ်အဝန်းမှာ ဧက ၁၀၀ ခန့်ရှိကာ စုစုပေါင်း ဧက ၂၂၀ ခန့်ရှိသည်။

တတိယအဆင့် အနေဖြင့် အဆောက်အအုံ ၁၈ လုံးသည် ဘိုးပိုင်လုပ်ငန်းများအလုံးစုံ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး Pile Cap လုပ်ငန်းအချို့သည်လည်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆောက်အအုံတစ်လုံးလျှင် အမြှောပုံသဏ္ဌာန် နှစ်လုံးတွဲပါဝင်ပြီး တစ်လွှာလျှင် ပျမ်းမျှ စတုရန်းပေ ၆၀၀ ပါဝင်သော အိမ်ခန်း ၂၄ ခန်းပါဝင်မည်ဖြစ်ကာ အခန်းပေါင်း ၁၉၀၀၀ ပေါ်ထွက်လာမည်ဖြစ်ပြီး မိသားစုများပြားမှု လူနေထိုင်မှုပုံသဏ္ဌာန် အနေအထားအရ စတုရန်းပေ ၁၂၀၀ အခန်းများပါ ပါဝင်လာမည်ဆိုလျှင် အိမ်ခန်းပေါင်း ၁၅၀၀၀ ဝန်းကျင်သာ ပေါ်ထွက်လာမည်ဖြစ်သည်။ အခန်းတိုင်း၏ ဖွဲ့စည်းပုံအရ အခန်းတစ်ခန်းလျှင် အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်း ၊ ထမင်းစားခန်း၊ မီးဖို၊ မိသားစုသုံးရေချိုးခန်း၊ သန့်စင်ခန်း၊ Service Room ပါဝင်မည်ဖြစ်ပြီး အဆောက်အအုံတစ်ခြမ်းမှာ အတက်အဆင်း လှေကားနှစ်စင်းနှင့် မီးသတ်အတွက် အရန်လှေကား တပ်ဆင်ထားမည်ဖြစ်သည်။

"၂၀၁၆ ခုနှစ် ဧပြီလမှာ အဆောက်အအုံရဲ့ ပထမအဆင့် ၁၅ လုံး ပြီးစီးပြီဆိုရင် ဇွန်လလောက်မှာ အခန်းတွေကို ကြိုတင်ရောင်းချသွားမှာပါ။ လက်ငင်းငွေပေးချေစနစ်နဲ့ အရစ်ကျငွေပေးသွင်းစနစ် ပါဝင်ပါတယ်။ လက်ရှိလုပ်ငန်းမြန်ဆန်ပြီးစီးရေးအတွက် ငွေရေးကြေးရေးက အဓိကကျတာကြောင့် လက်ငင်းငွေပေးချေတဲ့သူကို ဦးစားပေး ရောင်းချပေးမှာပါ။ အဲ့ဒီမှာ ရောင်းချငွေနဲ့ ဒုတိယအဆင့်နဲ့ တတိယအဆင့်က လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင် ငွေလည်းအမြန်ပေါ်ပြီး အဲ့ဒီအခါကျ အရစ်ကျငွေပေးချေမှုဖြစ်လာမှာပါ။

"အရစ်ကျငွေပေးချေမှုကျတော့ ဒုတိယအဆင့်ပါ။ အကောင်းဆုံးဖြစ်အောင် စီမံထားပါတယ်။ ဒီစီမံကိန်းအဆောက်အအုံများမှာ လူဦးရေ တစ်သိန်းကျော် နေထိုင်နိုင်မှာပါ။ ဒီအနီးအနားက ဆက်စပ်ဧရိယာများနဲ့ဆိုရင် လူဦးရေ သုံးသိန်းခန့်ဖြစ်လာပြီး ဖွံ့ဖြိုးတိုးတက်လာတော့မှာပါ" ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ စိုးဝင်း (SP)**

# မိုးရာသီရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများဖြင့်ဆောင်ရွက်



**ပြည် ဇူလိုင် ၁၁**

မိုးရာသီ ကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ စက်ယန္တရားအသုံးပြု၍ ရန်ကုန်-ပြည် ကားလမ်းဘေးရှိ ဘူးခါးရေဆိုးထုတ်မြောင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဆိုးထုတ်မြောင်း တူးဖော်ပြီးစီးသွားပါက မြို့တွင်းလမ်းမကြီးများ၊ ရပ်ကွက်အသီးသီးနှင့် ဆက်စပ်လျက်ရှိသော ရေမြောင်း များရေစီးရေလာပိုမိုကောင်းမွန်သွားမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မိုးကောင်း၍ နေ့စားကောက်စိုက်သမများ ဝင်ငွေတိုး

**မိုးညှင်း ဇူလိုင် ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် မိုးကောင်းသဖြင့် စပါးစိုက်တောင်သူများ မိုးစပါးကို စတင်စိုက်ပျိုးကြပြီး အနယ်နယ်အရပ်ရပ်မှ ကောက်စိုက်သမများက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးဒေသတွင် အများစုမှာ ဆည်ရေသွင်းစိုက်ပျိုးမှုတွင် လုံလောက်မှုမရှိသဖြင့် တောင်သူအများစုမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလျက်ရှိပြီး မိုးကောင်းသော ယခုလိုနှစ်များတွင် လယ်ယာလုပ်ငန်းခွင်ကို စိတ်ချမ်းမြေ့စွာ လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ကျေးရွာအုပ်စု ၁၁ စု၊ ကျေးရွာပေါင်း ၄၃ ရွာမှ စုစုပေါင်း လယ်မြေဧက ၈၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကျွန်မတို့က အခုလိုမိုးတွင်းမှာ နယ်ထွက်ပြီးတော့ အငှားစိုက်တာပါ။ တစ်ဧကကို ငွေကျပ်သုံးသောင်းရပါတယ်။ ငါးယောက်အုပ်စုဖွဲ့ပြီး ပုတ်ပြတ်စိုက်ပါတယ်။ တစ်နေ့ကို နှစ်ဧကနီးပါး ပြီးတော့ တစ်ယောက်ကို ငွေကျပ် ၈၀၀၀ ကျော်ရတဲ့အတွက် မိသားစုအပိုဝင်ငွေရပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကောက်စိုက်သမတစ်ဦးက ပြောသည်။ **(၁၄၉)**

## ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်းဖွဲ့စည်း အမှုဆောင် ၁၈ ဦးရွေးချယ်

**ဟင်္သာတ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်းဖွဲ့စည်းခြင်းကို ဧရာရွှေဝါခန်းမ၌ ဇူလိုင် ၈ ရက်က ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဗဟိုမှ ဦးကြည်မင်း၊ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ ရုံးအဖွဲ့မှူး ဦးအောင်သူမြိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဆရာ ၅၀ ကျော် တက်ရောက်ကြသည်။

သတင်းစာဆရာအသင်းအတွင်းရေးမှူးက ရွေးချယ်ရေးနှင့်ပတ်သက်သော စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ သတင်းစာဆရာများက တိုင်းဒေသကြီးအလုပ်အမှုဆောင် ၁၈ ဦးကို ရွေးချယ်ပေးကြကြောင်း သိရသည်။

**အေးထွန်း(ဟင်္သာတ)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ဝက်ခြံမှအနံ့အသက်ဆိုးများကြောင့် အနှောင့်အယှက်ဖြစ်

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)၊ (၁၂) ညံကွဲ၊ ကွက်ပြင်(၃) တရုတ်ဘုံကျောင်း ကျောဘက်လမ်းကြား အိမ်တစ်အိမ်မှကြက်နှင့်ဝက်များ စည်းကမ်းမဲ့စွာ မွေးမြူထားရာ ဝက်ခြံများမှ အနံ့ဆိုးများမှာ ပတ်ဝန်းကျင်နေသူများ အနံ့အသက်ဆိုးများ ခံစားနေရကြောင်း သိရသည်။

အဆိုပါ အနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် တင်ပြ အပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

### အများပြည်သူ အခက်အခဲရှိနေ

ကယားပြည်နယ် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်း ဆိုင်ခန်းများကို စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများသို့ နေရာသတ်မှတ်ပြီး ကုန်မျိုးစုံရောင်းဝယ်ရေး ပြုလုပ်နိုင်ရန် နေရာချထားငှားရမ်းခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ဈေးရောင်းရန် ချမှတ်ထားသော ဆိုင်ခန်းနေရာအချို့တွင် အဝေးပြေးကားဂိတ်ခန်းများကို သိန်းနှင့်ချီငှားရမ်း၍ ကားဂိတ်ခန်းများ ဆောင်ရွက်နေပါသဖြင့် ယာဉ်အသွားအလာများ ရှုပ်ထွေးပြီး ဈေးဝယ်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပြီး မြို့၏ အင်္ဂါရပ်နှင့်လည်း မကိုက်ညီပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**တာဝန်သိပြည်သူတစ်ဦး**

### ကားလမ်းမဘေးမြေပြိုကျသဖြင့် ပြုပြင်ပေးစေလို

ကချင်ပြည်နယ် ဗန်းမော်မြို့ နောင်ခိုရပ်ကွက် မင်းလှရပ် ဗန်းမော်-နောင်လိုက်-တာဆိုင်လမ်း မိုင်တိုင်အမှတ်(၂/၁)အနီးတွင် ကွန်ကရစ်ရေပြွန်ပေါက် ၂/၃၂ ရှိသည်။ ၎င်းကွန်ကရစ်ရေပြွန်ပေါက်၏ ဝဲယာ၌ မိုးရေများစီးဆင်းခြင်းကြောင့် ကတ္တရာလမ်းမနှင့် တစ်ပေခန့်အကွာထိ မြေကြီးများပြိုကျနေ၍ မော်တော်ယာဉ်များ၊ သုံးဘီးယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများသွားလာရေးအတွက် အန္တရာယ်ရှိသဖြင့် သက်ဆိုင်ရာမှပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**ဆီမီးခုံ -နန်းရီ**

### မုံရွာမြို့ ဈေးဟောင်း(သီရိရတနာဈေး)တောင်ဘက်လမ်း ရှင်းလင်းဆောင်ရွက်ပြီးစီး

ဇွန် ၂၀ ရက် မြန်မာ့အလင်းသတင်းစာ မန္တလေးစာမျက်နှာပါ "ရေခဲရိုက်ငါးပုံးသယ်ကားများကြောင့် မုံရွာဈေးဟောင်း တောင်ဘက်လမ်း၊ ဈေးသွားဈေးလာများ အခက်တွေ့" သတင်းနှင့် ပတ်သက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီက ဈေးဟောင်းတောင်ဘက်လမ်းမပေါ်ရှိ ငါးဒိုင်သို့ လာရောက်သော မော်တော်ယာဉ်များကို ဈေးဖွင့်ချိန် နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ယာဉ်ရပ်နားခြင်းမပြုရန်နှင့် စက်ဘီးအပ်လက်ခံသည့်လုပ်ငန်းကို စနစ်တကျရပ်နားစေရေး ဒုတိယဦးစီးမှူး(ဈေး)နှင့် ဈေးဝန်ထမ်းများက နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

### ကြက်သားသတ်၊ ကြက်ကြော်လုပ်ငန်း ရှင်းလင်းပြီးစီး

မုံရွာမြို့ လူမှုဖူလုံရေးလမ်းတွင် နေထိုင်သူများမှ လုပ်ကိုင်လျက်ရှိသော ကြက်သားသတ်၊ ကြက်ကြော်လုပ်ငန်းကြောင့် မကောင်းသောအနံ့အသက် နှင့် အသံများကြုံတွေ့နေရကြောင်း ဇူလိုင် ၄ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၏ မန္တလေးစာမျက်နှာနှင့် ရတနာပုံသတင်းစာတွင်ပါရှိလာသောကြောင့် ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် မုံရွာမြို့နယ်စည်ပင် သာယာရေးကော်မတီ စည်းကမ်းထိန်းသိမ်းရေးဌာနစိတ်ဝန်ထမ်းများက ကြက်သားသတ်၊ ကြက်ကြော်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေး ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**



# ဘီလူးမြို့၌ ထရန်စဖော်မာလေးလုံး တပ်ဆင်ပြီးစီး၊ လျှပ်စစ်မီးလင်းတော့မည်

**မိုးညှင်း ဇူလိုင် ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာ ၂၀၀ ကေဗွီ ထရန်စဖော်မာ လေးလုံးမြောက်ကို ဇူလိုင်လပထမပတ်က ဘီလူးမြို့ ဈေးကုန်းရပ်ကွက်တွင် တပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

ဘီလူးမြို့တွင် ယခင်က ထရန်စဖော်မာ ၂၀၀ ကေဗွီ သုံးလုံးကို တပ်ဆင်ပေးနိုင်ခဲ့ပြီး ယခုအခါ ထပ်မံ၍ ဈေးကုန်းရပ်ကွက်တွင် ၂၀၀ကေဗွီ ထရန်စဖော်မာတစ်လုံးကို တပ်ဆင်ပေးခြင်းဖြစ်ကြောင်းရှိုင်ရယ် ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ဆောင်ရွက်ပေးသူ ဦးဇော်မင်းဦးက ပြောကြားသည်။

ဘီလူးမြို့ ၂၄ နာရီ မီးလင်းရေး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရာတွင် ၁၁ ကေဗွီ မဟာဓာတ်အားလိုင်းမှ ဓာတ်အားလိုင်းများ သွယ်ယူရာတွင် ၂၀၁၂ ခုနှစ် မေ ၅ ရက်မှစတင်ကာ ကွန်ကရစ် ဓာတ်တိုင်များ စိုက်ထူခြင်း၊ တန်း ကြေသီးဂူတင်များကို သုံးမိုင်ထိ ကနဦးတပ်ဆင်နိုင်ခဲ့ရာမှ နောက်ထပ်လေးမိုင်ကို ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုး မတည်သုံးစွဲငွေမှာ ၂၀၁၅ ဇူလိုင်လအထိသုံးစွဲငွေ ကျပ်သိန်း ၁၇၀၀ ထိရှိကြောင်း ဘီလူးမြို့ ၂၄ နာရီ မီးလင်းရေး ကော်မတီမှ ဦးစိုးမြင့်နိုင်က ပြောသည်။ **(၁၄၉)**



# စလင်းမြို့နယ်ရှိ ကျေးရွာငါးရွာမှ လူနေအိမ်များရွှေ့ပြောင်း

**စလင်း ဇူလိုင် ၁၁**

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးများပြိုနေသဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ ကျေးရွာငါးရွာမှ လူနေအိမ် ၂၈ လုံးကို ဇူလိုင် ၈ ရက်က ပြောင်းရွှေ့ခြင်းများဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ယင်းနေ့တွင် စလင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာရှိ လူနေအိမ်ကိုးလုံးကို သရက်ကုန်း ကျေးရွာအုပ်စု ဘိုကုန်းကွင်းသို့လည်းကောင်း၊ တလင်းကြီးကျေးရွာအုပ်စု တလင်းကြီးကျေးရွာရှိ ကမ်းပါးနှင့်နီးကပ်နေသော လူနေအိမ်ငါးလုံးကို တလင်းကြီးကုန်းကျေးရွာအုပ်စု ကုန်းသာကွင်းသို့လည်းကောင်း၊ ဆင်မကျွန်းကျေးရွာအုပ်စု ရေလယ်ရွာမကျေးရွာရှိ မြစ်ကမ်းပါးနှင့် နီးကပ်နေသော လူနေအိမ် ၁၀ လုံးကို ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ် ၄၁၆ သို့လည်းကောင်း၊ သနပ်ကုန်းကျေးရွာအုပ်စုရှိ လူနေအိမ်လေးလုံးကို ပျိုးခင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၆၂) သို့ လည်းကောင်း ကျေးရွာဖွံ့ဖြိုး အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများဝိုင်းဝန်း ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကမ်းပါးများပြိုနေသဖြင့် မြစ်ကမ်းပါးနှင့်နီးစပ်သော လူနေအိမ်များရွှေ့ပြောင်းခဲ့ရာ ဇွန် ၂၂ ရက်မှ ဇူလိုင် ၈ ရက်အထိ ကျေးရွာခုနစ်ရွာမှအိမ်ခြေ ၁၅၀ ကျော် ပြောင်းရွှေ့ပြီးဖြစ်ကြောင်း မကွေး တိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့ မှုခင်းမှတ်တမ်းများအရ သိရသည်။

**ကျော်ဇေယျ(မကွေး)**

# ဥရုချောင်းရေကြီးပြီး ရေပြန်ကျချိန်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဖားကန့် ဇူလိုင် ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ ရပ်ကွက်အချို့တွင်ဥရုချောင်းရေကြီးပြီး လူနေရပ်ကွက်အတွင်းရှိ အချို့လူနေအိမ်များ ရေနစ်မြုပ်ရာမှ ရေပြန်ကျချိန်တွင် အများစုပေါင်း၍ ဇူလိုင် ၈ ရက် နံနက် ၇ နာရီက သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။



စုပေါင်း သန့်ရှင်းရေးလုပ်ဆောင်ရာတွင် ရှေ့တန်းစစ်ဆင်ရေး (၇) ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇော်မြင့်နိုင်ဦးစီး၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူစုစုပေါင်း ၁၅၀ ခန့်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့ပေါ်ရှိ ငှက်ပျောတောရပ်ကွက်၊ မရှိကထောင်ရပ်ကွက်နှင့် မြို့မရပ်ကွက်များအတွင်း ဥရုချောင်းရေကြီးနစ်မြုပ်ပြီး ရေကျဆင်းသွားချိန်တွင် ကျန်ရစ်ခဲ့သည့် အမှိုက်များ၊ နုန်းမြေများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်၍ ပိတ်ဆို့နေသော ရေမြောင်းများအား ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး (ဖားကန့်)**

## သတင်းတိုများ

### ရေးမြို့၌ အားကစားပြိုင်ပွဲများ ကျင်းပသွားမည်

အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ၂၀၁၅ ခုနှစ် ရေးမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အားကစားနည်းအမျိုးမျိုး ပါဝင်သော ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ဇူလိုင် ၁၇ ရက် မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အခြေခံကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၊ မီနီမာရသွန်နှင့် ကွင်းတွင်းအပြေးပြိုင်ပွဲ ၁၀ မျိုးနှင့် အခြားအားကစားနည်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

### မိုးရာသီသစ်ပင်စိုက်ပျိုး

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အစိုးရနည်းပညာကောလိပ် (မိုးညှင်း) ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၈ ရက် နံနက် ၈ နာရီက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါသစ်ပင် စိုက်ပျိုးပွဲတွင် မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးနှင့်ဝန်ထမ်းများ၊ မိုးညှင်းအစိုးရ နည်းပညာကောလိပ် တာဝန်ခံကျောင်းအုပ် ကထိက ဦးစိုးလွင်နှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၅၀၊ ကံ့ကော်ပင် ၅၀၊ ခရေပင် ၅၀၊ စိန်ပန်းပင် ၂၅၊ သစ်ဆိမ့် ၂၅ ပင်၊ ယူကလစ်ပင် ၅၀ စုစုပေါင်း အပင် ၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေး

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက်က ကြို့ပင်စခန်းအုပ်စု ကြို့ပင် စခန်းကျေးရွာတွင် လူဦးရေ ၁၂၉၉ ဦးသုံးစွဲနိုင်ရန် လေးလက်မစက်ရေတွင်း တူးဖော်နေခြင်းနှင့် ဂါလန် ၂၀၀ ဆံ့ရေလှောင်ကန်၊ ရေစက်ရုံဆောက်လုပ်နေမှုကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

### အာဇာနည်နေ့ ကျင်းပနိုင်ရေး ဆောင်ရွက်

ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည့်(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် ညနေ ၃ နာရီက ပြည်ခရိုင် ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇေယျက(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားရန်နှင့် လွမ်းသူပန်းခွေချ အလေးပြု အခမ်းအနား အစီအစဉ်တို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

### ကျေးရွာမီးလင်းရေးဆောင်ရွက်

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အတွင်းရှိကျေးရွာများ မီးလင်းရေးစီမံကိန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရမှ ခွင့်ပြုရန်ပုံငွေဖြင့် ပျားစခန်းကျေးရွာ၊ မယ်ဇလီကုန်း၊ သဋ္ဌေးကုန်း(သစ်)၊ ဂေတာခီးကျေးရွာများမီးလင်းရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ မီးစတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများအနက် ဂေတာခီးကျေးရွာ၌ မီးတိုင်များစိုက်ထူပြီးစီးသော်လည်း မီးကြိုးလုံလောက်မှုမရှိသဖြင့် မီးမရရှိသေးကြောင်း သိရသည်။

**စောမင်းသား(ပြန်/ဆက်)**

### အင်းတော်မြို့နယ် ကျေးရွာအားကစားကွင်း ပြုပြင်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လယ်ပြင်သီဘာ ကျေးရွာအားကစားကွင်းရှိ ချုံနွယ်များကို ဇူလိုင် ၇ ရက်က ဒေသခံလူငယ်များက ပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

“အားကစားကွင်းကို ဘောလုံးအားကစားဝါသနာရှင်တွေဖြစ်တဲ့ လယ်ပြင်ကျေးရွာ၊ သီဘာကျေးရွာ၊ နန်းကင်ကျေးရွာမှာရှိတဲ့ လူငယ်တွေက စုပေါင်းပြီးတော့ ပြုပြင်နေကြတာဖြစ်ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ အားကစားကွင်း ပြုပြင်သည့်နေရာသို့ အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးရုံးရွှေဦးစီးသော အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များသည် ကွင်းနယ်နိမိတ်အတွင်းရှိ မြက်ပင် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# စကားပြေအလေ့အလာ(၁)

မောင်ခင်မင်(ဓနုဖြူ)

"ဩော် . . . သားတို့ သမီးတို့ပါလား။ လာကြ လာကြ။ ဘယ်ကလှည့်လာကြသလဲ"

လူငယ်တစ်စုရောက်လာသဖြင့် ဆီးကြိုနှုတ်ဆက်လိုက်ပါသည်။ လာဖူးသော လူငယ်များဖြစ်သည်။ ဂျာနယ်တိုက်မှာ လုပ်သူလည်းပါသည်။ အသံလွှင့်မီဒီယာတစ်ခုမှာ အသံလွှင့်သူလည်း ပါသည်။

"ဆရာ့ဆီမရောက်တာကြာလို့ ချိန်းပြီးလာကြတာပါ ဆရာ။ ဆရာနေကောင်းပါတယ်နော်"

"အေး . . . ကောင်းပါတယ်ကွယ်။ လူစုပြီး လာပုံထောက်တော့ မေးစရာပြောစရာပေါ်လာပြန်ပြီ ထင်ပါရဲ့"

"ဟုတ်ကဲ့။ ဆရာတို့ဆွေးနွေးတဲ့ အပြောစကားပြေအစဉ်အလာအကြောင်း ပြည့်ပြည့်စုံစုံသိလိုက်ရလို့ သမီးတို့အတွက် အများကြီး အကျိုးရှိပါတယ် ဆရာ။ စကားပြေနဲ့ပတ်သက်ပြီး သိချင်တာတစ်ခုရှိလို့ သူတို့နဲ့ တိုင်ပင်ပြီး ဆရာ့ဆီလာကြတာပါ"

"ဘာသိချင်တာပါလိမ့်ကွယ်"

"သမီးတို့ မြန်မာစာပေမှာ အရင်က စကားပြေကောင်းကောင်း မထွန်းကားဘူးဆိုတာ ဟုတ်ပါသလားဆရာ"

"ကဲ . . . သမီးသိထားတာကို ရေရေလည်လည်ကလေး ပြောပြပါလားကွယ်"

"ဒီလိုပါဆရာ။ သမီးတို့ ပထမနှစ်တုန်းက သင်ရတဲ့ ဆရာကြီး ဦးဖေမောင်တင်ရဲ့ မြန်မာစာအရေးအသားတိုးတက်စေနည်းဆိုတဲ့ စာထဲမှာ ဆရာကြီးက မြန်မာစာတွေဟာ ပိဋကတ်စာပေတွေကို မြန်မာစကားပြေကောင်းကောင်းနဲ့ ကျကျနန ဘာသာမပြန်ခဲ့ကြဘဲ ပါဠိမြန်မာ နိဿယနဲ့ပဲ ဘာသာပြန်ခဲ့ကြလို့ စကားပြေမထွန်းကားဘဲ နှစ် ၇၀၀ လောက် ပုပ်သွားတယ်လို့ ဆိုထားပါတယ်။ အဲဒီအကြောင်းကို သေသေချာချာ သိချင်လို့ပါ"

"အင်း ဆရာကြီး ဦးဖေမောင်တင်အမိန့်ရှိတဲ့အတိုင်းပါပဲ၊ ဆရာတို့ မြန်မာစာပေမှာ ကဗျာထွန်းကားသလောက် စကားပြေက မထွန်းကားဘဲ ခပ်မှိန်မှိန်ဖြစ်နေတာ နှစ် ၇၀၀ လောက် ကြာတယ်လို့ ဆိုရမှာပေါ့။ မြန်မာစာပေါ်စ ၁၂ ရာစုမှာတော့ အလှူမှတ်တမ်းတွေကို ကျောက်စာထိုးပြီး စကားပြေနဲ့ မှတ်တမ်းတင်ခဲ့တာပေါ့။ နောက်ပိုင်းမှာတော့ ပျို့၊ မော်ကွန်း၊ ချေင်း၊ ရတုအစရှိသည်ဖြင့် ကဗျာတွေ အင်နဲ့အားနဲ့ထွန်းကားလာတယ်။ ကဗျာနဲ့ယှဉ်ကြည့်ရင် ပေါ်လာတဲ့စကားပြေတွေက အရေအတွက်သိပ်နည်းတယ်။ စကားပြေကောင်းတွေ အနည်းအကျဉ်းတော့ ပေါ်ပါရဲ့။ ဒါပေမယ့် အရေအတွက်က လက်ချိုးရေလို့ရတယ်။ ပြီးတော့ ဆရာကြီးပြောသလိုပဲ စကားပြေအများစုက ပါဠိတစ်ချက် မြန်မာတစ်ချက် နိဿယပြန်တဲ့ပုံစံနဲ့ရေးတဲ့ ဗုဒ္ဓစာပေတွေပဲ။ မြန်မာစကားပြေသန့်သန့်မဟုတ်ဘူးကွယ့်"

"အဲဒါ ဘာဆိုလိုတာပါလဲဆရာ"

"သမီးတို့ နားလည်လွယ်အောင်ပြောရရင် ဗုဒ္ဓံ မြတ်စွာဘုရားကို သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏'ဆိုတဲ့ ရေးပုံမျိုးက ပါဠိတစ်ချက် မြန်မာတစ်ချက် ဘာသာပြန်ရေးတာ၊ ပါဠိကို အမှီပြုရတာမို့ နိဿယပြန်တယ်လို့ ခေါ်တယ်။ အဲဒီလိုမရေးဘဲ 'မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏'လို့ ရေးရင်တော့ ပါဠိမပါဘဲ မြန်မာစကားပြေနဲ့ပဲရေးတာ မဟုတ်လား။ အဲဒါကို မြန်မာစကားပြေသန့်သန့်လို့ ပြောတာပါ။"

"ဩော် . . . ဟုတ်ကဲ့ပါ"

"အဲဒီစကားပြေမျိုးကို အင်းဝခေတ်ကနေ ကုန်းဘောင်ခေတ်အထိ တွေ့ရတယ်လေ။ ဒီတော့ မြန်မာစကားပြေသန့်သန့် အားကောင်းသင့်သလောက် မကောင်းဘူးပေါ့။ သားတို့ သမီးတို့သိတဲ့အတိုင်း ကိုလိုနီခေတ် ၂၀ ရာစုအစောပိုင်းမှာ မြန်မာနိုင်ငံကို ပုံနှိပ်စက်တွေရောက်လာပြီး သတင်းစာတွေပေါ်လာတော့မှ စကားပြေ တဖြည်းဖြည်းထွန်းကားလာတာလေ။ ဒီတော့ ၁၃ ရာစုလောက်ကတည်းက ထွန်းကားသင့်တဲ့ စကားပြေဟာ ၂၀ ရာစုကျမှ ထွန်းကားလာရတာမို့ နှစ် ၇၀၀ လောက် ပုပ်သွားတယ်လို့ ဆရာကြီးထောက်ပြတာ အဲဒီအဓိပ္ပာယ်ပေါ့ကွယ်"

"ဟုတ်ကဲ့ နားလည်ပါပြီဆရာ"

"ဆရာကြီး ဦးဖေမောင်တင်ပြောတဲ့အထဲမှာ မှတ်သားစရာတစ်ခုပါသေးတယ်ကွဲ့"

"ဩော် . . . သမ္မာကျမ်းစာကို အကောင်းဆုံး အင်္ဂလိပ်စကားပြေနဲ့ ပြန်ထားပြီးပြီဆိုတဲ့ အချက်လားဆရာ"

"ဟုတ်တယ်။ ဆရာကြီးက သာဓကအနေနဲ့ ပြောတာပါ။ အင်္ဂလိပ်တွေဟာ ခရစ်ယာန်ဘာသာကို စကိုးကွယ်ကတည်းက သမ္မာကျမ်းစာကို လူအများနားလည်အောင် အင်္ဂလိပ်လို အကြိမ်ကြိမ်အဆင့်ဆင့် ဘာသာပြန်ခဲ့လို့ ခုဆိုရင် သမ္မာကျမ်းစာဟာ အင်္ဂလိပ်စကားပြေအရေးအသားမှာ အကောင်းဆုံးဖြစ်နေပြီတဲ့"

> **ဆရာတော်ကြီးက ဘယ်လိုမိန့်ကြားသလဲဆိုရင် 'တို့ ဗမာလူမျိုးတွေ ခက်နေတာက ကိုယ်နားမလည်တဲ့၊ ကိုယ်မပိုင်တဲ့ ပါဠိတွေကိုရွတ်ဆိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီးဟောပြောတဲ့ ပုဂ္ဂိုလ်မျိုးကိုမှ လူတော် လူကောင်း လူတတ် လူမြတ် လူသမတ်လို့ ပင့်မြှောက်ချီးကျူးကြတယ်'တဲ့။**

"ဆရာ ပိဋကတ်သုံးပုံကိုလည်း မြန်မာစကားပြေကောင်းကောင်းနဲ့ ဘာသာပြန်ပြီးပြီ မဟုတ်လားဆရာ"

"အင်း ပိဋကတ်တော်တွေကို မြန်မာစကားပြေနဲ့ ဘာသာပြန်ပြီးတဲ့ အခြေအနေက ၂၀ ရာစုမှာမှ ဖြစ်လာတာပါ။ ဆဋ္ဌသင်္ဂါယနာတင်ပြီးတော့ ပိဋကတ်ဘာသာပြန်အဖွဲ့ရဲ့ ကြိုးပမ်းမှုကြောင့် ပိဋကတ်ဘာသာပြန်တွေ ပေါ်လာလို့ မြန်မာလိုဖတ်နိုင်တဲ့အဆင့် ရောက်တာဝမ်းသာစရာပဲလေ။ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ပညာရှင်ကြီးတွေရဲ့ ကြိုးပမ်းမှုပေါ့။ အဲဒီမတိုင်ခင် လယ်တီဆရာတော်ဘုရားကြီး လက်ထက်တုန်းက အဲဒီအခြေအနေ မရောက်သေးဘူးကွယ့်"

"ပြောပြပါ ဆရာ"

"အေး . . . သားတို့ သမီးတို့ မှတ်ရအောင်ပြောပြမယ်။ ၁၂၇၀ ခုနှစ်တုန်းက လယ်တီဆရာတော်ဘုရား ပုသိမ်မြို့မှာ တရားဟောတယ်။ တရားထဲမှာ ပါဠိမပါဘဲ မြန်မာလိုပဲဟောတဲ့အတွက် မြို့သူမြို့သားတွေက ကဲ့ရဲ့ကြသတဲ့"

"ဟင် . . . ဟုတ်လားဆရာ"

"လယ်တီဆရာတော်ကြီးကိုယ်တိုင် အင်စပက်တော်မောင်ကျော်စံဆိုတဲ့ပုဂ္ဂိုလ်ကို မိန့်ကြားတဲ့စကားရှိတယ်။" လယ်တီဆရာတော်ဟောတဲ့တရားကလည်း ပါဠိတစ်တိုတစ်စ တစ်ပုဒ်တစ်ဂါထာတောင်မပါဘဲ မြန်မာစကားပြေသက်သက်နဲ့ ဟောတာမို့ ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက်ရှိလှချေရဲ့ဆိုပြီး ကဲ့ရဲ့ကြတဲ့အကြောင်း ဆရာတော်က မောင်ကျော်စံကို ပြောပြတယ်"

"ဩော် . . ."

"ပြီးတော့ ဆရာတော်က ဆက်ပြီး မိန့်ကြားတယ်။ အဲဒီစကားဟာ တော်တော်မှတ်သားစရာ ကောင်းတယ်ကွယ့်" သားတို့သမီးတို့ လေ့လာချင်ရင် သာသနာရေးဦးစီးဌာနကထုတ်တဲ့ လယ်တီဒီပနီပေါင်းချုပ် ပထမတွဲ နိဒါန်းမှာပါတယ်"

"ဟုတ်ကဲ့ပါ"

"ဆရာလည်း ဆရာတော်ကြီးရဲ့စကားကို အကြိမ်ကြိမ်ဖတ်ထားလို့ အလွတ်ရနေပြီ။ ဆရာတော်ကြီးက ဘယ်လိုမိန့်ကြားသလဲဆိုရင် 'တို့ ဗမာလူမျိုးတွေ ခက်နေတာက ကိုယ်နားမလည်တဲ့၊ ကိုယ်မပိုင်တဲ့ ပါဠိတွေကိုရွတ်ဆိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီးဟောပြောတဲ့ ပုဂ္ဂိုလ်မျိုးကိုမှ လူတော်လူကောင်း လူတတ် လူမြတ် လူသမတ်လို့ ပင့်မြှောက်ချီးကျူးကြတယ်'တဲ့"။

"ဟုတ်ကဲ့ပါ"

"ပြီးတော့ရှိသေးတယ်။ ပဋ္ဌာန်း ၂၄ ကျမ်းကို နှုတ်ငုံဆောင်ပြီး ဟောကြားလို့နာတဲ့သူကနာသော်လည်း အနက်အဓိပ္ပာယ်မြန်မာပြန်ကိန်းကြီး ချက်မပိုင်ရင် ဟောသူနာသူမှာ ကုသိုလ်တော့ဖြင့် ရပါရဲ့၊ ဓမ္မရသ တရားအရသာ၊ ဓမ္မသဘာဝ၊ တရားသဘောကိုတော့ ရယူခံစားနိုင်တဲ့ အခြေအနေမဆိုက်ဘူးကွယ့်တဲ့"

"မှတ်သားစရာပါပဲဆရာ"

"ဆရာတော်ကြီးက 'တို့မြန်မာလူမျိုးမှာ မြန်မာလိုတိကျမှန်ကန်စွာပြန်ဆိုပြီး မြန်မာ့နားမှာ ထင်းခနဲရှင်းခနဲ မြင်လုံးထွားအောင် မြန်မာဆန်ဆန်ဘာသာပြန် ကိန်းကြီးလိုနေတယ်ကွယ့်' လို့မောင်ကျော်စံကို မိန့်ကြားတယ်လေ"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးဦးဖေမောင်တင်ရော လယ်တီဆရာတော်ဘုရားကြီးရော ပါဠိစာပေနှံ့စပ်ကျွမ်းကျင်တဲ့ ပညာရှင်ကြီးတွေလေ။ ပိဋကတ်တော်တွေကိုလည်း ပိုင်ပိုင် နိုင်နိုင် တတ်ကျွမ်းထားကြတာ။ ဒီတော့ ဒီပုဂ္ဂိုလ်ကြီးနှစ်ဦးရဲ့ စကားကိုကြည့်ရင် ပိဋကတ်တော်တွေကို ပါဠိမဖက်တဲ့ မြန်မာစကားပြေသန့်သန့်နဲ့ ဘာသာပြန်ဖို့ ဘယ်လောက်လိုအပ်တယ်ဆိုတာသိနိုင်ပါတယ်ကွယ်"

"ဟုတ်ပါတယ်ဆရာ"

"အခုတော့ ဆရာတော်ကြီးမျှော်မှန်းတဲ့အခြေအနေကို ရောက်နေပါပြီ။ ပိဋကတ်တော်တွေကိုလည်းမြန်မာလို ဘာသာပြန်ပြီးပြီ။ အထူးသဖြင့် ရဟန်းစာရေးဆရာတွေကို ခက်ခဲနက်နဲတဲ့တရားသဘောတွေကို ပရိသတ်အလွယ်တကူသဘောပေါက်အောင် အရေးစကားပြေနဲ့ရော အပြောစကားပြေနဲ့ရော ရေးထားတဲ့စာအုပ်တွေ ပျံ့နှံ့နေပါပြီ။ ဒီတော့ ပိဋကတ်တော်တွေကို ခေတ်နဲ့အညီ စကားပြေကောင်းကောင်းနဲ့ အကြိမ်ကြိမ်ပြန်နိုင်လေလေ၊ အများနားလည်လေလေပေါ့ကွယ်"

"တစ်ခု မေးပါရစေဆရာ"

"မေးပါ မေးပါ"

"ကျွန်တော်တွေးမိတာက အခုဆရာပြောပြလို့ ၂၀ ရာစု မတိုင်ခင်တုန်းက စကားပြေမထွန်းကားသေးတဲ့အကြောင်းသိရပါပြီ။ အဲဒီလိုဆိုရင် အခုဆရာတို့ ဟောကြပြောကြ လမ်းညွှန်ကြသလို စကားပြေအရေးအသားနဲ့ ပတ်သက်တဲ့ လမ်းညွှန်မှုမျိုးတွေရော ရှိမှရှိရဲ့လားလို့တွေးမိတာပါဆရာ"

"သားအတွေးထဲမှာ အဖြေပါပြီးသားဖြစ်မယ် ထင်တယ်။ အရင်းခံဖြစ်တဲ့စကားပြေတောင်မှ မထွန်းကားရင် အဲဒီစကားပြေအရေးအသားနဲ့ ပတ်သက်တဲ့ လမ်းညွှန်မှုမျိုးဆိုတာ ပိုတောင်ဝေးသေးတာပေါ့ကွယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာကြီးဦးဖေမောင်တင်ရဲ့ စကားကိုပဲ ကိုးကားရဦးမယ်။ ဆရာကြီးဟာ ရန်ကုန်တက္ကသိုလ်မှာ အရှေ့တိုင်းပညာပါမောက္ခအဖြစ် ဆောင်ရွက်နေတုန်း ၁၉၃၅ ခုနှစ်မှာ 'အထက်တန်း စကားပြေကောက်နုတ်ချက်များ'ဆိုတဲ့ စာအုပ်တစ်အုပ်ပြုစုပြီး အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေတယ်။ စကားပြေထွန်းကားဖို့ဆောင်ရွက်ချက်တစ်ခုပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီစာအုပ်နိဒါန်းမှာ ဆရာကြီးက မြန်မာတွေ စကားပြေအလေ့အလာနည်းပုံကိုအားမလိုအားမရ ညည်းဖူးတယ်ကွယ့်"

"ဘယ်လိုပါလဲဆရာ"

"မြန်မာတွေဟာ. . . တဲ့၊ ကဗျာနဲ့ စကားပြေနှစ်မျိုးမှာ ကဗျာကို အထူးနှစ်သက်ပြီးလေ့လာလိုက်စားကြတယ်. . . တဲ့။ စကားပြေကျတော့ ဝတ္ထုအကြောင်းအရာကိုပဲ ဂရုစိုက်ပြီး စကားသုံးနှုန်းပုံတို့၊ ဝါကျစီစဉ်ပုံတို့၊ ဝတ္ထုကြောင်းဆင်ယင်ပုံတို့ကို လေ့လာမှတ်သားဖို့ ဂရုမပြုသယောင်ရှိတယ်. . . တဲ့။ ဆရာကြီးက အဲဒီလို သုံးသပ်ပြီးတော့ 'ဤသည်ကားစာပေအတွက် ချွတ်ယွင်းချက်ကြီးတစ်ခုဖြစ်တော့၏' လို့မှတ်ချက်ချထားတယ်ကွယ့်"

"မှတ်သားစရာပါပဲ ဆရာ"

"ဆရာကြီးက ပြတ်ပြတ်သားသားမှတ်ချက်ချထားတာ ရှိတယ်။ စကားပြေဟာ ကဗျာထက်အရေးကြီးတယ်လို့ မဆိုသာပေမယ့် ကဗျာနည်းတူ အရေးကြီးတယ်လို့တော့ ဆိုသာပါတယ်. . တဲ့။ စကားပြေမထွန်းကားတဲ့ စာပေဟာ အရေးကြီး အရာရောက်တဲ့ စာပေလို့ မဆိုထိုက်ပါဘူးတဲ့"

"ဒါဆိုရင် စကားပြေအလေ့အလာနဲ့ ပတ်သက်လို့ ပညာရှင်တွေ ဘယ်လိုဆောင်ရွက်ခဲ့ကြတယ်ဆိုတာ သမီးတို့မှတ်သားပါရစေဆရာ"

"အေး . . ဆက်ပြောတာပေါ့။" ခုတော့ ခဏနားကြဦးစို့"

"ကျေးဇူးတင်ပါတယ် ဆရာ"

---

## ဒဂုံစီးတီး(၁) ရပ်ဆိုင်းလိုက်သော်လည်း လူမှုအကူအညီများအား ဆက်လက်ပေးအပ်မည်

**ရန်ကုန် ဇူလိုင် ၁၁**

ဒဂုံစီးတီးစီမံကိန်းများ အပြီးတိုင်ရပ်ဆိုင်းလိုက်သော်လည်း နိုင်ငံတကာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ Marga Landmark မှ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပေးအပ်ထားသည့် ကတိကဝတ်များအတိုင်း လူမှုပရဟိတကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီသည့် စီမံကိန်းများကိုလည်း နိုင်ငံတော်နှင့် သက်ဆိုင်ရာ ဌာနများမှ ချမှတ်ထားသည့် စည်းကမ်းများအတိုင်း ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ယနေ့နံနက်က သတင်းထုတ်ပြန်သည်။

ဇူလိုင် ၇ ရက်က စတင်ကာ ဒဂုံစီးတီး(၁) စီမံကိန်းများကို အပြီးတိုင်ရပ်ဆိုင်းလိုက်သည့် နိုင်ငံတော်၏ ဆုံးဖြတ်ချက်များကို လေးစားအသိအမှတ်ပြုကြောင်း ယင်းလုပ်ငန်းစုက ပြောကြားပြီး သင့်လျော်ကောင်းမွန်ပြီး ဥပဒေနှင့်ကိုက်ညီသည့် စီမံကိန်းများအား ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လာရောက်လုပ်ကိုင်ရာတွင် ရေရှည်လက်တွဲရန် မျှော်လင့်ထားပြီး မြန်မာနိုင်ငံနှင့် FDI များအကြား သဘောတူညီခဲ့သည့် အသိအမှတ်ပြုစာချုပ်အတိုင်း လိုက်နာဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ထို့အပြင် စီမံကိန်းဆက်လက်လုပ်ဆောင်မည် မဟုတ်သော်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်အောင် နေထိုင်ဆောင်ရွက်ခြင်းအား အလေးထားကာ အခန်းငှားရမ်းထားသူများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

---

## ကယားပြည်နယ်အတွင်း ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးမည်

**လွိုင်ကော် ဇူလိုင် ၁၁**

ကယားပြည်နယ်အတွင်း ရွှေ့ပြောင်းတောင်ယာစနစ်မှ အတည်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်သော လှေကားထစ် လယ်ယာမြေစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန်၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်စေရန်နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ရာသီသီးနှံ နှစ်ရှည်သီးနှံပင်များတိုးချဲ့စိုက်ပျိုးပြီးဝင်ငွေတိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကယားပြည်နယ်



ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာရွာသစ် ကျေးရွာအုပ်စုတွင် ကုန်းမြင့်လယ်ယာမြေဧက ၁၀၀ အား ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် စက်မှုလယ်ယာဦးစီးဌာန အထက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးရုံး (နေပြည်တော်)မှ တာဝန်ယူ၍ မေလ ဒုတိယအပတ်မှစတင်ကာ စက်ယန္တရားကြီးများနှင့် ဖော်ထုတ်ပေးလျက်ရှိပြီး ယခုအခါ ဧက ၅၀၀ ခန့် ဖော်ထုတ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ထီးလင်းမြို့နယ်၌ဆောင်ရွက်



**ထီးလင်း ဇူလိုင် ၁၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လေ့ကျင့်ရာတွင် ထီးလင်းမြို့အနီး ဖြတ်သန်းစီးဆင်းသော မောချောင်းအတွင်း အသက်ကယ်ဘောကြီးများကို အသုံးပြု၍ ရေနစ်သူအား ကယ်ဆယ်ခြင်း၊ မီးဘေးကြုံလာသည့်အခါ ကယ်တင်ခြင်း၊ ကယ်ဆယ်လာခဲ့သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဇွန်လမှစ၍ အပတ်စဉ်ဆောင်ရွက်လျက်ရှိကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(၁၀၁)**



## ကော့သောင်းMobile Team အဖွဲ့ ပညာပေးကာလလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁၁**

ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်တင်သွင်းပြီး ပြည်မသို့တရားမဝင်တင်ပို့မည့် ကုန်ပစ္စည်းများ တားဆီးကာကွယ်မှု ပညာပေးကာလ လုပ်ငန်းများကို ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့အနီး ပင်လယ်ပြင်တစ်ဝိုက် ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးနှင့်မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်တွင်းသို့ ကုန်ပစ္စည်းများတင်သွင်းမည့် ပင်လယ်ပြင်အတွင်း ကုန်ပစ္စည်းတင်ဆောင်လျက်ရှိသည့် သင်္ဘောများကို ကွင်းဆင်းစစ်ဆေး ကြပ်မတ်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## သတင်းတိုများ

### စားသုံးသူ ကာကွယ်ရေးအတွက် နတ်မောက်မြို့နယ်၌ပညာပေး

နတ်မောက်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အခြေခံပညာကျောင်းများ၏ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက်က မြို့ပေါ်ရှိ ကံကြီးရပ်ကွက် မူလတန်းကျောင်းနှင့် ဈေးရပ်ကွက်ရှိမူလတန်းကျောင်းများ၌ကျင်းပသည်။

မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ အကြောင်းအရာများနှင့် စားသုံးရန် မသင့်သည့်မုန့်မျိုးစုံနှင့်ကုန်ပစ္စည်းများ၊ ဓာတုဆိုးဆေးကင်းလွတ်သည့်အစားအစာများစားသုံးရန်တို့ကိုဆွေးနွေးဟောပြောသည်။ ကျောင်းသားကျောင်းသူများနှင့် ကျောင်းရှိမုန့်ရောင်းဈေးသည်များကို စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်အတွင်း မိုးရေနည်းပါးသဖြင့် မြေပဲစိုက်ပျိုးရက်နောက်ကျ၍ တောင်သူများ စိုးရိမ်နေ

**ညောင်ဦး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မိုးဦးမိုးကွက်ကြားရွာသွန်းခဲ့သည် ။ အချို့နေရာများတွင် မိုးကွက်ကြားရွာခဲ့သည့်အတွက် မြေပဲများစိုက်ပျိုးကြရသော်လည်း အချို့နေရာများတွင်မိုးဦးမှာ မိုးမရွာဘဲ မြေကြီးမှာ ခြောက်သွေ့လျက် အသီးအပင်များ စတင်မစိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာတွေက စိုက်ကွင်းနာမည်ကတော့ ကန်သစ်ကွင်းလို့ခေါ်တယ်။ မိုးဦးထဲက မိုးတစ်ပေါက် နှစ်ပေါက်တော့ ကျချင်ကျမှာပေါ့။ အသီးအပင်စိုက်ပျိုးရအောင် မိုးကမနူးနပ်ဘူး။ မြေနူးနပ်အောင် မရွာတော့ ကျွန်တော်တို့လဲ မြေကြီးပဲ ကြည့်နေရတယ်။ ကိုယ်လုပ်ချင်တိုင်း လုပ်လို့မရဘူး"ဟုအထက်ညဥ့်ရွာသားတစ်ဦးက ပြောပါတယ်။

ထို့ပြင် အောက်ညဥ့်ချောင်းခွစိုက်ကွင်းမှ တောင်ယာလုပ်ကိုင်သူတစ်ဦးကလည်း "ဒီတိုင်းဆိုရင် ဒုတိယဝါဆိုလမှ ပျိုးကျဲရတော့မယ်နဲ့တူတယ်။ ဝါဆိုမှစိုက်ရရင်တော့ ဝါဆိုပဲပေါ့။ တစ်ခါတစ်လေကျတော့လဲ ဝါဆိုပဲက ရတတ်တယ်။ တစ်ခါတစ်လေကျတော့လဲ မိုးဦး ကဆုန်နဲ့ နယုန်မှာစိုက်တဲ့ ပဲက အောင်မြင်တတ်တယ်။ ဝါဆိုပဲက ပိုးမကျရင်တော့အဆင်ပြေတတ်ပါတယ်။ ကျွန်မတို့ တောင်သူတွေက ဒါပဲလုပ်စားတတ်တာပါ။ ကံကောင်းရင်တော့ တစ်နှစ်တစ်ခါ မိုးနဲ့တိုးလာရင် မြေပဲစိုက်တောင်သူတွေ ဈေးကောင်းရတယ်။ အခုလို မိုးမကောင်းချောင်းမမှန်တော့လည်း တောင်သူတွေမှာ နွားစာတစ်မျိုးလူစာ တစ်မျိုးနဲ့ စိတ်ညစ်ရပါတယ်။ အခုရက်ဆိုရင် ပိုဆိုးပါတယ်။ မိုးကလည်းခေါင်တယ်။ နွားစာကလည်း ရှားလာတယ်" ဟု ပြောပြသည်။

**ကျော်ဌေး(ညောင်ဦး)**

## ဒီးမော့ဆိုမြို့နယ်၌ ရိုးရာအလိုက် မိုးခေါ်ပွဲများကျင်းပ

**ဒီးမော့ဆို ဇူလိုင် ၁၁**

ကယားပြည်နယ်တွင် ရာသီအလိုက် ထင်ရှားသော ရိုးရာဓလေ့များစွာရှိသည့်အနက် ယခုကျင်းပသော မိုးခေါ်ပွဲသည် ကယားတိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာဓလေ့တစ်ခုလည်းဖြစ်သည်။ ထို့အပြင် မြို့နယ်အတွင်း ဒေသခံပြည်သူများ အထွတ်အထိပ်ထားရာ နေရာများဖြစ်သော သမိုင်းဝင် ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ကန်ခုနစ်ဆင့်နှင့် ထီးပွင့်ကန် စသောနေရာများတွင် ရိုးရာဓလေ့ဖြင့် မိုးခေါ်ပွဲများ ကျင်းပလေ့ရှိသည်။

ယခုအခါ ကယားပြည်နယ် နေရာအနှံ့အပြားတွင် ရာသီဥတု မှန်ကန်မှုမရှိသောကြောင့် ပြည်သူများ ရာသီဥတု မှန်ကန်စေရေး၊ စိတ်ချမ်းမြေ့စွာနေထိုင်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး၊ စပါးသီးနှံများ ပေါ်များစေရေး စသောရည်ရွယ်ချက်များဖြင့် ဇူလိုင် ၈ ရက်တွင် ဒီးမော့ဆိုမြို့နယ် ငွေတောင် ခြေရင်း၌ ရိုးရာဓလေ့ဖြင့် မိုးခေါ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ မိုးခေါ်ပွဲတွင် တောင်တော်ထိန်းသိမ်းရေးကော်မတီဝင် ဦးဆော်ရယ်က ဦးဆောင်၍ ဆုတောင်းမေတ္တာပို့သခြင်း ဆောင်ရွက်ပြီး ဒေါတငူး(အရှေ့)ကျေးရွာမှ ဦးဖိုးရယ်က ပူဇော်ပသရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသောဒေသခံပြည်သူများက မိုးခေါ်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမြင်များကိုရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။မိုးခေါ်ပွဲသို့ကျေးရွာပေါင်း ၃၂ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရိုးရာကော်မတီဝင် ၁၅၀ တက်ရောက်ပူဇော်ပသကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာန MOU လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

**တောင်ကြီး ဇူလိုင် ၁၁**

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာန MOU လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇူလိုင်လ ၈ ရက် နံနက် ၉ နာရီတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှာစကားပြောကြားသည်။




ထို့နောက် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမူမူမြင့်က MOU လက်မှတ်ရေးထိုးမည့် တောင်ကြီးတက္ကသိုလ်နှင့် BABSEA CLE အကြောင်းကို ပြောကြားပြီး ယခုအခါ တက္ကသိုလ်၌ သင်ကြားရေးဌာနပေါင်း ၁၄ ခုရှိကြောင်း၊ BABSEA CLE မှာ အရှေ့တောင်အာရှ Community Legal Education အတွက် တည် ထောင်တဲ့ Non Profit Organization ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တောင်ကြီးတက္ကသိုလ်၌ လေ့လာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများမှာ အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများဖြစ်ကြပြီး တောင်ကြီးတက္ကသိုလ်၌ လာရောက်ဆည်းပူးသော တူညီသည့်ရည်ရွယ်ချက်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြန်လည်အသုံးချနိုင်ရေး၊ ဗဟုသုတနှင့်ကျွမ်းကျင်မှုရရှိရေးတို့ပင်ဖြစ်ကြောင်း ပါမောက္ခချုပ်ကပြောသည်။

"တောင်ကြီးတက္ကသိုလ်မှာ ဥပဒေပညာဘာသာရပ်ကို အဓိကဘာသာရပ်အဖြစ် လေ့လာသင်ယူတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ ရည်ရွယ်ချက်ကတော့ တရားရေးနဲ့ဥပဒေရေးရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ အထောက်အကူပြုဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပညာဌာနအနေနဲ့လည်း ဥပဒေပညာ ဘာသာရပ် စာတွေ့လက်တွေ့ ပူးတွဲသင်ကြားမှုနဲ့ သင်ရိုးညွှန်းတမ်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက် BABSEA CLE နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ MOU လက်မှတ်ရေးထိုးခြင်းအတွက် ဥပဒေပညာဌာနရဲ့ လုပ်ငန်းစဉ်ကတော့ အနာဂတ်အတွက် အရည်အချင်းရှိတဲ့ ဘွဲ့ရမောင်မယ်တွေကို မွေးထုတ်ပေးတဲ့ တောင်ကြီးတက္ကသိုလ်ဟာ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ တက္ကသိုလ်တစ်ခုဖြစ်တဲ့အတွက် ဥပဒေပညာဌာနမှ ဆရာ၊ ဆရာမများက ဒေသဆိုင်ရာ လိုအပ်ချက်တွေကို တစ်တပ်တစ်အား ဖြည့်တင်းပေးကြပါ" ဟု ပါမောက္ခချုပ်က ပြောကြားသည်။

Bridges Across Borders Southeast Asia Clinical Legal Education (BABSEA CLE) Initiative Director Mr.Bruce A.Lasky က ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများ၊ ကျောင်းသား ကျောင်းသူကလည်း လေ့လာသင်ကြားပြီး နိုင်ငံတော်အတွက်၊ ပြည်နယ်အတွက် အကျိုးပြုမည့်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ကာ မိမိတို့အတွက် သင့်လျော်သော တာဝန်များကို ဆောင်ရွက်ရင်းဖြင့် ကြိုးစားသွားကြရန်မှာကြားသည်။

စာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တောင်ကြီး တက္ကသိုလ်ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဘာသာပေါင်းစုံ ပါမောက္ခများနှင့် ဥပဒေပြုကျောင်းသားကျောင်းသူများ၊ ဥပဒေပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၈၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# ဂျာမနီနဲ့ စပိန်လူငယ်တွေအမှတ်ပြည့်ယူမယ့် ယူ-၁၉ ပွဲစဉ်



၂၀၁၅ ယူအီးအက်ဖ်အေ ယူရို ယူ-၁၉ ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဂရိနိုင်ငံက ဇူလိုင် ၆ ရက်မှ ၁၉ ရက်အထိ လက်ခံကျင်းပနေပြီဖြစ်ပါတယ်။ ဂရိနိုင်ငံရဲ့ မြို့ကြီးသုံးမြို့ရှိ အားစားကွင်းတွေမှာ စတင်ယှဉ်ပြိုင်နေပြီဖြစ်တဲ့ ပြိုင်ပွဲဝင်ရှစ်သင်းဟာ အုပ်စုပွဲတွေကို အကြိတ်အနယ် ကစားနေကြပြီဖြစ်ပါတယ်။ လေးသင်းစီ အုပ်စု နှစ်စုခွဲကာ အုပ်စု(A)နဲ့ အုပ်စု(B)တို့မှာ ပါဝင်တဲ့အသင်းတွေအတွက် အုပ်စုပွဲစဉ်အဖြစ် ဇူလိုင် ၁၃ ရက်မှာ အုပ်စု(B)က ရုရှားနဲ့ ဂျာမနီ၊ စပိန်နဲ့ နယ်သာလန်တို့ပွဲတွေက မလွတ်တမ်း အားပေးကြည့်ရှုရမယ့်ပွဲတွေ ဖြစ်နေပြန်ပါတယ်။

**ရုရှားနှင့် ဂျာမနီ**

အုပ်စု(B)မှာတော့ အုပ်စုအဖွင့်ပွဲစဉ်မှာ ရုရှားက နယ်သာလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားသလို ဂျာမနီတို့ကလည်း စပိန်ကို သုံးဂိုးပြတ်နဲ့ ရှုံးထားပါတယ်။ ဂျာမနီတို့က လက်ရှိချန်ပီယံဖြစ်ပြီး ၂၀၀၈ ခုနှစ်ကလည်း ဖိုလ်စွဲခဲ့တဲ့အစဉ်အလာရှိတာမို့ အခုပွဲမှာ ရုရှားကိုအနိုင်ကစားပြီး နောက်တစ်ဆင့်တက်ဖို့ အားထုတ်ပါလိမ့်မယ်။ ဂျာမနီဟာ နောက်ဆုံးခြောက်ပွဲကစားခဲ့ရာမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးမှတ်တမ်း ရှိထားပါတယ်။ ဂျာမနီနည်းပြ မာကပ်စ်ဆော့ဂ်ဟာ တိုက်စစ်မှာ ကူတို၊ ဝါနာနဲ့ လီရွိုင်ဆေးတို့နဲ့ အထိုင်ချထားပြီး တိုက်စစ်ဖွင့်ကစားနေပါတယ်။ ကွင်းလယ်မှာ အမီရီ၊ ဘရစ်စတင်းဆင်တို့က တိုက်စစ်မှာလိုက်ပါပြီး ဂိုးလည်းသွင်းယူနိုင်တာမို့ ဂျာမနီဟာ ဒီပွဲကို အမှတ်ပြည့်ရရှိရေး ကြိုးစားပါလိမ့်မယ်။ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲဖြစ်တာမို့ ဂျာမနီလူငယ်တွေဟာ ခြေကုန်ထုတ်ကြပါလိမ့်မယ်။ ရုရှားတို့ကတော့ အုပ်စုအဖွင့်ပွဲစဉ်မှာ နယ်သာလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ ဒီပွဲမှာ ဂျာမနီကို ခုခံကာကွယ်ရင်း ဂိုးရရှိရေးကြိုးစားမှာပါ။ ရုရှားအသင်းဟာ ခြေစွမ်းပြနိုင်နေတဲ့အသင်းဖြစ်ပြီး နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲတည်းရှုံးထားတာမို့ အခုပွဲမှာ ဂျာမနီတို့ အခက်တွေ့နိုင်ပါတယ်။ ရုရှားအသင်းမှာ တိုက်စစ်မှူး ရာဖေးလ်ရှီဒက်ဗ်က ခြောက်ပွဲမှာ ၁၀ ဂိုးသွင်းယူထားသလို ဇီမာလက်ဒီနော့ဗ်က ငါးပွဲမှာ လေးဂိုးသွင်းယူထားနိုင်တဲ့ တိုက်စစ်မှူးတွေဖြစ်တာမို့ ဂျာမနီခံစစ်မှူးတွေ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းမွန်တဲ့ ဂျာမနီတို့ အသာစီးရသွားနိုင်တဲ့ ပွဲပါပဲ။

**စပိန်နှင့် နယ်သာလန်**

အုပ်စု(B)မှာ နှစ်သင်းစလုံးနိုင်ပွဲကိုယ်စီရရှိထားတဲ့ အသင်းတွေဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ နှစ်သင်းစလုံးခံစစ်ကြောင်း ကျစ်လျစ်ပြီး တိုက်စစ်မှာတော့ စပိန်တို့က အားသာမှုရှိနေပါတယ်။ နောက်ဆုံးလေးပွဲကစားခဲ့ရာမှာ လေးပွဲစလုံးအနိုင်ရထားတဲ့ စပိန်အသင်းဟာ တိုက်စစ်မှာ မာယိုရယ်က သုံးပွဲမှာ လေးဂိုးသွင်းထားပြီး ပီဒရာဇာက သုံးပွဲမှာ သုံးဂိုးသွင်းထားနိုင်တာမို့ စပိန်တိုက်စစ်မှူးတွေက ဂိုးသွင်းကောင်းသူတွေဖြစ်ပါတယ်။ ဒ့ါအပြင် မီရိန်ို၊ နာဟူလ်တို့ကလည်း တိုက်စစ်မှာ အားကိုးရသူတွေဖြစ်တာမို့ နယ်သာလန်တို့ တော်ရုံအားထည့်လို့မရနိုင်ပါဘူး။ စပိန်အသင်းဟာ ၂၀၀၂၊ ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၁ နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တာမို့ အခုနှစ်မှာ ချန်ပီယံထပ်မံဖြစ်ရေး သေသေချာချာ ပြင်ဆင်ကစားနေပါတယ်။ နယ်သာလန်တို့ကတော့ လက်ရှိအချိန်မှာ ရုရှားကို အုပ်စုပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူထားပြီး စပိန်ကို အနိုင်ကစားရေး ခြေကုန်ထုတ်ပါလိမ့်မယ်။ နယ်သာလန်မှာ ကွင်းလယ်တိုက်စစ်ကစားသမား နူရီက ခြောက်ပွဲမှာ ငါးဂိုးသွင်းယူထားနိုင်သလို တိုက်စစ်မှူးတွေဖြစ်တဲ့ ဗန်အမာဖို့ဒ်၊ အစ်ဆာကယ်လွန်၊ တာရစ်ကာဒါတို့ကလည်း ပြိုင်ဘက်နောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူတွေဖြစ်တာမို့ စပိန်တို့အတွက် ခက်ခဲမယ့်ပွဲပါပဲ။ ဒါပေမယ့် နည်းပြဒီလာဖန်တေးရဲ့ စပိန်အဖွဲ့သားတွေကပဲ နိုင်ပွဲကိုရအောင် ပုံဖော်သွားမယ်လို့ ယုံကြည်ပါတယ်။ ။

**မိုးမြင့်လင်းလက်**



# စပါးက ထွက်ခွာရဖွယ်ရှိနေတဲ့ တောင်ဆင်

စပါးအသင်းရဲ့ အဓိကတောင်ပံတိုက်စစ်မှူးဖြစ်တဲ့ အန်းဒရို့စ်တောင်ဆင်ဟာ အက်စ်တွန်ဗီလာနဲ့ ဆန်းဒါးလန်းတို့က အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတာကြောင့် အသင်းကနေ ထွက်ခွာသွားရဖွယ်ရှိနေပါတယ်။ စပါးအသင်းနဲ့ အနာဂတ်မှာ မသေချာတဲ့သဘောပါ။ လက်ရှိအက်စ်တွန်ဗီလာနည်းပြဖြစ်နေတဲ့ တင်ရှားဝုဒ်ဟာ စပါးအသင်းရဲ့ နည်းပြဟောင်းပါ။ တောင်ဆင်ကိုခေါ်ယူဖို့ အဓိကစိတ်ဝင်စားနေတာကလည်း တင်ရှားဝုဒ်ကြောင့်ပါ။ တင်ရှားဝုဒ်က သူ့ရဲ့ အသင်းကို လာမယ့်ရာသီမှာ တောင့်တင်းတဲ့အသင်းတစ်သင်းဖြစ်ဖို့ တောင်ဆင်ကိုခေါ်ပြီး အားဖြည့်ချင်တဲ့သဘောရှိပါတယ်။

အသက် ၂၃ နှစ် အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး တောင်ဆင်ဟာ ပြီးခဲ့တဲ့ရာသီက စပါးအသင်းမှာရော အင်္ဂလန်အသင်းမှာပါ ခြေစွမ်းပြကစားခဲ့တဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဆန်းဒါးလန်းနည်းပြ အက်ဗိုကတ်ကလည်း တောင်ဆင်ကို ခေါ်ယူဖို့ကြိုးစားနေတာပါ။ စပါးအသင်းအနေနဲ့ တောင်ဆင်ကို အနည်းဆုံးပေါင် ၁၅ သန်းပေးခေါ်မယ်ဆိုရင် ရောင်းမယ်လို့ ဆိုပါတယ်။ စပါးရဲ့ ကြိုက်ကြေးပေးခေါ်မယ်ဆိုရင်တော့ တောင်ဆင်ဟာ အက်စ်တွန်ဗီလာ သို့မဟုတ် ဆန်းဒါးလန်းကို ရောက်သွားနိုင်ပါတယ်။

# ဟာနန်ဒက်ကို ခေါ်ယူမယ့် ဆီဗီလာ



ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်မှာ အငှားချထားတဲ့ မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ကို ခေါ်ယူဖို့ စပိန်ထိပ်သီးကလပ်တစ်ခုဖြစ်တဲ့ ဆီဗီလာက ချဉ်းကပ်နေတယ်လို့ ဆိုပါတယ်။ ဆီဗီလာက ပေါင် ၈ သန်းပေးပြီး ကမ်းလှမ်းထားပြီလို့ဆိုပါတယ်။ သို့ပေမယ့်မန်ယူကတော့ ဒီကစ္စနဲ့ပတ်သက်လို့ အကြောင်းတစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။ ဟာနန်ဒက်ဟာ မန်ယူနဲ့ ချုပ်ဆိုထားတဲ့စာချုပ်က တစ်နှစ်ကျန်ပါသေးတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဟာနန်ဒက်ဟာ ပြီးခဲ့တဲ့နှစ်က ရီးရဲမက်ဒရစ်မှာ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ အနေအထားရှိတာကြောင့် ပြိုင်ဘက်ဆီဗီလာက အရခေါ်ယူဖို့ ကြိုးစားနေတာပါ။ မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ကို ဝက်စ်ဟမ်းနဲ့ မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးကလပ်တွေကလည်း ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။

မန်ယူကလည်း ဟာနန်ဒက်ကို အနည်းဆုံး ပေါင် ၈ သန်းနဲ့ ရောင်းထုတ်မယ့် အနေအထားရှိပါတယ်။ ခန့်မှန်းထားတဲ့ဈေးအတိုင်း ဆီဗီလာက ခေါ်ယူနိုင်မယ်ဆိုရင်တော့ ဟာနန်ဒက်ဟာ လာမယ့်ရာသီမှာ စပိန်လာလီဂါကို ရောက်ရှိသွားနိုင်ပါတယ်။ မန်ယူမှာ အဓိကတိုက်စစ်မှူးတွေများလာတဲ့အတွက် ဟာနန်ဒက်ကို မန်ယူက ရောင်းထုတ်ဖို့တော့ သေချာနေပါတယ်။

# နယူးကာဆယ်က ပစ်မှတ်ထားနေတဲ့ အန်ဒါလက်ချ် တိုက်စစ်မှူး



နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့နှစ်က တန်းဆင်းဇုန်က လွတ်မြောက်ဖို့ အကြိတ်အနယ်ကြိုးစားခဲ့ရတာပါ။ ဒီအတွက် တိုက်စစ်မှူးကောင်းတွေ အားဖြည့်ဖို့လိုအပ်နေတဲ့ နယူးကာဆယ်အသင်းဟာ အန်ဒါလက်ချ်တိုက်စစ်မှူး အလက်ဇန္ဒြား မီထရိုဗစ်ကို ပေါင် ၁၂ သန်းပေးပြီး ခေါ်ယူဖို့ကြိုးစားနေတယ်လို့ဆိုပါတယ်။ ဘယ်လ်ဂျီယံတိုက်စစ်မှူး မီထရိုဗစ်ကိုရိုးမားနဲ့ ပေါ်တိုတို့ကလည်း ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ရာသီက ၂၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ မီထရိုဗစ်ကို နယူးကာဆယ်က အရခေါ်ယူမယ့် အနေထားရှိပါတယ်။ နယူးကာဆယ်နည်းပြသစ်ဖြစ်လာတဲ့ မက္ကလာရင်အနေနဲ့ သူ့ရဲ့အသင်းကို လာမယ့်ရာသီမှာ အကောင်းဆုံးတည်ဆောက်နိုင်ဖို့ ကြိုးစားရာမှာ ခြေစွမ်းပြဂိုးတွေ သွင်းယူခဲ့တဲ့ မီထရိုဗစ်ကိုအရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ နည်းပြမက္ကလာရင်အနေနဲ့ အမေရိကန်ကို ရာသီကြိုပွဲများအဖြစ် သွားရောက်မကစားမီ ကစားသမားသစ်တွေ အမြန်ဆုံးခေါ်ယူသွားဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ နယူးကာဆယ်နဲ့ အန်ဒါလက်ချ်အသင်းတို့ဟာ မီထရိုဗစ်ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ မကြာမီ မီထရိုဗစ်ဟာ နယူးကာဆယ်ကို ရောက်လာနိုင်ပါတယ်။

**ကောင်းမြတ်သူ**
**စုစည်းသည်။**

# သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့နည်းနိုင်ရန် သထုံ၌ စုပေါင်းသရုပ်ပြလေ့ကျင့်

**သထုံ ဇူလိုင် ၁၁**

သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းနိုင်စေရန်နှင့် မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်တွင် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန်အတွက် သထုံခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM)အဖွဲ့တို့ ပူးပေါင်းကာ သထုံမြို့နယ် ကြက်တူရွေးသောင်ကျေးရွာအုပ်စု ရှမ်းစုကျေးရွာတွင် ဇူလိုင် ၉ ရက်က ဒေသခံများနှင့်အတူ သဘာဝဘေး သရုပ်ပြလေ့ကျင့်ကြသည်။

"ဒီကျေးရွာဟာ ဒုံသမိချောင်းဘေးမှာရှိပြီးတော့ ရေကြီးရေလျှံမှုအတွက် စိုးရိမ်ရပါတယ်။ ကျွန်တော်တို့အဖွဲ့က ဒီကျေးရွာမှာ သဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မတီကို စည်းရုံးဖွဲ့စည်း ပေးထားတာရှိပါတယ်။ ဒီကော်မတီဝင်တွေအနေနဲ့ အန္တရာယ်ဖြစ်ပွားလာရင် မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်နိုင်ဖို့ လာရောက်လေ့ကျင့်ပေးတာပါ"ဟု (IOM) အဖွဲ့မှ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ် စီမံကိန်းညှိနှိုင်းရေးမှူး ကိုတေဇာအောင်က ပြောသည်။



ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက "သဘာဝဘေးက အမြဲမပြတ်သတိရှိနေမှ ဖြစ်ပွားမှုအန္တရာယ်လျော့နည်းနိုင်မှာပါ။ ဒါကြောင့် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ ဌာနမှာတော့ ရုတ်တရက် အန္တရာယ်ဖြစ်လာရင်အသုံးပြုနိုင်ဖို့ အိမ်ထောင်စု ၅၀၀ အတွက် အဝတ်အထည်၊ စားနပ်ရိက္ခာ အစရှိတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို အဆင်သင့် စုဆောင်းထားရှိပါတယ်" ဟု ပြောသည်။

ထို့နောက် ရှမ်းစုကျေးရွာ သဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မတီမှ သတင်းရယူပြန့်ဖြူးရေးအဖွဲ့၊ ရွှေ့ပြောင်းပေးရေးနှင့် ခိုလှုံရေးစခန်းစီမံခန့်ခွဲရေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ရှေးဦးသူနာပြုစုရေးအဖွဲ့၊ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ရေးအဖွဲ့နှင့် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအဖွဲ့တို့မှ အဖွဲ့ဝင်များတို့က ကျေးရွာနေပြည်သူ ၁၀၀ ကျော်နှင့်အတူ ကဏ္ဍအလိုက် သရုပ်ပြလေ့ကျင့်ခဲ့ကြကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ ကမ်းပြိုမှုအား နေရာသစ်ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်

**ပခုက္ကူ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာကို ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခဲ့ရပြီး အဆိုပါကျေးရွာ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ထောက်ရှာပင်ကျေးရွာသည် ညောင်ဦးမြို့ အနောက်ဘက် ဧရာဝတီမြစ်၏(Secondary Channel)အနောက်ဘက် ကျွန်းကမ်းပါးပေါ်တွင်တည်ရှိပြီး အိမ်ခြေ ၁၃၀ အိမ်ထောင်စု ၁၈၀ စုရှိကာ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်မှ ယခုနေရာတွင် ရွာတည်ခဲ့ကြောင်း သိရသည်။ ၂၀၁၁ ခုနှစ်မှစ၍ ရေတိုက်စားကမ်းပြိုမှုဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃ ခုနှစ်ရေများချိန်အထိ စိုက်ပျိုးမြေဧက ၂၀၀ ခန့် ဆုံးရှုံးခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ရေပြန်ကျချိန်တွင် ထောက်ရှာပင်ကျေးရွာမှ အိမ်ခြေ ၅၂ လုံး ရေတိုက်စားကမ်းပြိုမှုခံခဲ့ရပြီး ကမ်းပြိုမှုသည် အထက်ဘက် ကူကျွန်းရွာ အောက်ဘက်မှစ၍ ထောက်ရှာပင်ရွာအောက်ဘက်အထိ အလျား ၁ မိုင်နှင့် ၇ ဖာလုံခန့်ရှိကြောင်း သိရသည်။

ထောက်ရှာပင်ကျေးရွာနှင့်ကူကျွန်းရွာရှေ့ရှိ ရေလယ်သောင် တဖြည်းဖြည်းကြီးထွားလာမှုနှင့်အတူ ဧရာဝတီမြစ်ကြောင်းသည် ကျေးရွာကမ်းပါးအခြေမှ ဖြစ်ပေါ်လျက်ရှိကာ



ကမ်းရင်းရေ အနက်ပေ ၃၀ ခန့်ရှိပြီး ရေစီးနှုန်း(3.0m/s) ခန့်ရှိကြောင်း သိရသည်။ ကျေးရွာ၏ မြစ်ကမ်းပါးများသည် ကျွန်းမြေများဖြစ်ခြင်း၊ ကမ်းရင်းကပ် ရေနက်စီးကြောင်းကြောင့် ရေတိုက်စားကမ်းပြိုမှု ပိုမိုခံခဲ့ရခြင်းဖြစ်သည်။

ထိုသို့ဖြစ်ပေါ်ခဲ့၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက ကြီးကြပ်ပြီး အဆိုပါကျေးရွာကမ်းပြိုမှုမှ ကာကွယ်ရေးအတွက် အလေးဝန်ဆွဲသစ်ကိုင်းများ ချထားခြင်းနှင့် Floating Structure များအား ကိုင်ဒလက်များဆွဲကာ ချထားဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အရေးပေါ် ပြောင်းရွှေ့ရန်လိုအပ်သည့် အိမ်ခြေ ၉၄ အိမ်ကို အမြန်ဆုံးစီစဉ်ပြောင်းရွှေ့လျက်ရှိသည်။

အဆိုပါကျေးရွာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၉ ရက် နံနက် ၈ နာရီက စက်လှေများဖြင့် ရောက်ရှိပြီး ကမ်းပြိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်လွင်က ကမ်းပြိုမှုနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ယခုနှစ်အတွင်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ရှာပင်ကျေးရွာပြောင်းရွှေ့မှုအခြေအနေ၊ ပြောင်းရွှေ့ရာတွင် ကူညီပံ့ပိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ရွှေ့ပြောင်းကျေးရွာအတွက် လိုအပ်သောထောက်ပံ့ငွေများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းအတွက် သွပ် ၇၇၈ ချပ်နှင့် သောက်သုံးရေရရှိရေး၊ မီးလင်းရေး၊ ယင်လုံအိမ်သာတည်ဆောက်ပေးရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများဆောင်ရွက်ပေးရေးတို့ကို တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**သံတွဲ ဇူလိုင် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာမောင်မောင်ကြည်သည် ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက သံတွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး သံတွဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ရွှေနှင့် အဖွဲ့ဝင်များ၊ သံတွဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဦး၊ သံတွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီရှစ်ခုမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်မောင်ကြည်က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ပြီး ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် လူခွဲ၍ဖြစ်စေ မိမိတို့ရပ်ကွက်/ကျေးရွာအတွင်းရှိ နေအိမ်များသို့ အိမ်ပေါက်စေ့ရောက်အောင် စစ်ဆေး၍ မဲဆန္ဒရှင်စာရင်းကို စစ်ဆေးပေးပြီး ယာယီမဲဆန္ဒရှင်စာရင်း ထွက်ပေါ်လာအောင် ဆောင်ရွက်ကြရန် ထပ်ဆင့်မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်မောင်ကြည်သည် တာဝန်ရှိသူများနှင့်အတူ ငပလီမြို့ရှိ ဂိုတ္တော၊ မြပြင်၊ လင်းသာ၊ ဇီးဖြူကုန်း၊ ငေါ့ရပ်ကွက်များသို့ သွားရောက်ပြီး အခြေခံမဲစာရင်းများ ကြေညာထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီဝင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် ဇူလိုင် ၁၁**

ဇူလိုင် ၁၀ ရက် နံနက်က ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသောဒေသတို့မှ မျက်စိဝေဒနာရှင် ၄၅ ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ လိုအပ်သော ဆေးဝါးနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကများ၊ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အဖွဲ့ဝင်များ တက်ရောက်၍ မျက်စိဝေဒနာရှင်များအား နေကာမျက်မှန်များတပ်ဆင်ပေးပြီး လိုအပ်သော ဆေးဝါးနှင့် ငွေများထောက်ပံ့ပေးအပ်ခဲ့သည်။

မျက်စိဝေဒနာရှင်များအား ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ဓမ္မပါလဖောင်ဒေးရှင်း (ကျန်းမာရေးထောက်ပံ့မှုအဖွဲ့)၏ ကူညီမှု၊ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ညွန့်ဝေ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ နီလာသိန်းနှင့် ဆေးရုံဝန်ထမ်းများက ယခုလ ပထမပတ်၌ မျက်စိဝေဒနာရှင် ၄၅ ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ပြီး ဇူလိုင်လအတွင်း မျက်စိဝေဒနာရှင် ၂၀၀ ကျော် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဆေးပညာ သတင်းဆန်းများ (၁၀၃)

ဒေါက်တာ ကံညွန့်

လိင်စိတ်အားနည်းပြီး အိမ်ထောင်ရေးအဆင်မပြေဖြစ်နေရတဲ့ အမျိုးသမီးတွေအတွက် လိင်စိတ်နိုးကြားစေမည့် Female Viagra အဖြစ် သုံးနိုင်မယ့် ဆေးတစ်မျိုးကို အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက အသုံးပြုနိုင်ဖို့ ခွင့်ပြုလိုက်ပါပြီ။ ယခင်က နှစ်ကြိမ်တိုင်တိုင် ဒီဆေးအသုံးပြုခွင့်ကို ပယ်ချခဲ့ဖူးပါတယ်။ အခုတစ်ကြိမ်မှာတော့ ထောက်ခံမဲ ၁၈ မဲ၊ ကန့်ကွက်မဲ ၆ မဲနှင့် အတည်ပြုခဲ့တာဖြစ်ပါတယ်။ ဒီလိုဆုံးဖြတ်မယ့် အစည်းအဝေးမှာ လိင်စိတ်အားနည်းမှုကြောင့် အိမ်ထောင်ရေးအဆင်မပြေဖြစ်နေရသူ အမျိုးသမီး ၁၀ ဦးကလည်း သူတို့ရဲ့ ပြဿနာတွေကို ဖွင့်ဟပြောခဲ့ကြတယ်လို့ ဆိုပါတယ်။ အမျိုးသားတွေအတွက် ဒီလိုလိင်စိတ်တက်ကြွစေတဲ့ Viagra ဆေးကို ၁၉၉၈ ခုနှစ်လောက်ကပဲ သုံးစွဲဖို့ခွင့်ပြုထားခဲ့ပြီး အမျိုးသမီးအတွက် အသုံးပြုခွင့်မပေးခဲ့တာကိုလည်း အချို့အမျိုးသမီးတွေက ထောက်ပြခဲ့ကြပါတယ်။ ဒီဆေးဟာ ဘေးထွက်ဆိုးကျိုးအဖြစ် သွေးပေါင်ကျခြင်း၊ သတိမေ့နိုင်ခြင်း၊ နှလုံးရောဂါရှိသူတွေမှာ အန္တရာယ်ရှိနိုင်ခြင်းတို့ကြောင့် ဆရာဝန်နှင့် တိုင်ပင်ပြီးမှ စားသုံးဖို့ကိုလည်း အကြံပြုထားပါတယ်။ ဒီဆေးအမည်ကတော့ FLIBAN SERIN လို့ခေါ်ပြီး ဒီဆေးကို နာမည်ကြီး Sprout ကုမ္ပဏီက ထုတ်လုပ်တာဖြစ်ပြီး ဩဂုတ်လတွင် ဈေးကွက်ထဲရောက်လာလိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### အထူးအကျိုးရှိမယ့်ကင်ဆာဆေးနှစ်မျိုး

အမေရိကန်နိုင်ငံ Chicago မှာပြုလုပ်ခဲ့တဲ့ Conference of American Society of Clinical Oncology ညီလာခံကြီးက ကိုယ်ခံအားမြင့်စေမယ့် ဆေးနှစ်မျိုးဟာ ကင်ဆာရောဂါကုသရာမှာ အထူးအကျိုးရှိစေမယ်လို့ကြေညာလိုက်ပါပြီ။ ဒီဆေးနှစ်မျိုးက Lpilimumab နှင့် Nivolumab ဆေးတို့ပဲဖြစ်ပါတယ်။ ဒီဆေးနှစ်မျိုးဟာ Bristol - Meyen Squibb ကုမ္ပဏီကထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီအကြောင်းကို New England Journal of Medicine မှာ ဖော်ပြထားတာပါ။ ဒီဆေးဟာ အဖြစ်များတဲ့ အရေပြားကင်ဆာတစ်မျိုးဖြစ်တဲ့ Melanoma နှင့် အဆုတ်ကင်ဆာတို့မှာ ထိရောက်စွာ ကုသနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ယခုစမ်းသပ်မှုအရ စမ်းသပ်ခံလူနာအားလုံးရဲ့ ၅၈ ရာခိုင်နှုန်းဟာ ရောဂါလုံးဝသက်သာပျောက်ကင်းခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီဆေးဟာ ဆိုးကျိုးအဖြစ် အစာအိမ်လမ်းကြောင်းမှာ ပြဿနာဖြစ်နိုင်တယ်လို့ဆိုပါတယ်။ စမ်းသပ်ခံလူနာရဲ့ ၃၈ ရာခိုင်နှုန်းမှာ ဒီဆိုးကျိုးရှိခဲ့တာလို့ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီဆေးဟာ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားကို တိုးမြှင့်အောင်လုပ်ပြီး ကင်ဆာ Cell တွေကို တိုက်ခိုက်နိုင်တာကြောင့် အရေပြားနှင့် အဆုတ်ကင်ဆာအပြင် တခြားကင်ဆာရောဂါတွေမှာလဲ ကုသနိုင်ဖို့ ဆက်လက်စမ်းသပ်ရဦးမယ်ဆိုတာ သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

### I.B.S ဝေဒနာရှင်များမျှော်လင့်စရာဆေး

Irritable Bowel Syndrome (I.B.S) လို့ အတိုကောက်ခေါ်တဲ့ ဝမ်းဗိုက်အတွင်း မအီမသာဖြစ်ရတဲ့ ရောဂါဟာ ကုသရခက်တဲ့ရောဂါတစ်ခုပါ။ ကျွန်တော်တို့နိုင်ငံမှာတော့ အဖြစ်မများပေမယ့် အနောက်နိုင်ငံ တချို့မှာတော့ အဖြစ်များတဲ့ရောဂါပါ။ အဖြစ်များတဲ့ တချို့နိုင်ငံတွေမှာဆိုရင် တစ်နိုင်ငံလုံးရဲ့ ၁၀-၁၂ ရာခိုင်နှုန်းလောက်ခံစားကြရတာလို့ ဆိုပါတယ်။ ဒီရောဂါအကြောင်း ဆေးပညာသတင်းဆန်းတစ်ခုမှာလည်း ဖော်ပြခဲ့ပြီးပါပြီ။ ဒီရောဂါဖြစ်လာလျှင် ဗိုက်အောင့်၊ ဗိုက်ပြည့်၊ ဝမ်းသွားချင်သလိုဖြစ်ပြီး သွားတဲ့အခါလည်း ကျေကျေနပ်နပ်မသွားနိုင်ဘဲဖြစ်ခြင်း၊ ဝမ်းသွားမှုပုံမမှန်ခြင်း၊ တချို့မှာ ဝမ်းချုပ်ခြင်း၊ တချို့မှာ ဝမ်းသွားခြင်းတို့ဖြစ်တတ်တဲ့ ရောဂါပါ။ ဒီလိုဖြစ်တာကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီး စိုးရိမ်ပူပန်တတ်တဲ့စိတ်ရောဂါ တချို့ကိုပါ ပူးတွဲခံစားတတ်ကြရပါတယ်။ ဒီလိုဝေဒနာရှင်တွေအတွက် ဆေးတစ်ခုပေါ် လာပြန်ပါပြီ။ ဒီဆေးကတော့ DULOXETINE လို့ခေါ်တဲ့ဆေးဖြစ်ပါတယ်။ ဒီဆေးကလောလောဆယ် စမ်းသပ်တဲ့အဆင့်မှာပဲ ရှိပါသေး တယ်။ ဒီဆေးစမ်းသပ်မှုကို အမေရိကန်နိုင်ငံ Virginia ပြည်နယ် Arlington မြို့မှာ ကျင်းပခဲ့တဲ့ (၃၂) ကြိမ်မြောက် Annual Conference on Anxiety Disorder Association of America ညီလာခံမှာ တင်သွင်းခဲ့တာပါ။ ဒီဆေးကို ဒီရောဂါခံစားနေရတဲ့ အသက် (၁၈) နှစ်ကနေ (၆၅)နှစ်အတွင်းရှိတဲ့ လူ ၁၅ ဦးကို စမ်းသပ်ကြည့်ခဲ့ပါတယ်။ ဒီအထဲမှာ အမျိုးသမီး ၁၂ ဦးနှင့် အမျိုးသားသုံးဦးတို့ပါပါတယ်။ သူတို့ကို ဒီဆေး ၁၂ ပတ်ကြာ အသုံးပြုပြီး ပြန်ကြည့်တဲ့အခါ အားလုံးနီးပါးဟာ IBS ရောဂါလက္ခဏာရော စိတ်ရောဂါပါ သက်သာတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီဆေးဟာ စမ်းသပ်ဆဲဖြစ်ပေမယ့် IBS ဝေဒနာရှင်တွေအတွက် မျှော်လင့်နိုင်မယ့် ဆေးတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။



### ကင်ဆာရောဂါကြောင့် သေဆုံးနှုန်းကျဆင်း

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ၂၀၅၀ ပြည့်နှစ်ကျရင် ဗြိတိန်နိုင်ငံမှာ အသက် (၈၀)အောက်လူတွေမှာ ကင်ဆာကြောင့်သေရမယ့်လူ လုံးဝမရှိနိုင်တော့ဘူးလို့ ခန့်မှန်းထားတဲ့သတင်းပါ။ ဒါကိုတော့ University College London နှင့် Kings College London က ဆေးပညာရှင်တွေက ကြေညာလိုက်တာပါ။ သူတို့အဆိုအရ ကင်ဆာကြောင့်သေရတဲ့နှုန်းဟာ ၁၉၉၀ ပြည့်နှစ်ကစလို့ နှစ်စဉ် ၁ ရာခိုင်နှုန်းကျဆင်း နေပါပြီ။ ဒါဟာ တဖြည်းဖြည်း ပိုမိုကျဆင်းလာမှာ သေချာတယ်လို့ဆိုပါတယ်။ တိုင်းပြည်မှာ ခွဲစိတ်မှု၊ ဆေးဝါးကုသမှု၊ ရောဂါရှာဖွေနိုင်မှု အစစအရာရာတိုးတက်လာပြီး သူတို့ရဲ့ဆေးပညာဗဟုသုတ တိုးပွားလာမှု၊ ကင်ဆာရောဂါကို အမြဲသတိရှိနေကြပြီး စောစီးစွာစမ်းသပ်မှု၊ ကုသမှုတွေအပြင် ဆေးလိပ်သောက်သုံးသူ လျော့ပါးလာမှုတွေကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ အခုဆိုရင် မိန်းကလေးတိုင်း သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး (HPV) ဆေးထိုးခြင်း၊ Hepatitis B Vaccine ထိုးခြင်း၊ အူမကြီး၊ မစင်အိမ်နှင့်အစာအိမ်လမ်းကြောင်း ကင်ဆာကာကွယ်ရေးအတွက် Aspirin ဆေးစားခြင်း၊ အူလမ်းကြောင်းမှန်ပြောင်းကြည့်ခြင်း၊ ကင်ဆာမဖြစ်ခင် Polyp ခေါ်တဲ့ အသားပိုတွေ့လျှင် ဖြတ်ပြီးအသားစကို ကင်ဆာဖြစ်နိုင်ခြေရှိမရှိ စမ်းသပ်ခြင်းတို့ကို လူအများလုပ်လာကြခြင်း၊ ဆီးလမ်းကြောင်းအတွက် သတိရှိရှိနေထိုင်ခြင်း၊ PSA ခေါ် Prostate Serum Antigen စမ်းသပ်ပြီး ဆီးကျိတ်ကင်ဆာ ရှိ မရှိစမ်းသပ်ခြင်းတို့ကို အသက် (၅၀) ကျော်အရွယ်ကစပြီး စမ်းသပ်ပေးနေခြင်းတို့ကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ တိုင်းပြည်ကချမ်းသာ၊ လူတွေကပညာတတ်ပြီး ဆေးပညာ ဗဟုသုတကြွယ်ဝလာခြင်းဟာ ကျန်းမာရေးမှာ အထောက်အကူအလွန်ပြုပြီး ကင်ဆာရောဂါကြောင့်သေရမယ့်နှုန်းကို သုညထိဆင်းအောင် ကြိုးစားနေတဲ့ ဗြိတိန်နိုင်ငံအကြောင်း တင်ပြလိုက်ရပါတယ်။

### ကူးစက်ရောဂါအတွက် အရေးပေါ်စီမံချက်

WHO လို့ခေါ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ကမ္ဘာ့နေရာဒေသ အသီးသီးမှာ ဖြစ်ပေါ်လာတဲ့ ကျန်းမာရေးပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနေရတဲ့ အဖွဲ့အစည်းပါ။ ဒီအဖွဲ့ကြီးရဲ့ အကြီးအကဲဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာဂရက်ချန်းက သူအနောက်အာဖရိကနိုင်ငံတွေမှာဖြစ်ခဲ့တဲ့ အီဘိုလာရောဂါလိုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ နောက်ကျခဲ့ရတယ်လို့ ဝန်ခံလိုက်ပါပြီ။ ဒီလိုဝန်ခံပြီး ဒီလိုပြဿနာဖြစ်လာရင် အရေးပေါ်ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ အရေးပေါ်စီမံချက်တစ်ခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ဖို့ ကြေညာလိုက်ပါပြီ။ သူ့ကြေညာချက်မှာ ဖော်ပြထားချက်အရ သူဟာ အီဘိုလာရောဂါတိုက်ဖျက်ရာမှာ ၂၀၁၄ ဩဂုတ်လလောက်မှာ အရေးပေါ်လုပ်ဆောင်ခဲ့တယ်။ ဒီအချိန်ဟာ ဂီနီနိုင်ငံမှာ အီဘိုလာရောဂါခံစားနေရတာ ခြောက်လကြာမြင့်နေပြီဖြစ်ပြီး လူပေါင်း ၃၃၂ ဦး သေဆုံးနေပြီဖြစ်တယ်လို့ ဆိုပါတယ်။ ဒီကတစ်ဆင့် ကူးစက်သွားတဲ့ဆီရာလီယွန်း၊ လိုက်ဘေးရီးယားစတဲ့ နိုင်ငံတွေကိုတော့ အချိန်မီကူညီနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီအာဖရိကနိုင်ငံငယ်တွေမှာဖြစ်ခဲ့တဲ့ အီဘိုလာရောဂါကြောင့် လူပေါင်းတစ်သောင်းသုံးထောင်ခန့် သေဆုံးခဲ့ရတယ်လို့ဆိုပါတယ်။ အခုလာမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ညီလာခံမှာ ဒီလိုကူးစက်ရောဂါမျိုးတွေဖြစ်လာရင် အမြန်ဆုံးအရေးယူဆောင်ရွက်နိုင်မယ့် အရေးပေါ်ဆေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းဖို့၊ ဒါ့အပြင် နီပေါလို သဘာဝဘေးဒဏ်ကို ပြင်းထန်စွာခံစားရတဲ့နိုင်ငံ၊ ဆီးရီးယား၊ ယီမင်၊ အီရန်တို့လို စစ်ဘေးစစ်ဒဏ်ကို ခံစားရတဲ့နိုင်ငံစတဲ့ နိုင်ငံတွေက ဒုက္ခသည်တွေရဲ့ ကျန်းမာရေးကို ခန့်မှန်းခြေ USD သန်းပေါင်း ၁၀၀ ရှိတဲ့ အရေးပေါ် ရန်ပုံငွေတစ်ရပ် တောင်းဆိုသွားဖို့ကိုလည်း ရည်ရွယ်ထားတယ်လို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

### စားနပ်ရိက္ခာနှင့် ကျန်းမာရေးအကူအညီများ

ကမ္ဘာတစ်လွှား လူသန်းပေါင်း ၈၀၀ လောက်ဟာ စားနပ်ရိက္ခာဝဝလင်လင်မစားသုံးရဘဲ အာဟာရချို့တဲ့မှုနှင့် ကြုံတွေ့နေရတယ်လို့ဆိုပါတယ်။ ဒါဟာ လူကိုးယောက်မှာ တစ်ယောက်နှုန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေရဲ့ ၁၃ ဒသမ ၅ ရာခိုင်နှုန်းလောက်ရှိနေတယ်လို့ ဆိုပါတယ်။ အသက်ငါးနှစ်အောက် ကလေး ၃ ဒသမ ၁ သန်းဟာလည်း အာဟာရချို့တဲ့မှုကြောင့် နှစ်စဉ် သေဆုံးနေရတယ်လို့ဆိုပါတယ်။ ဒါတွေအားလုံးဟာ ဆင်းရဲပြီး မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေနှင့် ဖွံ့ဖြိုးဆဲနိုင်ငံက ကျေးလက်တွေမှာ ဖြစ်နေရတယ်လို့ဆိုပါတယ်။ တချို့နိုင်ငံတွေမှာတော့ သဘာဝဘေးဒဏ်တွေကြောင့် စိုက်ပျိုးသီးနှံပျက်စီးခဲ့ရတာတွေကြောင့်လည်း ဖြစ်တယ်လို့ဆိုပါတယ်။ အမေရိကန်အစိုးရဟာ လူတွေကို ကယ်တင်နိုင်ဖို့ Save the Future ခေါ်တဲ့ အစီအစဉ်တစ်ရပ်ကိုချမှတ်ပြီး ဆင်းရဲတဲ့ နိုင်ငံတွေကို ကူညီထောက်ပံ့ပေးနေပါတယ်။ ဒီအစီအစဉ်အရ ၂၀၁၃ ခုနှစ်ကစပြီး အာဖရိကနိုင်ငံတွေဖြစ်တဲ့ ဇမ်ဘီယာနိုင်ငံ၊ ဆီနီဂေါနိုင်ငံ၊ ဂါနာနိုင်ငံနှင့်အာရှတိုက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ ဒီလိုကူညီခဲ့ရာမှာ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့်အသေးစားစီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်ရန် ချေးငွေထုတ်ပေးတာကအစ ပါဝင်ခဲ့ပါတယ်။ ဒီအစီအစဉ်ကြောင့် ကမ္ဘာ့ နိုင်ငံတချို့က ငတ်မွတ်ပြီး အာဟာရချို့တဲ့ကာ ကျန်းမာရေးထိခိုက်နေကြတဲ့ လူသားတွေကို ကယ်တင်နိုင်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေး

**ထားဝယ် ဇူလိုင် ၁၁**

ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်မြို့)ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးပွဲကို ဇွန်လနောက်ဆုံးပတ်က အမှတ် (၉၂၄) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ခွဲ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်မြို့) ကုန်းလမ်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးစိုင်းဝေဠုက မော်တော်ဆိုင်ကယ်မောင်းနှင်မှုနှင့်ပတ်သက်သည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ထားဝယ်တပ်နယ်မှ အရာရှိ၊ အရာခံအကြပ် စစ်သည်များနှင့် မိသားစု ၁၄၆ ဦးအား စိစစ်မှုများပြုလုပ်ပြီး မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးနိုင်ရေး ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**




လူစုလူဝေးအား စနစ်တကျ ထိန်းသိမ်းရာတွင် အသုံးပြုမည့် လက်နက်ခဲယမ်းများ ကိုင်တွယ်အသုံးပြုနည်း သင်တန်းအမှတ်စဉ် (၃/၂၀၁၅) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က သထုံခရိုင်ရဲတပ်ဖွဲ့သင်တန်း ကျောင်း၌ ကျောင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားစဉ်။

နန္ဒကျော်စွာ

# ကျိုင်းတုံမြို့ ရှေးဟောင်းမြို့ရိုးနှင့်ကျုံး ကာကွယ်ထိန်းသိမ်းရန်လို



၁၈၁၉ ခုနှစ်တွင် စော်ဘွားကြီး စဝ်မဟာခနန်က မြို့ရိုး၊ ကျုံး၊ မြို့တံခါးများ တည်ဆောက်ပြီး ကျိုင်းတုံမြို့ကို မြို့ပြတည်ထောင် အုပ်ချုပ်ခဲ့သည်။ မြို့ရိုးသည် အလျား ၁၁ လက်မ၊ အနံ ခြောက်လက်မခန့်ရှိသော အုတ် ချပ်ကြီးများနှင့် မြေသားရော၍ တည်ဆောက်ထားသည့် မြို့ရိုးဖြစ်သည်။ ကျုံးတစ်ထပ်၊ မြို့ရိုး တစ်ထပ် ကာရံလျက် တည်ဆောက်ထားသော နှစ်ပေါင်း ၂၀၀ ခန့်ရှိသည့် ရှေးဟောင်းမြို့ရိုးနှင့်ကျုံးသည် ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ လူတို့ ကျူးကျော် နေထိုင်မှုများကြောင့်လည်းကောင်း တစ်စတစ်စပျက်စီးလာရာ မြို့တံခါး ၁၂ ရပ်အနက် ပါလှံ့တံခါးတစ်ခုသာ ကျန်ရှိပြီး မြို့ရိုးနှင့် ကျုံးသည်လည်း ပြိုပျက်ခြင်း၊ ဖြိုဖျက်ခြင်းများကြောင့် ကုန်လုနီးပါးဖြစ်နေပြီဖြစ်သည်။

ကျန်ရှိသော မြို့ရိုးနှင့်ကျုံး၊ မြို့တံခါးများ ထိန်းသိမ်းရေးအတွက် ဥပဒေပါ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် စည်းကမ်းသတ်မှတ်ချက်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ဖိတ်ခေါ်၍လည်းကောင်း၊ ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်စဉ်တွင်လည်းကောင်း ပြည်သူများအား ရှင်းလင်းပြောကြားလျက်ရှိသည်။

ထို့အပြင် သက်ဆိုင်ရာ ဌာနများကလည်း ကျုံးမြေပတ်ဝန်းကျင်အတွင်း အိမ်ဆောက်ခြင်းမပြုလုပ်ကြရန် တားမြစ်ဆောင်ရွက်လျက်ရှိသည်။ သို့သော် ရှေးဟောင်း မြို့ရိုးနှင့် ကျုံးမြေများတွင်ကျူးကျော်နေထိုင်သူများသည် လက်ရှိဆောက်လုပ်နေထိုင်မှုများ တိုးချဲ့ပြင်ဆင်ခြင်းများ အများအပြား ပြုလုပ်လာလျက်ရှိသည်။ မြန်မာနိုင်ငံ၏ မြို့အနည်းငယ်တွင်သာရှိသော ရှေးဟောင်းမြို့ရိုးနှင့်ကျုံးများကို ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားရမည့်အစား ဝိုင်းဝန်းဖျက်ဆီးရေးသို့သာ အားသန်လျက်ရှိသောသူ များပြားလျက်ရှိသည်။ ကျိုင်းတုံမြို့၏ ရှေးဟောင်း မြို့ရိုး၊ ကျုံးအပါအဝင် ရှေးဟောင်းအဆောက်အအုံမှန်သမျှကို မြို့သူ၊ မြို့သားများကပါ ပူးပေါင်းပါဝင်ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**သတင်းဆောင်းပါး-မောင်ဆွေငြိမ်း**

# မြစ်ကမ်းပါးပြိုသည့် နေရာသို့ လိုအပ်သည်များထောက်ပံ့

**ပခုက္ကူ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့သည် ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့နယ် ရှားပင်အုပ်စု ထောက်ရှာပင် ကျေးရွာသို့ ရောက်ရှိကာ မြစ်ကမ်းပါးပြိုသဖြင့် ပြောင်းရွှေ့ခဲ့သော ဘုန်းတော် ကြီးကျောင်း၊ အမက(၂၇)နှင့် လူနေအိမ်များအား ဘဲကြီးအုပ်စု အရှေ့နံ့ဂါတ် ကွင်းအတွင်းသို့ ဖျက်သိမ်းပြောင်းရွှေ့နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဘုန်းတော်ကြီးကျောင်းနှင့်စာသင်ကျောင်းအတွက် သွပ်အချပ် ၁၈၀၀ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းအနီး ယာယီမဏ္ဍပ်တွင် ရွာသူရွာသားများနှင့်တွေ့ဆုံပြီး ယခုပြောင်းရွှေ့နေထိုင်သည့် ကွင်းအမှတ်(၃၈၄) ရှိမြေဧက ၂၂ ဒသမ ၀၆ အတွက် တန်ဖိုးငွေကျပ်သိန်း ၆၆၀ အနက် ငွေကျပ်သိန်း ၃၃၀ ပေးအပ်မည်ဖြစ်ကြောင်း၊ လက်ရှိဆောက်လုပ်နေထိုင်သည့် နေအိမ် ၉၂ လုံး အတွက် တစ်လုံးလျှင် သွပ် ၆၂ ချပ်စီ ပေးအပ်နိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနညွှန်မှူး ဦးကျော်ဆွေက ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံ ချက်ဖြင့် အရင်းမပျောက် မတည်ရင်းနှီးငွေကျပ်သိန်း ၃၀၀ ကို ချေးငှားပေး သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**ကျော်ဇေယျ**

# ပြဒါးချောင်းအလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးအုပ်စု ပြဒါးချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်အေး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပြဒါးချောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ပျဉ်းမနားအရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ကျောင်းသားကျောင်းသူများ မိမိတို့ဒေသမှာပင် အထက်တန်းပညာကို သင်ယူနိုင်ပြီဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-မျိုးဇေယျာ**







**"Congratulations"**

to Ko Thiha Soe of

Construction & the Built Environment

(Civil Engineering , Myanmar Noble College)

on receiving

the BTEC High Achiever Award 2015 Myanmar,

due to his overall performance

in his studies and extra curricular activities.

(9 Distinctions & 4 Merits)

Principal

Teachers & Students of all batches

Myanmar Noble College

# SONY




New Model
Selling Price
**145,000Ks**

## XPERIA E4
Dual

- Display: 5.0" qHD IPS screen (960x540)
- Camera and Video: 5MP AF with Flash, 2MP Front camera
- Network(s): GSM GPRS/EDGE (2G), UMTS HSPA+ (3G)
- Performance: MTK 6582, 1.3GHz Quad Core, 1GB RAM 8GB flash memory, Up to 32 GB microSD™
- Battery: 2,400mAh battery, STAMINA Mode 5.0

Dual Sim — Available Color

FREE GIFT ▶ Silicon Back Cover + Screen Guard




New Model
Selling Price
**299,000Ks**

## XPERIA M4
Aqua

- Display: 5" 720P HD IPS display
- Camera and video: 13MP Exmor RS, 5MP Front camera with super wide angle,FoV:88°
- Network(s): GSM GPRS/EDGE (2G), UMTS HSPA+ (3G)
- Performance: MSM 8939 Octa-core (4x 1.5GHz + 4x 1.0GHz), 2GB RAM 8GB eMMC, µSD card slot
- Battery: 2,400mAh battery, STAMINA Mode 5.0
- DURABILITY & DESIGN: IP65/IP68 waterproof and dust tight

Dual Sim — Available Color

FREE GIFT ▶ Silicon Back Cover + Screen Guard




New Model
Selling Price
**369,000Ks**

## XPERIA C4
Dual

- Display: 5.5" Full-HD IPS display
- Camera and video: 13MP Exmor RS, 5MP Exmor R, 25mm wide angle, Flash on Front & Rear camera
- Network(s): LTE cat.4 / VoLTE (TBD), GSM GPRS/EDGE (2G), UMTS HSPA+ (3G), LTE (4G)*
- Performance: MT6752 Octa core 1.7GHz, 2GB RAM, 16GB eMMC, µSD card slot
- Battery: >2600mAh, STAMINA mode 5.0

Dual Sim — Available Color

FREE GIFT ▶ Silicon Back Cover + Screen Guard

"အမြို့ မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"

Official Warranty by: TMW Enterprise Limited

**SONY SHOWROOM YANGON:** ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
**SONY SHOWROOM MANDALAY:** ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
**SONY SHOWROOM NAY PYI TAW:** ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 **WHOLE SALES / DISTRIBUTION :** Tel: 01- 554708


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၉၂၂၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၆၀၇၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)


GLS

# ကမ္ဘာ့ အသည်းရောင်အသားဝါနေ့

**အသည်းရောင် အသားဝါကာကွယ်ဖို့ရာ သင့်တာဝန်ပါ။**

**PREVENT HEPATITIS: IT'S UP TO YOU**

**ကမ္ဘာ့အသည်းရောင် အသားဝါနေ့အခမ်းအနားအား ရန်ကုန်မြို့တွင် အောက်ပါ အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။**

နေ့ရက် ၂၆–၇–၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် နံနက် ၉း၀၀ နာရီမှနေ့လည် ၁၂း၀၀ နာရီထိ
နေရာ **UMFCCI**
(မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း)
မင်းရဲကျော်စွာလမ်း

ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အခမ်းအနားတွင်

- အသည်းရောဂါအထူးကု ပါမောက္ခဆရာဝန်ကြီးများမှ အသည်းရောဂါ၊ အသည်းရောင် အသားဝါ B ပိုးနှင့် C ပိုး၊ အသည်းကင်ဆာရောဂါများအကြောင်းကို ပညာပေးဟောပြော ဆွေးနွေးပေးခြင်း။
- အမှတ်တရလက်ဆောင်ပစ္စည်းများဖြန့်ဝေခြင်းနှင့် အကျွေးအမွေးဖြင့် ဧည့်ခံခြင်း။
- အသည်းရောင်အသားဝါဘီပိုးရှိ/မရှိ အခမဲ့စစ်ဆေးပေးခြင်း နှင့်
- အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးများကို သက်သာသော နှုန်းထားဖြင့် ထိုးပေးခြင်း (First Come First) တို့ကို ပြုလုပ်ပေးမည်ဖြစ်ပါသည်။

စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

MEGA We care — သင့် အသည်းကို ကူညီလိုက်ပါ... — လစ်ဗိုလင် "ဖို့" အသည်းအားဆေး



MCC.i

# MCC Training Institute

**ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်**



**ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ**

**B.Sc (Hons) Business IT, University of Greenwich, UK**

- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

**Opening Date 13 July**

www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များရှိသဖြင့် အမြန်ဆက်သွယ်ပါ။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## ရခိုင်ပြည်နယ်၊ စစ်တွေမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင်ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး (R.C ၂ထပ်) ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရ မြန်မာနိုင်ငံသား ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

- **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၅ ရက်
- **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၅ ရက် ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(စစ်တွေမြို့) ဖုန်း-၀၉-၈၅၁၆၅၀၅၊ ၀၄၃-၂၃၄၅၈ တွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၅ ရက် (တနင်္လာနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၂၄-၇-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

တင်ဒါနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန်နှင့် Turn Key လုပ်ငန်းများအား
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောင်ရွက်မည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အသုံးစရိတ်များနှင့် Japan ODA Loan တို့ဖြင့် ဆောင်ရွက်မည့် ၆၆၊ ၃၃၊ ၁၁၊ ၀.၄ ကေဗွီဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကွန်ကရစ်တိုင်နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူရန်နှင့် ၃၃၊ ၁၁၊ ၀.၄ ကေဗွီဓာတ်အားလိုင်း၊ ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများအား (Turn Key)စနစ်ဖြင့်လုပ်ငန်းအပ်နှံခြင်းတို့အား မြန်မာကျပ်ငွေ(Kyat)ဖြင့် လုပ်ငန်းအပ်နှံဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၃၀၇၈၉၁၉၊၀၉-၂၅၃၅၃၅၂၅၁**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)၊ လွိုင်လင်မြို့တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများပြုလုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(အရှည် ၂၆၀'၊ အကျယ် ၃၀'၊ ထု ၆")
(ခ) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(အရှည် ၁၈၀'၊ အကျယ် ၁၂'၊ ထု ၆")
(ဂ) 11/0.4 KV, 100 KVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအရှည် ၁၄၂၀၀ပေ
(ဃ) 400/230 V ဓာတ်အားလိုင်း ၈၄၀ပေ တည်ဆောက်ခြင်းလုပ်ငန်း
(င) 11 KV ဓာတ်အားလိုင်း ၁၅၀၀ ပေ တည်ဆောက်ခြင်းလုပ်ငန်း

၂။ **တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)**
**လွိုင်လင်မြို့**
**ဖုန်း-၀၉-၈၃၆၂၆၁၈၊ ၀၉-၂၅၈၇၀၇၉၇၉**

## ဖမ်းဆီးရမိသော သစ်/တိုင်/ခွဲသားများရောင်းချရန်
## လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ သစ်/တိုင်/ခွဲသားများကို တိုင်းကျော်သယ်ယူခွင့်မပြုဘဲ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကသာမြို့၌ ၁၉-၇-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သစ်မျိုး | အရေအတွက် | တန် |
|---|---|---|---|
| ၁ | ကျွန်းတိုင် | ၇-လုံး | - |
| ၂ | ပိတောက်/တမလန်းသစ် | | ၁၄.၇၀၂၈ |
| ၃ | ပိတောက်/တမလန်းဒါးရှေ | | ၁၅၄.၂၂၅၃ |
| ၄ | ပိတောက်/တမလန်းတိုင် | ၈၂၁-လုံး | - |

၂။ လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ကသာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၃-၇-၂၀၁၅ ရက်မှ ၁၇-၇-၂၀၁၅ ရက်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကသာခရိုင်သစ်တောဦးစီးဌာန၊ ဖုန်း-၀၇၅-၂၅၀၈၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာန၊ ရွာမ ၂၄၀ ဓာတ်အားပေးစက်ရုံ Station Auxiliary Power အတွက် 33/6.9kV, 10 MVA X'mer တစ်စုံ တည်ဆောက်ရာတွင် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

## သတ္တုတွင်းဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Digital Camera ၃ လုံး
(ခ) Pocket Scriber with Magnet ၁၀၀ ခု
(ဂ) C-Thru Scale ၅၀ ခု
(ဃ) သေလဗေဒလုပ်ငန်းသုံးပစ္စည်း ၂ မျိုး
(င) ကွင်းဆင်းဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်း ၇ မျိုး
(စ) စိမ်းလန်းစိုပြေရေးလုပ်ငန်းသုံးပစ္စည်း ၂၁ မျိုး
(ဆ) ဆေးဝါးပစ္စည်း ၂၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၁၀-၇-၂၀၁၅ရက်မှ ၇-၈-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

## The Republic of the union of Myanmar
## Ministry of Energy
## Myanma Petroleum Products Enterprise

